# နန္ဒကျော်သူ

လင်းနိုး

ကျင်းဟုန်၏ ယာနဗယာ၇

ပထမပိုင်း



၁၇၆လာ (၄)

## ထူးဆန်းသောပျောက်ဆုံးမှု

ယခုတလော သိုင်းလောကသည် ထူးခြားစွာ ငြိမ်သက်နေ၏။

သွေးချောင်းစီးတိုက်ပွဲများ မဖြစ်ပေါ်သလို ဂိုဏ်းသစ်ထူထောင်ခြင်းများလည်းမရှိပေ။

ထို့ကြောင့် သိုင်းလောကသားများမှာ စိတ်အေးချမ်းနေ၏။

သို့သော် အချို့နေရာများတွင် သိုင်းလောကသားအချို့ ဝိပ် တဆိတ် အသတ်ခံရမှုများ ရှိနေ၏။

ထိုသို့အသတ်ခံရချိန်မှာ ညဘက်ဖြစ်၏။

ထို့ပြင် ချမ်းသာကြွယ်ဝသော ပုဂ္ဂိုလ်အချို့၏ချောမောလှပသော သမီးများလည်း ပျောက်ဆုံးသောအမှုများ ဖြစ်ပွားနေ၏။

ယင်းသို့ပျောက်ဆုံးခြင်းမှာလည်း အိပ်ပျော်နေသောညဘက်အချိန်တွင်သာ ဖြစ်၏။

ထိုကဲ့သို့အမှုများ ကျိုးတိုးကျဲတဲဖြစ်ပေါ်နေသည်မှလွဲလျှင် သိုင်းလောကတစ်ခုလုံး အေးချမ်းသာယာနေသည်ဟု ဆိုရပေမည်။

နွေဦးရာသီ....။

ညနေဆည်းဆာအချိန်....။

နေလုံးကြီးဝင်တော့မည်ဖြစ်၏။

ကောင်းကင်ပေါ်တွင် ပုဇွန်ဆီရောင်တောက်ပကာ တိမ်တောင်များဖြစ်ထွန်းနေ၏။

ဤနေရာသည် တောင်ဖြတ်တံတားတစ်ခုဖြစ်၏။ ဤတံတားအား အချို့က မရဏတံတားဟုခေါ်ကြ၏။

ယင်းတံတားသည် ပေါင်ကျီးမြို့နှင့်တာတန်းခံတပ်ကို ဆက်သွယ်ထား၏။ ထိုမှတစ်ဆင့် ဟုန်ရှန်မြို့သို့ရောက်နိုင်၏။

တစ်ဖန် ရေကာတာလမ်းအတိုင်း ဆက်လက်ဖြတ်သန်းသွားပါက နန်းတိနယ်သို့ပင် ပေါက်ရောက်၏။



ခရီးစဉ် စုစုပေါင်း မိုင်(၅၀၀)ခန့် ရှိ၏။ မိုင်(၅၀၀)ခရီးမှာ မြေပြန့်တွင်ဆိုလျှင် မသိသာလှပေ။

သို့သော် လမ်းခရီးတစ်လျှောက်တွင် ချောက်ကမ်းပါးများကို ဖြတ်ကျော်ကာ တောင်ပေါ်သို့တက်ရ၏။ တောင်ကိုဖောက်ထွက်ရ၏။

အချို့နေရာတွင် တောင်တစ်လုံးနှင့်တစ်လုံးကို ဆက်ထားသောကြိုးတံတားပေါ်မှ သွားရ၏။

ထို့ကြောင့် ဤခရီးလမ်းမှာ အလွန်ခက်ခဲကြမ်းတမ်းကာ အန္တရာယ်များလှ၏။

ဤသို့ဆိုလျှင် ထိုခရီးလမ်းတစ်လျှောက် ခရီးသွားသူအလွန်နည်းပါးလိမ့်မည်ဟု ထင်စရာဖြစ်၏။ မဟုတ်ချေ။

ဤလမ်းခရီးတွင် နေ့စဉ်လူပေါင်းများစွာ ဖြတ်ကျော်သွားလာခဲ့ကြ၏။

လွန်ခဲ့သောနှစ်ပေါင်းများစွာကတည်းက ဤလမ်းကိုပင် အသုံးပြုခဲ့ကြသည်မဟုတ်ပါလား။

ယခု ထိုခက်ခဲကြမ်းတမ်းသောလမ်းပေါ်တွင် မြင်းကိုယ်စီနှင့်လူနှစ်ယောက်ထွက်လာ၏။

အသက်(၃၀)ခန့် လူရွယ်တစ်ယောက်နှင့်အသက်(၂၀)ကျော်ခန့် မိန်းကလေးတစ်ယောက်တို့ဖြစ်၏။

လူရွယ်မှာ ယောကျ်ားပီသချောမောခန့်ညားသောရုပ်သွင်ရှိ၏။

မိန်းကလေးမှာလည်း ကျက်သရေရှိကာ ချစ်စဖွယ်ကောင်းလှ၏။

သူတို့စီးလာသောမြင်းများမှာ အလွန်လှပပြီး သန်စွမ်းသောမြင်းကောင်းများဖြစ်၏။

၎င်းတို့သည် အဖိုးတန်ပိုးဖဲအကျႌများဝတ်ဆင်ကာ ခါးတွင်ဓားကိုယ်စီချိတ်ဆွဲထား၏။

သူတို့သည် မောင်နှမအရင်းများဖြစ်၏။

သိုင်းလောကတွင် လျှမ်းလျှမ်းတောက်ကျော်ကြားနေသော ပျံလွှားမောင်နှမဖြစ်၏။



အစ်ကိုဖြစ်သူ၏အမည်မှာ'ရန်ကျားဟုန်'ဖြစ်၏။ ညီမဖြစ်သူမှာ'ရန်ချင်းဟွား'ဖြစ်၏။

ပျံလွှားမောင်နှမ၏ဓားပညာမှာ အလွန်ထက်မြက်ပြီး သိုင်းလောကထဲခြေချကတည်းက နာမည်ကျော်ကြားလာခဲ့၏။

ပျံလွှားမောင်နှမသည် မကောင်းသူကိုပယ် ကောင်းသူကိုကယ်သောအဖြူရောင်သိုင်းမောင်နှမပင် ဖြစ်၏။

ညနေဆည်းဆာချိန်တွင် ပျံလွှားမောင်နှမသည် ကြိုးတံတားရှိရာသို့ ရောက်ရှိလာ၏။

ပျံလွှားမောင်နှမက မြင်းအား ရပ်တန့်လိုက်ကြ၏။ ရန်ကျားဟုန်က ကောင်းကင်ပေါ်သို့မော့ကြည့်လိုက်၏။

"မိုးချုပ်တော့မယ်"

သူ့အသံတွင် အနည်းငယ်စိုးရိမ်သောအရိပ်အယောင်ပေါ်လွင်နေ၏။

ရန်ချင်းဟွားက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်... အစ်ကိုကြီး"

တစ်နေ့တာ ကုန်ဆုံးလျှင် တစ်ညတာရောက်လာမည်ဖြစ်၏။ နေ့စဉ်နေ့တိုင်း နေ့နှင့်ညရှိသည်မဟုတ်ပါလား။

သို့သော် ပျံလွှားမောင်နှမသည် မိုးချုပ်လာမည်ကို အနည်း

ငယ် စိုးရိမ်နေ၏။

အကြောင်းမှာ သူတို့သည် ခရီးလမ်းတွင် သုံးညတိုင်တိုင် ဘုမသိဘမသိဖြင့် သုံးကြိမ်တိတိ တိုက်ခိုက်ခံခဲ့ရသောကြောင့် ဖြစ်၏။

သူတို့အား တိုက်ခိုက်ခဲ့သူများမှာ မျက်နှာဖုံးများစွပ်ထားကြ၏။ မည်သူမည်ဝါဟု ထုတ်ဖော်ပြောခြင်းမရှိပါ။

အဘယ်ကြောင့် ယခုကဲ့သို့တိုက်ခိုက်ခြင်းဖြစ်သည်ကိုလည်း ရှင်းမပြကြပါ။

ထိုလူများသည် ရောက်လာသည်နှင့် သူတို့မောင်နှမအား ဝိုင်းရံတိုက်ခိုက်ကြ၏။

သူတို့အား တိုက်ခိုက်၍အခြေအနေမဟန်လျှင် အချက်ပေးကာ ဆုတ်ခွာထွက်ပြေးကြ၏။

သုံးညတိုင်တိုင် အကြောင်းမဲ့တိုက်ခိုက်ခံရသဖြင့် စိတ်ထဲတွင် မလုံခြုံသလိုခံစားနေရ၏။

ယနေ့ (၄)ရက်မြောက်နေ့ ဖြစ်၏။

ထို့ကြောင့် ပုံလွှားမောင်နှမမှာ မှောင်လာသည်နှင့်စိုးရိမ်နေကြ၏။

သူတို့ရောက်ရှိနေသည်မှာ တောင်ကမ်းပါးတစ်ခုမှတစ်ဆင့် ကြိုးတံတားပေါ်သို့ ဖြတ်သန်းရမည်ဖြစ်၏။



အောက်ဘက်တွင် နက်ရှိုင်းလှသော ချောက်ကမ်းပါးတစ်ခုရှိ၏။

အကယ်၍ မျက်နှာဖုံးစွပ်လူများသည် ဤနေရာမှအလစ်ဝင်ရောက်တိုက်ခိုက်ပါက အန္တရာယ်များလှ၏။

ခြေတစ်လှမ်းမှားသည်နှင့် ချောက်ကမ်းပါးထဲသို့ထိုးကျသွားမည်ဖြစ်၏။

ရန်ကျားဟုန်သည် ကောင်းကင်အား ကြည့်ကာ သက်ပြင်းတစ်ချက်ချလိုက်၏။

ရန်ချင်းဟွားၡ၏လှပသောမျက်ဝန်းထဲတွင် စိုးရိမ်သောအရိပ်အယောင်များဖြစ်ပေါ်နေ၏။

"အစ်ကိုကြီး... ဒီနေ့ညကော သူတို့ရောက်လာဦးမလားမသိဘူး"

ရန်ကျားဟုန်က သက်ပြင်းတစ်ချက်ချလိုက်၏။ သူ၏မျက်နှာတစ်ခုလုံး တည်ကြည်လေးနက်နေ၏။

"လာတာမလာတာ သူတို့အလုပ်ပါ... သူတို့ရောက်လာရင် ကြိုးစားတိုက်ခိုက်ရမှာ အစ်ကိုကြီးတို့အလုပ်ပဲ"

ရန်ချင်းဟွားက ခေါင်းညိတ်လိုက်၏။

"အစ်ကိုကြီးပြောတာ မှန်ပါတယ်... ဒါပေမယ့် သူတို့က ဘာ

ဖြစ်လို့ ကျွန်မတို့ကို အခုလိုတိုက်ခိုက်နေရတယ်ဆိုတာ ကျွန်မတော့ နားမလည်ဘူး"

ရန်ကျားဟုန်က ပြုံးလိုက်၏။

"အစ်ကိုကြီးတို့က သိုင်းလောကထဲဝင်လာတဲ့အချိန်ကစပြီး အနက်ရောင်လူဆိုးတွေကိုဆုံးမလာတာ အတော်များခဲ့ပြီ မဟုတ်လား"

ရန်ချင်းဟွားက....

"ဘာလဲ... အစ်ကိုကြီးက အဲ့ဒီလူတွေက ကျွန်မတို့ဆုံးမခဲ့တဲ့ လူဆိုးတွေက ကြေးစားငှားတယ်လို့ထင်နေလို့လား"

ရန်ကျားဟုန်က....

"ဟုတ်တယ်"

ရန်ချင်းဟွားက....

"ကျွန်မကတော့ အဲ့ဒီလိုမထင်ဘူး"

ရန်ကျားဟုန်က....

"ပြောပါဦး... ညီမလေးက ဘယ်လိုထင်လို့လဲ"

ရန်ချင်းဟွားက....

"ကျွန်မကထင်တာမဟုတ်ဘူး... အချက်အလက်တွေကြည့်ပြီး ပြောတာပါ"



ရန်ကျားဟုန်က....

"အင်း... ပြောပါဦး"

ရန်ချင်းဟွားက....

"သူတို့ရဲ့အဝတ်အစားတွေက ထူးဆန်းတယ်... ဒါကြောင့် အနက်ရောင်သိုင်းလောကသားတွေဖြစ်မယ်လို့ ယူဆတယ်"

ရန်ကျားဟုန်က....

"ထားပါတော့... နောက်ကော...."

ရန်ချင်းဟွားက....

"သူတို့က ကျွန်မတို့ကိုသုံးကြိမ်တိတိ တိုက်ခိုက်ပေမယ့် ပြင်းပြင်းထန်ထန် တိုက်ခိုက်တာမတွေ့ရဘူး... ဒါကြောင့် သူတို့က ကျွန်မတို့ကိုသတ်ဖို့တော့ မရည်ရွယ်ဘူး"

ရန်ကျားဟုန်က ပြုံးလိုက်၏။

"ဒါဖြင့် သူတို့က အစ်ကိုကြီးတို့နဲ့အပျင်းပြေ လာတိုက်ခိုက်နေတာပေါ့"

ရန်ချင်းဟွားက....

"အစ်ကိုကြီးက ကျွန်မပြောတာကိုမယုံဘူးမဟုတ်လား... မနေ့ညတုန်းက ကျွန်မရဲ့ရှောင်တိမ်းမှုက တစ်ချက်လွဲသွားတယ်... ရန်သူက အခွင့်အရေးရရဲ့သားနဲ့ ကျွန်မကိုမခုတ်ချဘဲ နောက်ဆုတ်

သွားတယ်... ဒါကြောင့် သူတို့က ကျွန်မတို့ကိုသတ်ဖို့မဟုတ်ဘူးဆိုတာ ထင်ရှားတယ်"

ရန်ကျားဟုန်က ခေါင်းခါယမ်းလိုက်၏။

"မဖြစ်နိုင်ဘူး... သူတို့က ငါ့ကိုတော့ အပိုင်းပိုင်းခုတ်နိုင်အောင် ကြိုးစားနေကြတယ်"

ရန်ချင်းဟွားက ပါးစပ်ပိတ်ထားလိုက်၏။

ရန်ကျားဟုန်က....

"သူတို့က ဘာသဘောနဲ့အခုလိုလုပ်တာလဲဆိုတာ အစ်ကိုကြီးတော့ မစဉ်းစားတတ်အောင်ပဲ"

ရန်ချင်းဟွာက အနည်းငယ် စဉ်းစားကာ....

"တစ်ခုရှိတာ... ကျွန်မတို့က မြင်းပြိုင်ပွဲကိုသွားမလို့မဟုတ်လား... မြင်းပြိုင်ပွဲမရောက်အောင် နှောင့်ယှက်ဟန့်တားနေတာလားမသိဘူး"

ရန်ကျားဟုန်က....

"အစ်ကိုကြီးကတော့ မဖြစ်နိုင်ဘူးထင်တယ်... ဘာဖြစ်လို့လဲဆိုတော့ ပြိုင်ပွဲမှာ ပထမဆုရမှ ငွေ(၅၀၀)ပဲ ရမှာလေ... ဒီအတွက်ကြောင့်တော့ မဖြစ်နိုင်ဘူး... တခြားအကြောင်းတော့ ရှိရမယ်"

ရန်ချင်းဟွားက ပါးစပ်ပိတ်ထားလိုက်၏။



ပျံလွှားမောင်နှမသည် မြင်းကိုမှန်မှန်မောင်းနှင်လာ၏။ သူတို့သည် မိုးမချုပ်မီ ဤနေရာအား ကျော်ဖြတ်သွားလို၏။

အကယ်၍သာ ဤနေရာ၌ ရန်သူနှင့်တွေ့ဆုံရပါက အလွန်ပင် အကျပ်အတည်းနှင့်ကြုံနိုင်၏။

သူတို့သည် အလွန်ကြမ်းတမ်းသောချောက်ကမ်းပါး အစွန်အား ဖြတ်နေရသဖြင့် တစ်ချက်မျှ သတိမလွတ်အောင် ဂရုစိုက်နေရ၏။

မကြာမီ အမှောင်ထုက စိုးမိုးလာပြီဖြစ်၏။

"ဟူး... ဟူး...."

တောင်လေတိုက်ခတ်သံမှာ ကြောက်စရာကောင်းလှ၏။

ဝန်းကျင်တစ်ခုလုံး မှောင်မဲနေ၏။

ရန်ကျားဟုန်နှင့်ရန်ချင်းဟွားသည် ကြိုးတံတားပေါ်သို့ ရောက်လာပြီဖြစ်၏။

ဤတံတားအား ကျော်ဖြတ်ပြီးလျှင် သူတို့သည် မည်သည့် ရန်သူကိုမှမမှုတော့ပါ။

သူတို့သည် မြင်းများအားဆွဲကာ ကြိုးတံတားပေါ်သို့ဖြတ်လျှောက်လာခဲ့၏။

ချောက်ကမ်းပါးအောက်မှ ဖြတ်တိုက်လာသောလေများမှာ ပုံလွှားမောင်နှမ၏ခန္ဓာကိုယ်အား လွင့်စင်သွားအောင်ပင် တိုက်ခတ်နေ၏။

ကောင်းကင်ပေါ်တွင် လကွေးလေးရှိနေသဖြင့် ပတ်ဝန်းကျင်အား အနည်းငယ် လင်းချင်းစွာ တွေ့မြင်ရ၏။

သူတို့သည် ဖြည်းဖြည်းမှန်မှန်နှင့်ကြိုးတံတားပေါ်သို့ဖြတ်လျှောက်လာကြ၏။

တဖြည်းဖြည်းနှင့်ကြိုးတံတားအလယ်သို့ ရောက်ရှိလာ၏။

ထိုအချိန်မှာပင် သူတို့သည် စိတ်ပျက်ဖွယ်မြင်ကွင်းအား တွေ့မြင်လိုက်ရလေတော့သည်။

ကြိုးတံတားအလယ်တွင် လူ(၄)ယောက် တန်းစီရပ်နေ၏။ ၎င်းတို့၏မျက်နှာပေါ်တွင် မျက်နှာဖုံးများစွပ်ထား၏။ မျက်နှာဖုံးများမှာ မျက်လုံးနှင့်နှာခေါင်းတွင် အပေါက်များ



ဖောက်ထားပြီး နားရွက်နေရာတွင်ထောင်ကာ မျက်နှာတစ်ဝက်ကိုသာ ဖုံးထား၏။

၎င်းတို့သည် အနက်ရောင်ကိုယ်ကျပ်ဝတ်စုံဝတ်ဆင်ကာ အနက်ရောင်ဝတ်ရုံအား လွှမ်းခြုံထား၏။

ဝတ်ရုံများမှာ လေတိုက်တိုင်း လွင့်မျောနေ၏။ ၎င်းတို့၏ မျက်နှာဖုံးပုံစံမှာ လင်းနို့ခေါင်းပုံနှင့်တူ၏။

ထို့ကြောင့် လူတစ်ပိုင်း လင်းနို့တစ်ပိုင်း လူများတန်းစီရပ်နေသည်ဟု ထင်မှတ်မှားနိုင်၏။

သူတို့လက်ထဲတွင် နှစ်ပေခန့်ရှည်သောဓားကိုယ်စီကိုင်ထား၏။

ပုံလွှားမောင်နှမသည် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်၏။ ထို့နောက် ဓားကိုယ်စီဆွဲထုတ်လိုက်၏။

"ချွင်... ချွင်...."

ရန်ချင်းဟွားက နောက်သို့ မသိမသာကြည့်လိုက်၏။

"အစ်ကိုကြီး... နောက်မှာလည်း လူ(၄)ယောက် ရှိသေးတယ်"

ရန်ကျားဟုန်က နောက်သို့လှည့်ကြည့်လိုက်၏။

သူတို့နောက်ဘက် ဝါးတစ်ရိုက်ခန့်အကွာတွင် မျက်နှာဖုံးစွပ်

လူ(၄)ယောက်စီတန်းကာ ရပ်နေသည်ကိုတွေ့မြင်လိုက်ရ၏။

ယနေ့ညတွင် သူတို့သည် ရှေ့နောက်ညှပ်ကာ ပျံလွှားမောင်နှမအား တိုက်ခိုက်မည့်ပုံစံရှိ၏။

ရန်ကျားဟုန်မှာ အနည်းငယ် ရင်ထိတ်သွား၏။

သို့သော် သူတို့မောင်နှမသည် ဓားပညာအလွန်ထူးချွန်သူများဖြစ်၏။

သူတို့သည် တိုက်ပွဲတိုင်းအား အောင်မြင်အောင် တိုက်ခိုက်နိုင်သဖြင့် ကိုယ့်ကိုယ်ကိုလည်း ယုံကြည်မှုရှိကြ၏။

ရန်ကျားဟုန်က လက်ထဲမှဓားအား တစ်ချက်ဆလိုက်၏။

"ညီမလေး... မင်းက နောက်ဘက်ကလူ(၄)ယောက်ကို ရင်ဆိုင်ပါ"

"ဟုတ်ကဲ့... အစ်ကိုကြီး"

ရန်ချင်းဟွားသည် ခန္ဓာကိုယ်တစ်ချက်လှုပ်ရှားလိုက်ရာ မြင်းများ၏အနောက်ဘက်သို့ရောက်ရှိပြီး နောက်ဘက်တွင် ရပ်နေသောလူ(၄)ယောက်အား တိုက်ခိုက်ရန် အသင့်ပြင်ထားလိုက်၏။

ပျံလွှားမောင်နှမသည် ကြိုးတံတား၏အလယ်တွင်ရပ်ကာ ရှေ့နောက်ပိတ်ဆို့ရပ်နေသော မျက်နှာဖုံးစွပ်နှင့်လူများအား ရင်ဆိုင်တိုက်ခိုက်ရန် အသင့်ပြင်ထားလိုက်ကြ၏။



ရန်ကျားဟုန်က သူ့ရှေ့မှလူများအား စိုက်ကြည့်လိုက်၏။

"ဒီနေ့ ခင်ဗျားတို့တိုက်ခိုက်တာ လေးကြိမ်မြောက်ပါပဲ... ဒါကြောင့် ကျုပ်တို့ကို ဘာကြောင့်တိုက်ခိုက်တယ်ဆိုတာ မပြောနိုင်ဘူး လား"

မျက်နှာဖုံးစွပ်(၄)ယောက်အနက် တစ်ယောက်က....

"သိချင်ရင် ကျုပ်တို့နောက်ကိုလိုက်ခဲ့ပါ"

ရန်ကျားဟုန်က မျက်မှောင်ကုတ်ကာ....

"ဘယ်ကိုလဲ"

မျက်နှာဖုံးစွပ်က....

"ကျုပ်တို့ရဲ့ဂိုဏ်းချုပ်ကြီးဆီကိုပါ"

ရန်ကျားဟုန်က....

"သူက ဘယ်သူလဲ"

မျက်နှာဖုံးစွပ်က ရယ်မောလိုက်၏။

"ခင်ဗျားတွေ့ရင် သိမှာပေါ့"

ရန်ကျားဟုန်က မဲ့ပြုံးပြုံးလိုက်၏။

"ခင်ဗျားတို့က အခုလိုဖိတ်ခေါ်တာ ရိုင်းစိုင်းရာကျတာပေါ့... ပြီးတော့ ကျုပ်တို့က ဘာဖြစ်လို့ ခင်ဗျားတို့ဂိုဏ်းချုပ်နဲ့တွေ့ရမှာလဲ"

မျက်နှာဖုံးစွပ်နှင့်လူက ရယ်မောလိုက်၏။

"ခင်ဗျားတို့က ငြင်းပယ်မယ်ဆိုရင်တော့ အန္တရာယ်များမယ်ဆိုတာ နားလည်ထားပါ"

ရန်ကျားဟုန်က ပြုံးလိုက်၏။

"အန္တရာယ်ဆိုတာ ကျုပ်တို့အတွက် မစိမ်းတော့ပါဘူး... ဒါကြောင့် သိပ်လည်း ထိတ်လန့်စရာမရှိပါဘူး"

သူက အေးဆေးစွာပင် စကားဆက်လိုက်၏။

"တစ်ခုတော့ ရှိတယ်... ခင်ဗျားတို့ ဂိုဏ်းချုပ်ကြီးကို ဘာကိစ္စနဲ့သွားတွေ့ရမယ်ဆိုတာ ပြောပြနိုင်ရင်တော့ ကျုပ်က စဉ်းစားရလိမ့်မယ်"

မျက်နှာဖုံးစွပ်နှင့်လူက....

"မပြောပြနိုင်တာ ဝမ်းနည်းပါတယ်... ဒါပေမယ့် ကျုပ်တို့ရဲ့ဂိုဏ်းချုပ်ကြီးနဲ့တွေ့ရင် အန္တရာယ်မရှိတဲ့အပြင် အကျိုးတောင်ရှိလိမ့်မယ်ဆိုတာ ပြောရဲပါတယ်"

ရန်ကျားဟုန်က....

"ဟုတ်လား... ဘယ်လိုအကျိုးရှိမှာလဲ"

မျက်နှာဖုံးစွပ်နှင့်လူက....

"ဒါကတော့ ရောက်ရင်သိရပါလိမ့်မယ်"

ရန်ကျားဟုန်က မျက်မှောင်ကုတ်ကာ....



"ဘယ်အထိသွားရမှာလဲ"

မျက်နှာဖုံးစွပ်နှင့်လူက....

"ခိုင်ဖုံးမြို့ကိုပါ"

ရန်ကျားဟုန်က....

"အခုတော့ မဖြစ်ဘူး... ကျုပ်တို့က မြင်းပြိုင်ပွဲကိုသွားမလို့ ဒါကြောင့် လိပ်စာပေးခဲ့ပါ... မြင်းပြိုင်ပွဲပြီးရင် လာခဲ့ပါ့မယ်"

မျက်နှာဖုံးစွပ်နှင့်လူက ခေါင်းခါယမ်းလိုက်၏။

"မရဘူး... ကျုပ်တို့နဲ့အခု တစ်ခါတည်း လိုက်ခဲ့ရမယ်"

ရန်ကျားဟုန်၏မျက်နှာအနည်းငယ် တင်းမာသွား၏။

"ခင်ဗျားတို့နားလည်ဖို့က ကျုပ်တို့က ရိုင်းစိုင်းတဲ့ဖိတ်ခေါ်မှုကို လက်မခံပါဘူး"

မျက်နှာဖုံးစွပ်က.....

"ကျုပ်က ခင်ဗျားတို့ကိုဖိတ်ခေါ်နေတာ မဟုတ်ဘူး"

ရန်ကျားဟုန်က....

"ဒါဖြင့် အတင်းအကျပ်ခေါ်မယ်ပေါ့"

မျက်နှာဖုံးစွပ်က ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်"

ရန်ကျားဟုန်က ပခုံးတစ်ချက်တွန့်လိုက်၏။

"ဒါဆိုရင် ကျုပ်တို့စကားဆက်ပြောစရာ မလိုတော့ဘူး" သူကပြောပြီး ဓားအား ချိန်ဆလိုက်၏။

မျက်နှာဖုံးစွပ်က....

"ဒီနေရာမှာတိုက်ခိုက်ရင် ချောက်ကမ်းပါးထဲကျမှာ မကြောက်ဘူးလား"

ရန်ကျားဟုန်က....

"ကျုပ်က စိုးရိမ်စရာမရှိပါဘူး... ခင်ဗျားတို့သာ စိုးရိမ်ရမှာပါ"

မျက်နှာဖုံးစွပ်က ရယ်မောလိုက်၏။

"ဟား... ဟား... ခင်ဗျားရဲ့ချောမောလှပတဲ့ညီမလေးအတွက် မစိုးရိမ်ဘူးလား"

ရန်ကျားဟုန်က ပြုံးလိုက်၏။

"သူ့ကိုအထင်သေးရင် မှားမှာပေါ့... သူက ခင်ဗျားတို့အားလုံးကိုတောင် မမှုဘူးဗျ"

ရန်ချင်းဟွားက ကြားဖြတ်လိုက်၏။

"အစ်ကိုကြီး.... သူနဲ့စကားအပိုတွေ ပြောမနေပါနဲ့... ကျွန်မတို့ အချိန်ကုန်တယ်"

သူမက ယင်းသို့ပြောပြီး ရှေ့သို့တစ်ဟုန်ထိုးပြေးသွား၏။



ရှေ့တွင်ပိတ်ဆို့ထားသောလူ(၄)ယောက်အား တရကြမ်းပင် တိုက်ခိုက်လိုက်၏။

ရန်ကျားဟုန်ကလည်း စတင်လှုပ်ရှားလိုက်၏။

သူက ဓားအားဝှေ့ယမ်းကာ ရှေ့မှလူ(၄)ယောက်အား တိုက်ခိုက်လိုက်လေတော့သည်။

တိုက်ပွဲမှာ ပြင်းထန်ကာ ကြောက်မက်ဖွယ်ကောင်းလှ၏။

ကြိုးတံတား၏အောက်တွင် နက်ရှိုင်းလှသောချောက်ကြီးရှိ၏။

ချောက်ထဲမှပင့်တိုက်လာသောလေမှာလည်း ကြောက်မက်ဖွယ်အော်သံနှင့်တူလှ၏။

သူတို့က လှုပ်ရှားတိုက်ခိုက်လိုက်သောအခါ ကြိုးတံတားမှာ လှုပ်ယမ်းနေ၏။

ပျံလွှားမောင်နှမ၏မြင်းများမှာ ကောင်းစွာ လေ့ကျင့်ထားသောမြင်းများဖြစ်၍ လွန်စွာ ထိတ်လန့်ခြင်းမဖြစ်ကြပါ။

ကြိုးတံတားမှာယိမ်းယိုင်နေသဖြင့် တိုက်ခိုက်ရာတွင် အလွဲ

လွဲအချော်ချော် ဖြစ်နေ၏။

အနည်းငယ် ခြေချော်လက်ချော်ဖြစ်ပါက ချောက်ကမ်းပါးထဲသို့လွင့်စင်ကျသွားမည်ဖြစ်၏။

သို့သော် ပျံလွှားမောင်နှမမှာ ထိပ်တန်းအဆင့်ရှိသောသိုင်းသမားများဖြစ်၏။

ထို့ပြင် ၎င်းတို့တွင် ထူးချွန်သောအချက်တစ်ချက်ရှိ၏။

ယင်းမှာ သူတို့သည် ရန်သူအား ရင်ဆိုင်သောအခါတွင် အသက်ကို ပဓာနမထားဘဲ အစွမ်းကုန်တိုက်ခိုက်ကြ၏။

သူတို့၏တိုက်ခိုက်ဟန်မှာ ပေါ့ပါးသွက်လက်သော်လည်း အင်အားပြင်းထန်၏။

လူတစ်ယောက်က အသက်အား ပဓာနမထားဘဲတိုက်ခိုက်လျှင် တောက်ရှုံသိုင်းသမားမှာ ခံနိုင်ရည်ရှိမည်မဟုတ်ပေ။

ယခုလည်း သူတို့သည် လှုပ်ယမ်းနေသောကြိုးတံတားပေါ်တွင် သတိထားကာ ပြင်းထန်စွာ တိုက်ခိုက်နေ၏။

မျက်နှာဖုံးစွပ်နှင့်လူများမှာ လူအင်အားများသော်လည်း ကြိုးတံတားပေါ်မှပြုတ်ကျသွားမည်ကိုစိုးရိမ်ကာ တိုက်ခိုက်ရာတွင် သတိထားနေရသဖြင့် ထင်သလောက်မတိုက်နိုင်ဘဲ ရှုံးနိမ့်စပြုလာ၏။



ရန်ကျားဟုန်သည် တစ်ယောက်နှင့်လေးယောက် တိုက်နေရသော်လည်း တရကြမ်းတိုက်ခိုက်သဖြင့် အချိန်သိပ်မကြာပါ။

သူက ရန်သူလေးယောက်အား ဖရိုဖရဲဖြစ်စေ၏။

ရန်ချင်းဟွားကလည်း ပျံလွှားတစ်ကောင်ကဲ့သို့ဝဲပျံကာ တိုက်ခိုက်နေသော်လည်း ကျားသစ်မလေးကဲ့သို့အားမာန်ပြင်းကာ ဖျတ်လတ်လှ၏။

ထိုစဉ် သူမ၏ဓားသည် မျက်နှာဖုံးစွပ်တစ်ယောက်၏ပေါင်အား ထိုးစိုက်မိသွား၏။

ထိုလူမှာခန္ဓာကိုယ်ဟန်ချက်အားမထိန်းနိုင်တော့ဘဲ ယိမ်းယိုင်ကာဖြင့် ကြိုးတံတားပေါ်မှလွင့်စင်ကာ ချောက်ကမ်းပါးထဲသို့ထိုးကျသွားလေတော့သည်။

"အား...."

စူးရှသောအော်သံမှာ ကျယ်လောင်စွာ ထွက်ပေါ်လာ၏။

ထိုအသံအား ကြားလိုက်ရသောအခါ ကျန်လူများမှာ ပို၍ထိတ်လန့်လာကြ၏။

၎င်းတို့၏အာရုံပျက်ပြားသွားသဖြင့် တိုက်ခိုက်မှုမှာ နှေးကွေးလာ၏။

ရန်ကျားဟုန်က အခွင့်အရေးအား လက်မလွှတ်ပါ။

သူက ထိုလူများ၏တိုက်ခိုက်မှုနေးသွားသည်နှင့်ဓားအား ဝင့်ကာ တရကြမ်းပင် တိုက်ခိုက်လိုက်၏။

"အား..."

သူ၏ဓားက လူတစ်ယောက်၏ရင်ဝသို့ထိုးစိုက်မိသွား၏။

သူက ရပ်တန့်ခြင်းမပြုဘဲ ပို၍ပြင်းထန်စွာ တိုက်ခိုက်လိုက်၏။

မျက်နှာဖုံးစွပ်နှင့်လူများသည် အခြေအနေမဟန်မှန်းသိလိုက်သဖြင့် ကမန်းကတန်း ထွက်ပြေးကြ၏။

"ဝုန်း..."

ထိုသို့ပြေးရင်း အချင်းချင်းဝင်တိုက်ကာ လူတစ်ယောက်မှာ ကြိုးတံတားအောက်သို့ထိုးကျသွား၏။

ကျန်လူများမှာ ပို၍ ထိတ်လန့်သွား၏။ သူတို့က ပြန်လည်ပြေးလွှားသွားကြ၏။

သို့သော် ကြိုးတံတားမှာ အလွန်ကျဉ်းနေသဖြင့် အချင်းချင်း ပိတ်ဆို့ကာ လျင်မြန်စွာ မသွားနိုင်ဘဲရှိနေ၏။

ရန်ကျားဟုန်က လက်ထဲမှဓားဖြင့် ပစ်ပေါက်လိုက်၏။

"ဒုတ်...."

"အား...."



သူ၏ဓားမှာ လူတစ်ယောက်၏ကျောပြင်အား စိုက်ဝင်သွား၏။

ထိုလူမှာ တံတားပေါ်သို့လဲကျသွား၏။

ကျန်လူများမှာ ကမန်းကတန်း ပြေးလွှားထွက်ခွာသွားကြ၏။

ရန်ကျားဟုန်နှင့်ရန်ချင်းဟွားမှာ ထိုလူအနီးသို့ပြေးသွား၏။

ရန်ချင်းဟွားက....

"အစ်ကိုကြီး... သူ သေပြီလား"

ရန်ကျားဟုန်က....

"မသိဘူး"

သူက ဓားအားဆွဲနုတ်ကာ ပက်လက်လှန်လိုက်၏။

ထိုလူမှာ ဒဏ်ရာပြင်းစွာရရှိနေသဖြင့် အသက်အား ပြင်းထန်စွာ ရှူနေရ၏။

ရန်ကျားဟုန်က မျက်နှာဖုံးအား ဆွဲချွတ်လိုက်၏။

ထိုလူမှာ အသက်(၄၀)ခန့် ရုပ်ရည်သန့်ပြန့်သောလူဖြစ်၏။

သူ၏မျက်နှာတစ်ခုလုံး သွေးရောင်ပင်မရှိတော့ပါ။

ရန်ကျားဟုန်က ထိုလူအား ငုံ့ကြည့်ကာ....

"ခင်ဗျား ဘယ်သူလဲ... ဘာကြောင့် ကျုပ်တို့ကိုတိုက်ခိုက်ရ

တာလဲ"

ဟု မေးလိုက်၏။

ထိုလူက အားအင်ချိနဲ့စွာဖြင့်....

"လင်းနို့...."

ဟု တစ်လုံးချင်း ပြောလိုက်၏။

ထို့နောက် တစ်ဖက်သို့ခေါင်းစောင်းကျသွားလေတော့သည်။

ရန်ကျားဟုန်က ကြောင်အမ်းအမ်းဖြစ်သွား၏။

ရန်ချင်းဟွားကလည်း နားမလည်နိုင်စွာဖြင့်.....

"လင်းနို့...."

ဟု ရေရွတ်လိုက်၏။

ရန်ကျားဟုန်က.....

"သူ ဘာကိုဆိုလိုတာလဲ"

ရန်ချင်းဟွားက....

"သူတို့က လင်းနို့လို့ပြောချင်တာလား မသိဘူး... ကြည့်ပါ



လား သူတို့ရဲ့မျက်နှာဖုံးနဲ့ဝတ်စုံက လင်းနို့တစ်ကောင်နဲ့တူမနေဘူးလား'

ရန်ကျားဟုန်က မျက်မှောင်ကုတ်ကာ....

"လင်းနို့... သူတို့ရဲ့သိုင်းပညာက ထူးထူးချွန်ချွန်မရှိဘဲ ဘာကြောင့် လင်းနို့နာမည်ခံယူပြီး လျှို့ဝှက်နေရတာလဲ မသိဘူး"

ရန်ချင်းဟွားက ပြုံးလိုက်၏။

"သူတို့က လင်းနို့တွေထဲမှာ အနိမ့်ဆုံးအဆင့်လားမှမသိတာ... ဒါမှမဟုတ် ကျွန်မတို့ကိုအရှင်လတ်လတ်ဖမ်းရမယ်လို့ အမိန့်ပေးခံရတာလဲ ဖြစ်နိုင်တယ်"

ရန်ကျားဟုန်က....

"လင်းနို့ဆိုတာ အလွန်လျှို့ဝှက်တဲ့ဂိုဏ်းတစ်ခုပဲဖြစ်ရမယ်"

ရန်ချင်းဟွားက....

"ဖြစ်နိုင်ပါတယ်"

သူမက မျက်မှောင်ကုတ်ကာ....

"သူတို့ရဲ့ထူးခြားမှုကို အစ်ကိုကြီး သတိထားမိလား"

ရန်ကျားဟုန်က....

"ညီမလေး ဘာကိုဆိုလိုတာလဲ"

ရန်ချင်းဟွားက....

"သူတို့က လင်းနို့အမည်ခံယူထားတယ်... နောက်ပြီး ကျွန်မတို့ကိုတိုက်ခိုက်တာ ညဘက်တွေချည်းပဲ.... ဒါကြောင့် သူတို့က နေ့ဘက်မှာလျှို့ဝှက်ပြီး ညဘက်ရောက်မှလှုပ်ရှားတဲ့အဖွဲ့ဖြစ်ရမယ်"

ရန်ကျားဟုန်က ပြုံးလိုက်၏။

"ဒီတစ်ခါတော့ ညီမလေးရဲ့အတွေးအခေါ်က တော်တော်နီးစပ်နေပြီ"

ရန်ချင်းဟွားက ပြုံးလိုက်၏။

"ကျွန်မ စဉ်းစားလို့မရတာက သူတို့က ဘာဖြစ်လို့ ကျွန်မတို့ကို သူတို့ရဲ့ဂိုဏ်းချုပ်ကြီးဆီခေါ်သွားဖို့ ကြိုးစားရတာလဲ"

"ထူးခြားတဲ့အကြောင်းတော့ ရှိရမယ်"

ရန်ကျားဟုန်က ပြောပြီး ပတ်ဝန်းကျင်အား တစ်ချက်ဝေ့ကြည့်လိုက်၏။

"သူတို့က ရှုံးသွားပြီဆိုတော့ နောက်တစ်ကြိမ် ထပ်ရောက်လာနိုင်တယ်"

ရန်ချင်းဟွားက....

"ကျွန်မကတော့ ဒီတစ်ခါ သူတို့နဲ့တွေ့ရင် သူတို့ရဲ့ဂိုဏ်းချုပ်ကြီးဆီလိုက်သွားချင်တယ်"

ရန်ကျားဟုန်က....



"အင်းလေ... ဖြစ်လာတဲ့အခြေအနေကိုကြည့်ပြီး လှုပ်ရှားကြတာပေါ့"

ရန်ချင်းဟွားက....

"ကျွန်မတို့မြင်းပြိုင်ပွဲမရောက်ခင် ထပ်ဆုံရင်တော့ မြင်းပြိုင်ပွဲမသွားဘဲ သူတို့နောက်ကိုလိုက်ကြမယ်... သူတို့ရဲ့ဂိုဏ်းချုပ်နဲ့ဂိုဏ်းရဲ့ရည်ရွယ်ချက်ကိုဖော်ထုတ်ကြမယ်နော် အစ်ကိုကြီး"

ရန်ကျားဟုန်က ပြုံးကာ ခေါင်းညိတ်လိုက်၏။

ထို့နောက် မြင်းအား ဆွဲကာ ကြိုးတံတားတစ်ဖက်သို့ဖြတ်ကူးသွားလေတော့သည်။

## ခြသေ့်ရဲတိုက်မှမြင်းပြိုင်ပွဲ

ခြသေ့်ရဲတိုက်....။

သိုင်းသမားတော်တော်များများ သိထားသောရဲတိုက်တစ်ခုဖြစ်၏။

ရဲတိုက်ပိုင်ရှင်မှာ သူဌေးကြီးဝူးဖြစ်၏။ သူသည် မြင်းများအား သဘောကျချစ်ခင်သူဖြစ်၏။

သူ၏အဓိကလုပ်ငန်းမှာ မြင်းများကိုရောင်းဝယ်ခြင်းဖြစ်၏။ သူသည် ထိုလုပ်ငန်းဖြင့် ကြွယ်ဝချမ်းသာလာသူဖြစ်၏။

သူ့ထံတွင် အနယ်နယ်အရပ်ရပ်မှ အမျိုးကောင်းမြင်းများရှိ၏။

သိုင်းလောကသားများသည် မြင်းရောင်းလိုလျှင်၊ ဝယ်လိုလျှင် လဲလှယ်လိုလျှင် သူဌေးကြီးဝူးထံသို့သာလာကြ၏။



သူဌေးကြီးဝူးသည် မြင်းရောင်းဝယ်သူများစိတ်ဝင်စားစေရန် မြင်းပြိုင်ပွဲကိုကျင်းပပေး၏။

ထိုမြင်းပြိုင်ပွဲအား(၃)လတစ်ကြိမ်ကျင်းပလေ့ရှိပြီး အရောင်းအဝယ်ကိုစည်ကားစွာ ပြုလုပ်တတ်သူဖြစ်၏။

ယနေ့ မြင်းပြိုင်ပွဲကျင်းပမည့်နေ့ဖြစ်၏။

ဤနေရာသည် အလွန်ကျယ်ဝန်းသောလွင်ပြင်ဖြစ်၏။

ထိုလွင်ပြင်၏အရှေ့နှင့်အနောက်မှာ မိုင်တစ်ဝက်ခန့်ရှည်လျား၏။

ယခု ဤနေရာတွင် အလံလေးများဖြင့် ပြေးလမ်းတစ်ခုဖော်ညွှန်းထား၏။

မြင်းများ စတင်ပြေးရမည့်စုရပ်မှာ အနောက်ဘက်တွင်ဖြစ်၏။

ပါဝင်ယှဉ်ပြိုင်မည့်မြင်းများသည် အနောက်မှအရှေ့သို့ ဦးတည်ပြေးရန် သတ်မှတ်ထား၏။

အရှေ့ဘက်သို့ရောက်လျှင် စိုက်ထူထားသော အလံတစ်လက်အားနှုတ်ကာ တာထွက်သည့်ဘက်သို့ပြန်လှည့်ပြေးရမည်ဖြစ်၏။

အလျှင်ဆုံးရောက်သည့်မြင်းများ အနိုင်ရမည်ဖြစ်၏။

စမှတ်နှင့်ဆုံးမှတ်မှာ တစ်ခုတည်းဖြစ်သဖြင့် မြင်းမှာတစ်မိုင်ခန့် ပြေးရမည်ဖြစ်၏။

သို့သော် တစ်ကြိမ်ယှဉ်ပြိုင်လျှင် မြင်း(၁၀)ကောင်သာ သတ်မှတ်ထား၏။

ထို့ကြောင့် ပြိုင်ပွဲနေ့တွင် ပါဝင်ယှဉ်ပြိုင်မည့်မြင်းများနေပါက အဖွဲ့လိုက်ယှဉ်ပြိုင်ရမည်ဖြစ်၏။

ယှဉ်ပြိုင်ပွဲအား သူဌေးကြီးဝူးကိုယ်တိုင်ဦးစီးကာ အကဲခတ်ပြီး ဆုချီးမြှင့်မည်ဖြစ်၏။

ပထမရသောမြင်းအတွက် ဆုငွေမှာ(၅၀၀)ဖြစ်ပြီး ကျန်မြင်းများအတွက်မူ လက်ဆောင်များ ချီးမြှင့်မည်ဖြစ်၏။

မြင်းပြိုင်ပွဲပြီးလျှင် မြင်းရောင်းဝယ်ပွဲကိုပါ တစ်ဆက်တည်း ပြုလုပ်မည်ဖြစ်၏။



မြင်းပြိုင်ပွဲကျင်းပမည့်နေ့....။

ရန်ကျားဟုန်နှင့်ရန်ချင်းဟွားသည် ခြသေ့်ရဲတိုက်သို့အချိန်မီပင် ရောက်လာ၏။

သူတို့သည် မြင်းပြိုင်ပွဲတွင်ပါဝင်ယှဉ်ပြိုင်ရန် စာရင်းသွင်းပြီးနောက် အိမ်ရှင်များချပေးသည့်နေရာတွင် နေရာယူလိုက်၏။

မကြာမီ ပြိုင်ပွဲစတင်တော့မည်ဖြစ်၏။

အနီးပတ်ဝန်းကျင်မှ လာရောက်အားပေးသော ပရိသတ်မှာ သုံးလေးရာခန့်ရှိ၏။

ရန်ကျားဟုန်သည် သူ၏မြင်းအား အသင့်ပြင်လိုက်၏။

ရန်ချင်းဟွားကလည်း သူမ၏မြင်းအား ပြင်ဆင်ရင်း ပတ်ဝန်းကျင်အား ကြည့်ကာ....

"ကြည့်ပါဦး အစ်ကိုကြီး... လာတဲ့လူတွေများလိုက်တာ"

ရန်ကျားဟုန်က....

"တကယ်လို့သာ ဆုငွေများများပေးရင် ယှဉ်ပြိုင်တဲ့လူတွေ ဒီ့ထက်များမှာပေါ့"

ရန်ချင်းဟွားက....

"ဟုတ်တယ်... အခုပထမရမှ ငွေငါးရာပဲရမှာဆိုတော့ ပိုင်ရှင်တွေက မြင်းကိုနှမြောမှာပေ့ါ"

သူမကပြောရင်း တစ်နေရာသို့စိုက်ကြည့်ကာ....

"အစ်ကိုကြီး... ဟိုမှာကြည့်လိုက်"

ရန်ကျားဟုန်က ရန်ချင်းဟွာ ညွှန်ပြရာသို့ကြည့်လိုက်၏။

လူတစ်ယောက်မြင်းတစ်ကောင်စီးလာနေသည်ကို တွေ့လိုက်ရ၏။

ထိုလူမှာ ရုပ်ရည်ချောမောပြီး ခန္ဓာကိုယ်ကျစ်လစ်၏။

ရန်ကျားဟုန်က ထိုလူအား တွေ့လိုက်ရသောအခါ ဝမ်းသာအားရ လက်ပြလိုက်၏။

"ဟော့... သူငယ်ချင်း... မင်းလည်း ရောက်လာတာကိုး"

သူ၏နှုတ်ဆက်သံကြောင့် ထိုလူက ပြုံးရွှင်စွာဖြင့် သူတို့ထံသို့ ဦးတည်လာ၏။

ထို့နောက် မြင်းပေါ်မှဆင်းကာ ရန်ကျားဟုန်အား ပြုံးပြလိုက်၏။

"ကျုပ်လာမယ်လို့ ခင်ဗျားမထင်ဘူး မဟုတ်လား"

ရန်ကျားဟုန်က....



"သိပ်မှန်တာပေ့ါကွာ"

ထိုလူမှာ ကွမ်းချီယင်း ဖြစ်၏။

သူသည် ရန်ကျားဟုန်နှင့်တစ်ချိန်တည်း နာမည်ကျော်ကြားသူဖြစ်၏။ သူတို့သည် အချင်းချင်း ခင်မင်ရင်းနှီးကြ၏။

ကွမ်းချီယင်းက ရန်ချင်းဟွားအား စိတ်ဝင်စားနေသည်ကို ရန်ကျားဟုန်က သိ၏။

သို့သော် ကွမ်းချီယင်းကဲ့သို့ လူမျိုးနှင့် သဘောမတူနိုင်စရာ မရှိ၍ သူက မကန့်ကွက်ဘဲ အခင်အမင်မပျက် ဆက်လက်ပေါင်းနေခြင်း ဖြစ်၏။

ကွမ်းချီယင်းက ရန်ချင်းဟွားဘက်လှည့်ကာ ပြုံးပြလိုက်၏။

"ညီမ... နေကောင်းတယ်မဟုတ်လား"

ဟု နှုတ်ဆက်လိုက်၏။

ရန်ချင်းဟွားက ခေါင်းညိတ်ကာ ပြုံးပြလိုက်၏။

"ဟုတ်ကဲ့... ဒါနဲ့ ရှင်က မြောက်ပိုင်းသွားမယ်ဆို... မသွားတော့ဘူးလား"

ကွမ်းချီယင်းက....

"သွားမလို့ထွက်လာတာ... ဒါပေမယ့် မြင်းပြိုင်ပွဲသတင်းကို ကြားလိုက်လို့ ကျုပ်ရဲ့မြင်းကိုလည်း ပြိုင်ချင်လို့ ဒီကိုအရင်လာလိုက်

တာ"

ကွမ်းချီယင်း၏မြင်းမှာ အဖြူရောင်ဖြစ်၏။

ထိုမြင်းမှာ အလွန်အပြေးသန်သဖြင့် ယခုကဲ့သို့ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်၏။

သို့သော် သူ၏မြင်းသာမက ရန်ကျားဟုန်၏မြင်းပင် ရန်ချင်းဟွား၏မြင်းနက်ကြီးကိုမမီပေ။

ရန်ချင်းဟွားက ပြုံးကာ....

"ရှင့်ရဲ့မြင်းက ကျွန်မရဲ့မြင်းနက်ကြီးကို အမြဲရှုံးနေတာပဲ"

ကွမ်းချီယင်းက ရယ်မောလိုက်၏။

"ဟုတ်ပါတယ်... ဒါပေမယ့် ကျုပ်ရဲ့မြင်းဖြူက တတိယလောက်တော့ရမယ်လို့ မျှော်လင့်ထားတယ်လေ"

ရန်ချင်းဟွားက....

"ရှင်က ကိုယ့်အကြောင်းတော့ကိုယ်သိသားပဲ"

ဟု နောက်ပြောင်လိုက်၏။

ကွမ်းချီယင်းက ရယ်မောကာ....

"ညီမတို့ရောက်နေတာကြာပြီလား"

"မကြာသေးဘူး"

ကွမ်းချီယင်းက မျက်မှောင်ကုတ်သွား၏။



"ဟင်... ညီမတို့ထွက်သွားတာကြာပြီပဲ... ဘယ်လိုဖြစ်လို့နောက်ကျနေတာလဲ"

ရန်ချင်းဟွားက သက်ပြင်းချကာ....

"ဒီလိုပါ အစ်ကိုကြီးချီယင်း"

ရန်ကျားဟုန်က ကြားဖြတ်ပြောလိုက်၏။

"ဒီလိုဗျ... ကျုပ်တို့လမ်းမှာထူးဆန်းတဲ့အဖြစ်အပျက်နဲ့ ကြုံတွေ့နေရလို့ဗျ"

ကွမ်းချီယင်းက....

"ဘယ်လိုအဖြစ်အပျက်လဲဗျ"

ရန်ကျားဟုန်က လင်းနို့နှင့်ပတ်သက်သောအကြောင်းကို ပြောပြရန် ဟန်ပြင်လိုက်၏။

ထိုစဉ်....

"ခေါင်... ခေါင်... ခေါင်"

ခေါင်းလောင်းသံထွက်ပေါ်လာသည်ကို ကြားလိုက်ရလေတော့သည်။

"ဒေါင်... ဒေါင်... ဒေါင်"

ခေါင်းလောင်းထိုးသံများ ထွက်ပေါ်လာ၏။

တစ်ဆက်တည်းပင် လူတစ်ယောက်စင်မြင့်ပေါ်တက်လာကာ ကျယ်လောင်သောအသံဖြင့် ကြေငြာလိုက်၏။

"ကြွရောက်လာတဲ့မိတ်ဆွေများ မင်္ဂလာနံနက်ခင်းပါခင်ဗျာ ... ကျုပ်တို့ရဲ့သူဌေးကြီးဝူးရဲ့စကားကိုနားထောင်ပေးစေလိုပါတယ်"

အားလုံးသောလူများ၏ဆူညံ့သောအသံများ တိတ်သွား၏။ ထိုစဉ် စင်မြင့်ပေါ်သို့ အသက်(၆၀)ခန့် အဘိုးအိုတစ်ယောက် တက်လာ၏။

အဘိုးအို၏ရုပ်ရည်မှာ တည်ကြည်ခန့်ညား၏။

သူ၏ထူထဲသောမျက်ခုံးမွေးအစုံက သူ့ရုပ်ရည်အား ပို၍ခန့်ညားစေ၏။

သူသည် အစိမ်းရောင်ဖျင်အင်္ကျီကြမ်းကိုဝတ်ဆင်ထားစေ၏။



ထိုအဘိုးအိုမှာ ခြသေ့်ရဲတိုက်ပိုင်ရှင်'သူဌေးကြီးဝူး'ပင် ဖြစ်၏။

သူဌေးကြီးဝူးက လက်နှစ်ဖက်ဆုပ်ကာ ပရိသတ်များအား ဂါရဝပြုလိုက်၏။

"ညီ့သည်တော်များ ခင်ဗျာ... အခုလို ကျွန်တော်ကျင်းပတဲ့ မြင်းပြိုင်ပွဲကို စိတ်အားထက်သန်စွာနဲ့လာရောက်အားပေးတာကို ဂုဏ်ယူဝမ်းသာပါတယ်... ကျေးဇူးလည်း တင်ပါတယ်"

ပရိသတ်များက လက်ခုပ်တီးလိုက်ကြ၏။

သူဌေးကြီးဝူက စကားဆက်လိုက်၏။

"ကျုပ် အခုလို မြင်းပြိုင်ပွဲကျင်းပရတဲ့အကြောင်းကတော့ တချို့မြင်းတွေဟာ အင်မတန်မျိုးကောင်းပြီး တန်ဖိုးရှိလှပါတယ်... ဒါပေမယ့် သူတို့ဟာ ဘယ်လောက်ထိ အရည်အချင်းရှိတယ်ဆိုတာ မသိကြပါဘူး... ဒီလိုမြင်းပြိုင်ပွဲကျင်းပပေးတော့မှ ဘယ်သူ့ရဲ့မြင်းဟာ ဘယ်လောက်အဖိုးတန်တယ်ဆိုတာ ဆုံးဖြတ်ပြီးသားဖြစ်သွားပါတယ်"

သူက စကားဆက်လိုက်၏။

"နောက်တစ်ခုကတော့ ဒီလိုမြင်းကောင်းမြင်းသန့်ဆီကနေ မျိုးပွားပေးဖို့ပါပဲ... မြင်းပြိုင်ပွဲပြီးလို့နှစ်ရက်ကြာရင် ထုံးစံအတိုင်း

မြင်းအံရောင်းအဝယ်၊ အလဲအလှယ်ကိစ္စကို စတင်မှာဖြစ်ပါတယ်... ကဲ... အားလုံးပဲ အောင်မြင်ကြပါစေဗျာ"

သူ့စကားဆုံးသည်နှင့် ဧည့်ပရိသတ်များက လက်ခုပ်တီးလိုက်ကြ၏။

ထို့နောက် မြင်းပြိုင်ပွဲကိုစတင်လိုက်ကြလေတော့သည်။

ယနေ့ယှဉ်ပြိုင်သောမြင်းမှာ အလွန်များ၏။

ထို့ကြောင့် တစ်ဖွဲ့လျှင် ဆယ်ကောင်နှင့်အုပ်စု(၇)စု ဖွဲ့လိုက်၏။

ထို့နောက် ယှဉ်ပြိုင်ပွဲကိုစတင်လိုက်၏။ မြင်းပြိုင်ပွဲမှာ အလွန်ပင် စိတ်ဝင်စားစရာကောင်းလှ၏။

ဧည့်ပရိသတ်များက ဆူညံစွာ အော်ဟစ်အားပေးကြ၏။

သူဌေးကြီးဝူးမှာလည်း မြင်းဝါသနာပါသူဖြစ်၍ မြင်းကောင်းများကိုမလွှတ်တမ်း အကဲခတ်နေ၏။

အားလုံးယှဉ်ပြိုင်ပြီးနောက် သူဌေးကြီးဝူးက အနိုင်ရရှိသော မြင်းများအား ကြေငြာလိုက်၏။



ပထမအဖွဲ့တွင် သိုင်းသမားကောက်ထင်း၏မြင်း...။ဒုတိယအဖွဲ့တွင် ရှီလျှံ၏မြင်း...။ တတိယအဖွဲ့တွင် ရန်ချင်းဟွား၏မြင်းနက်ကြီး...။ စတုတ္ထအဖွဲ့တွင် သံမဏိလက်ဝါးထုံစင်း၏မြင်း...။ ပဉ္စမအဖွဲ့တွင် ကွမ်းချီယင်း၏မြင်းဖြူကြီး...။ ဆဋ္ဌမအဖွဲ့တွင် ရန်ကျားဟုန်၏မြင်း...။ သတ္တမအဖွဲ့တွင် ယိစူး၏မြင်းတို့ဖြစ်၏။

ထိုမြင်းများအားလုံးမှာ ကောင်းမွန်ပြီး ပရိသတ်အားပေးမှုအများဆုံးရခဲ့သည့် မြင်းများဖြစ်၏။

ထိုမြင်းများအားလုံး ယှဉ်ပြိုင်ပြီး၍ အမွေးတိုင်တစ်တိုင်ခန့်ကုန်မှ ထပ်မံယှဉ်ပြိုင်ရန် သတ်မှတ်ကာ အနားပေးလိုက်ကြ၏။

ရန်ကျားဟုန်နှင့်ရန်ချင်းဟွားသည် ကုလားထိုင်ပေါ်တွင် သက်သောင့်သက်သာထိုင်ကာ အနားယူနေ၏။

ထိုစဉ် အနားသို့ကွမ်းချီယင်းရောက်လာ၏။

သူက ကုလားထိုင်တစ်လုံးတွင်ထိုင်ကာ...

"ရန်ကျားဟုန်... ခင်ဗျားရဲ့မြင်းကတော့ တကယ်ကောင်းတယ်ဗျာ"

ရန်ကျားဟုန်က ပြုံးကာ....

"ခင်ဗျားရဲ့မြင်းကလည်းကောင်းလို့ နိုင်တာပေါ့ဗျ"

ကွမ်းချီယင်းက ရယ်မောကာ....

"ဩော်... ဒါနဲ့ စောစောကမြင်းပြိုင်ပွဲစလို့စကားပြတ်သွားမယ်... ခင်ဗျားတို့လမ်းမှာ ဘာဖြစ်ခဲ့တာလဲ... ပြောပါဦးဗျာ"

ရန်ကျားဟုန်သည် လမ်းတွင် လင်းနို့များနှင့်တွေ့ဆုံခဲ့ရပုံများကို ပြန်လည်ပြောပြလိုက်၏။

ကွမ်းချီယင်းက သူ၏စကားကို ဆုံးအောင်နားထောင်ပြီးနောက် မျက်မှောင်ကုတ်သွား၏။

"သူတို့က နိုင်ဖုံးမြို့ကိုခေါ်တယ် ဟုတ်လား"

"ဟုတ်တယ်"

ကွမ်းချီယင်းက....

"ဒါဆိုရင် လင်းနို့အဖွဲ့မြို့ကပဲဖြစ်ရမယ်"

ရန်ကျားဟုန်က ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်... ကျုပ်လည်း အဲ့ဒီလိုယူဆတယ်"

"ဒါဆိုရင် ဒီလိုလုပ်ကြည့်ပါလား"

"ပြောပါဦး"

ကွမ်းချီယင်းက....



"ကျုပ်စောစောက လူတစ်ယောက်တွေ့လိုက်တယ်... အနိုင်ရတဲ့အဖွဲ့ထဲမှာပါတယ်... သံမဏိလက်ဝါးထုံစင်းတဲ့... သူက နိုင်ဖုံးမြို့ကပဲ"

ရန်ကျားဟုန်က စိတ်ဝင်စားလာ၏။

ကွမ်းချီယင်းက စကားဆက်လိုက်၏။

"သူက နိုင်ဖုံးမြို့က အာမခံဌာနတစ်ခုမှာ အလုပ်လုပ်တယ်... နိုင်ဖုံးမြို့မှာအပ်ပျောက်တာကအစ သူ သိတယ်... သူ့ဆီမှာစုံစမ်းရင် လင်းနို့အကြောင်းသိမယ်ထင်တယ်"

ရန်ချင်းဟွားက....

"အစ်ကိုကြီး... စုံစမ်းကြည့်ရင်ကောင်းမယ်"

ရန်ကျားဟုန်က ကွမ်းချီယင်းအား ကြည့်ကာ....

"ဒါဖြင့် ခင်ဗျားသွားခေါ်ခဲ့ပါလား"

ကွမ်းချီယင်းက....

"ကောင်းပြီ... ခေါ်လာခဲ့မယ်"

သူကပြောပြီး ထိုင်ရာမှထကာ ခြေလှမ်းသွက်သွက်ဖြင့်ထွက်ခွာသွားလေသည်။

မကြာမီ ကွမ်းချိုယင်း ပြန်ရောက်လာ၏။

သူနှင့်အတူ လူတစ်ယောက်ပါလာ၏။

ထိုလူမှာ မြင်းပြိုင်ပွဲစတုတ္ထအဖွဲ့တွင် အနိုင်ရသွားသော သံမဏိလက်ဝါးတုံစင်းဖြစ်မှန်း ရန်ကျားဟုန်တို့က သိလိုက်၏။

ကွမ်းချိုယင်းက သံမဏိလက်ဝါးတုံစင်းအား ရန်ကျားဟုန်တို့နှင့်မိတ်ဆက်ပေးလိုက်၏။

ရန်ကျားဟုန်က သံမဏိလက်ဝါးတုံစင်းအား ပြုံးပြကာ....

"မိတ်ဆွေက ခိုင်ဖုံးမြို့က ဟုတ်လား"

သံမဏိလက်ဝါးတုံစင်းက....

"ဟုတ်တယ်... ကျုပ်က ခိုင်ဖုံးမြို့မှာပဲ ကြီးပြင်းလာခဲ့တာ"

ရန်ကျားဟုန်က....

"ဒါဖြင့် ခင်ဗျားက ခိုင်ဖုံးမြို့က လူတွေနဲ့သိမှာပေါ့"

သံမဏိလက်ဝါးတုံစင်းက....

"သိတာပေါ့... ကျုပ်က ခိုင်ဖုံးမြို့အကြောင်းအားလုံး သိ



တယ်"

ရန်ကျားဟုန်က ပြုံးလိုက်၏။

"ဒါဆိုအတော်ပဲ... ကျုပ်က လူတစ်ယောက်အကြောင်းကို မေးချင်လို့"

သံမဏိလက်ဝါးတုံစင်းက....

"ဘယ်သူလဲ"

ရန်ကျားဟုန်က....

"လင်းနို့တဲ့... သူက လူတစ်ယောက်အမည်လား... အဖွဲ့အစည်းလားဆိုတာ သိချင်လို့ပါ"

သူ၏စကားကြောင့် သံမဏိလက်ဝါးတုံစင်း၏မျက်နှာ ကွက်ခနဲပျက်သွား၏။

သူက ခေါင်းခါယမ်းလိုက်၏။

"ဝမ်းနည်းပါတယ်... အဲ့ဒီနာမည် ကျုပ်ခိုင်ဖုံးမြို့မှာ မကြားဖူးပါဘူး"

ရန်ကျားဟုန်က....

"ကျုပ်ထင်တာတော့ အဖွဲ့အစည်းအမည်ဖြစ်မယ်ထင်တယ်... ဘာဖြစ်လို့လဲဆိုတော့ အဲ့ဒီလူတွေက လင်းနို့ပုံသဏ္ဍာန်ဝတ်ဆင်ကြတယ်... နောက်ပြီး သူတို့က ခိုင်ဖုံးမြို့မှာရှိတယ်တဲ့... ဒါ

ကြောင့် နိုင်ဖုံးမြို့မှာ အပ်ပျောက်တာကအစသိတဲ့ခင်ဗျားကို မေး ကြည့်တာပါ"

သံမဏိလက်ဝါးတုံစင်းက ခေါင်းကိုခပ်သွက်သွက် ခါယမ်း လိုက်၏။

"ဟင့်အင်း... ကျုပ်တော့ မကြားမိဘူး"

ရန်ကျားဟုန်က ပြုံးလိုက်၏။

"ခင်ဗျားကို အခုလို အနှောင့်အယှက်ပေးမိတာ စိတ်မ ကောင်းပါဘူးဗျာ"

သံမဏိလက်ဝါးတုံစင်းက....

"ကိစ္စမရှိပါဘူးဗျာ... ကဲ... ကျုပ်ကိုသွားခွင့်ပြုပါဦး"

သူကပြောပြီး လျင်မြန်စွာ ထွက်ခွာသွားလေတော့သည်။

ရန်ချင်းဟွားက ပခုံးတွန့်လိုက်၏။

သူမက သံမဏိလက်ဝါးတုံစင်း၏နောက်ကျောအား ကြည့် ကာ....

"ဘယ်လိုဖြစ်သွားတာပါလိမ့်"



ရန်ကျားဟုန်က ပြုံးလိုက်၏။

"သူက ကြောက်သွားတာပါ"

ရန်ချင်းဟွားက....

"ရှင်... ဘာကိုကြောက်တာလဲ"

ရန်ကျားဟုန်၏မျက်နှာတည်ကြည်သွား၏။

"လင်းနို့ကိုလေ...."

ရန်ချင်းဟွားက မျက်မှောင်ကုတ်ကာ....

"သူက လင်းနို့အကြောင်းသိနေလို့ထင်တယ်"

ရန်ကျားဟုန်က ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်... သူသိတာ သေချာတယ်"

ကွမ်းချိယင်းက....

"ကိစ္စမရှိပါဘူး... နိုင်ဖုံးမြို့မှာရှိတဲ့ အာမခံဌာနမှူးတစ် ယောက်က ကျုပ်နဲ့သိတယ်... ကျုပ်တို့သွားပြီးစုံစမ်းရင် သိရမှာပေါ့"

ရန်ကျားဟုန်က....

"ကောင်းတယ်... အာမခံဌာနမှူးဆိုတော့ နိုင်ဖုံးမြို့က အ ကြောင်းတွေတော်တော်သိမှာပဲ... နောက်ပြီး သိုင်းပညာလည်း အ ဆင့်မြင့်နိုင်တယ်... သူလိုလူကတော့ လင်းနို့အကြောင်းသိမှာပဲ"

ရန်ချင်းဟွားက ပြုံးကာ....

"သံမဏိလက်ဝါးတုံစင်းဆိုတဲ့လူကတော့ လင်းနို့လို့ကြားတာနဲ့ ကြောက်နေပုံရတယ်"

ကွမ်းချိုယင်းက သက်ပြင်းတစ်ချက်ချကာ....

"အင်း... ဒီလိုဆိုရင် လင်းနို့ဆိုတာ အတော်လျှို့ဝှက်ကြီးကျယ်တဲ့ဂိုဏ်းဆိုတာ ထင်ရှားနေတယ်"

ရန်ချင်းဟွားက ပြုံးလိုက်၏။

"ကျွန်မကတော့ လင်းနို့ကိုဖမ်းပြီး မွေးစားတော့မယ်"

သူမ၏စကားကြောင့် ရန်ကျားဟုန်တို့က ရယ်မောလိုက်လေတော့သည်။

အုပ်စုအဖွဲ့တွင်အနိုင်ရထားသောမြင်း(၇)ကောင်မှာ တာထွက်ရန် အသင့်ဖြစ်နေပြီဖြစ်၏။

"ဒေါင်...."

မောင်းသံတစ်ချက် ထွက်ပေါ်လာ၏။

"ဟိုင်း...."

ညာသံပေးကာဖြင့် မြင်း(၇)ကောင်မှာ တစ်ဟုန်ထိုးပြေးထွက်သွား၏။

ဧည့်ပရိသတ်များ၏အသံ ဆူညံစွာထွက်ပေါ်လာ၏။

"မြင်းနက်ကြီးကွ"

"ပြေးထား မြင်းဖြူရေ"

"ဟေ့... မိုးတိမ်ရေ... မြန်မြန်ပြေးကွ"

ကွင်းပြင်တစ်ခုလုံး ဆူညံစွာအော်ဟစ်နေကြ၏။

"ဟေး... မြင်းနက်ကြီးကွ"

ထိုအချိန်တွင် ရန်ချင်းဟွား၏မြင်းနက်ကြီးက ရှေ့ဆုံးမှပန်းဝင်သွားလေသည်။

ကျန်မြင်းများလည်း အသီးသီးဝင်လာကြ၏။ မြင်းပြိုင်ပွဲ ပြီးဆုံးသွား၏။

သူဌေးကြီးဝူးက စင်မြင့်ပေါ်တွင် အသံကျယ်လောင်စွာဖြင့်....

"ပြိုင်ပွဲပြီးဆုံးသွားပါပြီခင်ဗျာ... ရန်ချင်းဟွားရဲ့မြင်းက ပထမပန်းဝင်သွားပါတယ်... ဒုတိယကတော့ ယီစူးရဲ့မြင်းပါ... တတိယကတော့ သံမဏိလက်ဝါးတုံစင်းရဲ့မြင်း ဖြစ်ပါတယ်"

ဟု ဆုကြေငြာလိုက်၏။

"ဖြောင်း... ဖြောင်း... ဖြောင်း"

ပရိသတ်များထံမှလက်ခုပ်သံများ ဆူညံစွာထွက်ပေါ်လာ၏။

ထို့နောက် သူဌေးကြီးဝူးက ရန်ချင်းဟွားအား ဆုငွေချီးမြှင့်ကာ ကျန်လူများအား လက်ဆောင်များ အသီးသီးပေးအပ်လိုက်၏။

အားလုံးပြီးဆုံးသွားသောအခါ ဧည့်သည်များအား ညစာဖြင့် ကျွေးမွေးဧည့်ခံလိုက်လေတော့သည်။

ခြင်္သေ့ရဲတိုက်....။

ခြင်္သေ့ရဲတိုက်သည် မြင်းပြိုင်ပွဲကျင်းပသောနေရာနှင့် တစ်မိုင်ခန့်သာ ကွာဝေး၏။

ခြင်္သေ့ရဲတိုက်မှာ အလွန်သာယာပြီး ကျယ်ပြန့်သောတောင်ကုန်းတစ်ခုပေါ်တွင် တည်ဆောက်ထား၏။

ရဲတိုက်မှာကြီးကျယ်ပြီး ခန့်ညားလှ၏။

ရဲတိုက်၏အပြင်ဘက်ရှိ မြင်းများသိုလှောင်ထားသောမြင်းဇောင်းမှာ အလွန်ပင်ကျယ်ဝန်းလှ၏။

ရဲတိုက်ဝင်းအတွင်းရှိ မြေကွက်လပ်ပေါ်တွင် ခုံတန်းရှည်များ အသင့်ခင်းကျင်းထား၏။



ရှည်လျားသောစားပွဲပေါ်တွင် ဟင်းလျာများနှင့်အရက်များ အသင့်ပြင်ထား၏။

အားလုံးသောလူများမှာ အသီးသီးနေရာယူကာ စားသောက်လိုက်ကြ၏။

သူဌေးကြီးဝူးက အားလုံးအား လိုလေသေးမရှိအောင်ပင် ဂရုစိုက်၏။

ဧည့်သည်များသည် စားသောက်ရင်း အချင်းချင်း စကားပြောနေကြ၏။

ထိုဧည့်သည်များအားကြည့်ကာ ရန်ကျားဟုန်မှာ စိတ်ကူးရလာ၏။

သူက ဤမျှများပြားလှသောပရိသတ်များအား လင်းနို့အကြောင်းပြောပြလျှင် တစ်ယောက်မဟုတ်တစ်ယောက်က သိနေလိမ့်မည်ဟု ယုံကြည်၏။

ထို့ကြောင့် သူက လင်းနို့အကြောင်း ထုတ်ဖော်ပြောပြလိုက်လေတော့သည်။

ရန်ကျားဟုန်သည် လမ်းခရီးတွင်တွေ့ကြုံခဲ့ရသည့် လင်းနို့အကြောင်းအား ပြောပြလိုက်၏။

ဧည့်သည်များအားလုံးက သူ့စကားအား စိတ်ဝင်စားစွာနားထောင်နေကြ၏။

ထို့နောက် တစ်ယောက်တစ်ပေါက်ဝေဖန်နေကြ၏။

ရန်ကျားဟုန်က ဧည့်သည်များအား တစ်ချက်ဝေ့ကြည့်လိုက်၏။

"မိတ်ဆွေများခင်ဗျာ… အခု ကျွန်တော်ကြုံတွေ့ခဲ့ရတဲ့လင်းနို့ဆိုတဲ့အဖွဲ့ဟာ သိုင်းလောကကို စိုးမိုးဖို့ရည်ရွယ်ချက်ရှိပုံရတယ်… ဒါကြောင့် မိတ်ဆွေတို့ထဲက လင်းနို့အကြောင်းသိတဲ့လူရှိရင် ပြောပြကြပါလို့ မေတ္တာရပ်ခံပါတယ်ခင်ဗျာ"

ဟု ဖိတ်ခေါ်လိုက်၏။

သူဌေးကြီးဝူးမှာ အံ့အားသင့်နေ၏။

"လင်းနို့က ခင်ဗျားတို့မောင်နှမကို ဘာကြောင့်နိုင်ဖုံးမြို့ကို



ခေါ်တာလဲဆိုတာ မပြောပြဘူးလား"

ရန်ကျားဟုန်က ခေါင်းခါယမ်းလိုက်၏။

"မပြောပြပါဘူးခင်ဗျာ"

သူဌေးကြီးဝူးက မျက်မှောင်ကုတ်သွား၏။

"အင်း… ကြည့်ရတာ အင်မတန်ကြောက်စရာကောင်းပြီး လျှို့ဝှက်တဲ့အဖွဲ့အစည်းဖြစ်မယ် ထင်တယ်"

ထိုစဉ် လူတစ်ယောက်က မတ်တတ်ထရပ်လိုက်၏။

"အခုပြောတဲ့စကားတွေကြားတော့ ကျုပ်တစ်ခု သတိရမိတယ်"

ဟု ပြောလိုက်၏။

သူ၏အသံကြောင့် အားလုံးက စိတ်ဝင်စားသွား၏။ သူဌေးကြီးဝူးက လှည့်ကြည့်လိုက်၏။

ထိုလူအား သူက ကောင်းစွာ သိ၏။

"ယိစူးပါလား… ပြောစမ်းပါဦး"

ယိစူးက အနည်းငယ် စဉ်းစားကာ….

"လွန်ခဲ့တဲ့တစ်လလောက်က ကျုပ်ရဲ့မိတ်ဆွေတစ်ယောက်ခရီးသွားရင်း ညဘက်မှာအသတ်ခံလိုက်ရတယ်"

အားလုံးက စိတ်ဝင်စားသွားကြ၏။

ယိစူးက စကားဆက်လိုက်၏။

"လူသတ်သမား ဘယ်သူဘယ်ဝါဆိုတာ အခုထိ မသိရသေးပါဘူး... အဲဒါလင်းနို့အဖွဲ့ကများဖြစ်မလား မသိဘူး"

ထိုစဉ် လူတစ်ယောက်ကလည်း ထရပ်လိုက်၏။

ထိုလူမှာ သိုင်းသမားကောက်ထင်းဖြစ်မှန်း အားလုံးသိကြ၏။

သိုင်းသမားကောက်ထင်းက....

"ကျုပ်နာမည်က ကောက်ထင်း... အစ်ကိုကြီးယိစူးပြောမှ ကျုပ်လည်း သတိရမိတယ်"

သူဌေးကြီးဝူးက....

"အင်း... ပြောပါဦး"

သိုင်းသမားကောက်ထင်းက....

"လွန်ခဲ့တဲ့(၅)ရက်က နဂါးသိုင်းသမား ညဘက်မှာ အသတ်ခံရပါတယ်... အဲဒီအတွက် တရားခံကိုမမိသေးပါဘူး... အဲဒါလင်းနို့နဲ့ ပတ်သက်နေမလား မသိဘူး"

ဟု ပြောလိုက်၏။

သူဌေးကြီးဝူးက....

"နဂါးသိုင်းသမားက သိုင်းလောကမှာကျော်ကြားတာပဲ..



သူလိုလူတောင် အသတ်ခံရတယ်ဆိုတာ စဉ်းစားစရာဖြစ်နေပြီ"

သိုင်းသမားကောက်ထင်းက စကားဆက်လိုက်၏။

"သူက ညဘက်မှာအသတ်ခံရတယ်ဆိုတာ အလောင်းစစ်အရာရှိက သက်သေထူပါတယ်"

ကွမ်းချီယင်းက ယိစူးဘက်လှည့်ကာ....

"ခင်ဗျားရဲ့မိတ်ဆွေအသတ်ခံရတာလည်း ညဘက်ပဲနော်"

ယိစူးက ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်"

ကွမ်းချီယင်းက မျက်မှောင်ကုတ်သွား၏။

"အင်း... သူတို့နှစ်ယောက်ရဲ့မိတ်ဆွေတွေက ညဘက်မှာအသတ်ခံရတာဆိုတော့ လင်းနို့နဲ့ပတ်သက်နေတာ သေချာတယ်ဗျ"

ရန်ကျားဟုန်က....

"ဟုတ်တယ်... အဲဒီလူတွေ ကျုပ်တို့ကိုတိုက်ခိုက်တာလဲ ညဘက်တွေပဲ"

သူဌေးကြီးဝူးက မျက်မှောင်ကုတ်သွား၏။

သူက သံမဏိလက်ဝါးတုံစင်းဘက်သို့လှည့်လိုက်၏။

"တုံစင်း... ခင်ဗျားက ခိုင်ဖုံးမြို့မှာနေတာနော်"

သံမဏိလက်ဝါးတုံစင်းက ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်"

သူဌေးကြီးဝူးက....

"ဒါဖြင့် နိုင်ဖုံးမြို့မှာ ဘာတွေထူးထူးခြားခြား ဖြစ်သေးလဲ"

သံမဏိလက်ဝါးတုံစင်းက....

"ဘာမှမဖြစ်ပါဘူး... ဪ.... တစ်ခုတော့ရှိတယ်ဗျ"

သူဌေးကြီးဝူးက....

"ဘာများလဲ... ပြောပါဦး"

သံမဏိလက်ဝါးတုံစင်းက အနည်းငယ်စဉ်းစားကာ...

"ကျုပ်တို့မြို့မှာ မြို့တော်ဝန်ရဲ့သမီးလေး ထူးထူးဆန်းဆန်း ပျောက်ဆုံးနေတယ်ဗျ"

သူဌေးကြီးဝူးက အံ့အားသင့်သွား၏။

"ဟာ... မြို့တော်ဝန်ရဲ့သမီးတစ်ယောက်လုံး ပျောက်နေတဲ့ ကိစ္စက ပေါ့သေးသေးမှမဟုတ်တာ"

သံမဏိလက်ဝါးတုံစင်းက ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်... ဒါကြောင့်လည်း နိုင်ဖုံးမြို့က စုံစမ်းထောက်လှမ်းရေးသမားတွေက ဒီကိစ္စကိုစုံစမ်းနေကြပါတယ်... ဒါပေမယ့် အခုအချိန်အထိ သဲလွန်စမရသေးပါဘူး"

ရန်ကျားဟုန်က မျက်မှောင်ကုတ်ကာ...



"သူက ဘယ်လိုပျောက်သွားတာလဲဗျ"

သံမဏိလက်ဝါးတုံစင်းက.....

"သူက ညဘက်အိပ်ရာထဲဝင်တဲ့အထိ အားလုံးတွေ့ကြပါတယ်... ဒါပေမယ့် မနက်မိုးလင်းတော့ လုံးဝမတွေ့ဘဲ ပျောက်ဆုံးနေမှန်း သိကြရတာပါ"

ရန်ကျားဟုန်က....

"သူ့ရုပ်ရည်က ချောမောလို့လား"

သံမဏိလက်ဝါးတုံစင်းက....

"ဟုတ်ကဲ့... အလွန်လှတဲ့မိန်းကလေးပါ... ဒါကြောင့်လည်း တချို့က ပြန်ပေးဆွဲတယ်လို့ ထင်နေကြပါတယ်"

ရန်ကျားဟုန်က သက်ပြင်းတစ်ချက်ချလိုက်၏။

"အင်း... ပြန်ပေးဆွဲခံရတာဆိုရင်လည်း ပြန်ပေးဆွဲတဲ့လူက တော်တော်ရဲတင်းလို့ဖြစ်မယ်"

သံမဏိလက်ဝါးတုံစင်းက....

"အဲ့ဒီအတွက် မြို့ဝန်မင်းလည်း စိတ်မချမ်းမသာဖြစ်နေပါတယ်... တကယ်ပြန်ပေးဆွဲခံရတာဆိုရင်တော့ အကြောင်းကြားစာတစ်ခုခု ရောက်မှာ မလွဲဘူး... အခုတော့ ဘာသဲလွန်စမှကိုမရဘူး"

ထိုစဉ် လူတစ်ယောက်က ထရပ်လိုက်၏။

"မိန်းကလေးပျောက်တဲ့အကြောင်းပြောမှ သတိရတယ်... ကျုပ်တို့ကျင်းလိန်မြို့မှာလည်း မိန်းကလေးတစ်ယောက်ပျောက်ဆုံးတဲ့အမှု ဖြစ်နေပါတယ်"

သူဌေးကြီးဝူးက....

"ဩော်... ရိုလျှံ... ခင်ဗျားတို့ကျင်းလိန်မှာ အခုဖြစ်နေတာလား"

ရိုလျှံက ခေါင်းညိတ်လိုက်၏။

"ဟုတ်ကဲ့... တစ်လလောက်တော့ ကြာပါပြီ"

သူဌေးကြီးဝူးက....

"အဖြစ်အပျက်ကို ပြောပါဦး"

ရိုလျှံက....

"ကျင်းလိန်မြို့က ချမ်းသာကြွယ်ဝတဲ့ ကုန်သည်ကြီးကျူရဲ့ တစ်ဦးတည်းသောသမီးလေးကလည်း အဲ့ဒီလိုပဲ ညဘက်ထိတွေ့ရပြီး နောက်တစ်နေ့မှာ ပျောက်ဆုံးသွားပါတယ်... ကုန်သည်ကြီးကျူက သူ့သမီးကိုရှာပေးနိုင်တဲ့လူကို ငွေတစ်သောင်းဆုချီးမြှင့်မယ်လို့ ကြေညာထားပါတယ်"

ကွမ်းချီယင်းက....

"ငွေတစ်သောင်းဆိုတာမနည်းဘဲ... ပြန်ပေးဆွဲတဲ့လူဆိုရင် ပြန်လွှတ်ပေးမှာပေါ့"

ရိုလျှံက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်... ဒါပေမယ့် အခုချိန်ထိ ဘာသတင်းမှမကြားသေးပါဘူး"

ရန်ကျားဟုန်က....

"အင်း... ထူးခြားမှုတော့ဖြစ်နေပြီ... သိုင်းလောကအတွက် စိုးရိမ်စရာကောင်းနေပြီ... အခုတလော သိုင်းလောကမှာသွေးချောင်းစီးတိုက်ပွဲတွေမဖြစ်လို့ စိတ်အေးချမ်းနေတာ... အခုတော့ ပြဿနာတွေ အတော်များနေတာပဲ"

သူဌေးကြီးဝူးသည် ဧည့်သည်များအားလုံး စိတ်ရှုပ်ထွေးနေသည်ကိုတွေ့ရသဖြင့် အသံကျယ်လောင်စွာဖြင့်....

"ကဲ... မိတ်ဆွေတို့ အားလုံးပဲ စိတ်အနှောင့်အယှက်မဖြစ်ကြပါနဲ့ဗျာ... အားရပါးရစားကြပါ... ဖြစ်လာသမျှ ပြဿနာကိုအားလုံးအတူ ရင်ဆိုင်ကြတာပေါ့"

သူက ယင်းသို့ပြောကာ အရက်တစ်ခွက်အား မော့ချလိုက်၏။

ထိုအခါမှ ကျန်လူများကလည်း အသီးသီးပြန်လည်စားသောက်လိုက်၏။

အတန်ကြာမှ သူဌေးကြီးဝူးက သက်ပြင်းတစ်ချက်ချကာ....

"ကျုပ်ကတော့ သိုင်းလောကအတွေ့အကြုံများပါတယ်.. သိုင်းလောကသားတွေနဲ့လည်း အမြဲပတ်သက်နေရတော့ သိုင်းလောကအခြေအနေကို နားလည်ပါတယ်... သိုင်းလောကမှာ ဒီလိုထူးဆန်းတဲ့အဖြစ်အပျက်တွေက မကြာခဏ ဖြစ်ပေါ်နေပါတယ်"

သူက အားလုံးအား ဝေ့ကြည့်ပြီးမှ စကားဆက်လိုက်၏။

"ဒါပေမယ့် ဘယ်လောက်ပဲ ထူးဆန်းလျှို့ဝှက်ပေမယ့် တစ်ချိန်ကျရင် အမှန်တရားဟာ ပေါ်ပေါက်လာစမြဲပါ.. ဒါကြောင့် အားလုံးပဲ အခု ပျော်ပျော်ပါးပါး သုံးဆောင်ကြပါ.. ခေါင်းအေးအေးနဲ့ စဉ်းစားပြီး လင်းနို့အဖွဲ့ကို ဖော်ထုတ်ကြတာပေါ့"

သူ၏စကားကြောင့် အားလုံးက စိတ်သက်သာရာရသွားကာ စားသောက်ဖွယ်ရာများကိုစားသောက်လိုက်၏။

သူဌေးကြီးဝူးက ထရပ်လိုက်ပြန်၏။ အားလုံးက သူ့အား လှည့်ကြည့်လိုက်ကြ၏။

သူဌေးကြီးဝူးက လက်နှစ်ဖက်ဆုပ်ကာ....

"ကျုပ်စကားတစ်ခွန်းလောက် ကြားဖြတ်ပြောပါရစေ"

ရယ်မောစားသောက်နေသော ဧည့်ပရိသတ်များမှာ သူ့စကားအား နားစွင့်လိုက်ကြ၏။



သူဌေးကြီးဝူးက....

"ကျုပ်ဘဝမှာ မြင်းကိုတော်တော်စိတ်ဝင်စားနှစ်သက်ခဲ့ပါတယ်... ငယ်ငယ်ကတည်းက မြင်းအမျိုးမျိုးကို မွေးမြူခဲ့ဖူးပါတယ်"

သူက ခေတ္တစကားရပ်ပြီးမှ ပြန်ဆက်လိုက်၏။

"အခု အကောင်းဆုံးမြင်း(၇)ကောင်က ကျုပ်ဆီမှာ စုဝေးနေပါတယ်... ဒါကြောင့် အခွင့်ကြုံတုန်း ကျုပ်က ပန်းချီဆရာတစ်ယောက်ကိုခေါ်ပြီး မြင်း(၇)ကောင်ရဲ့ပုံကို ပန်းချီရေးဆွဲချင်ပါတယ်... အားလုံးပဲ ခွင့်ပြုပေးကြပါလို့ မေတ္တာရပ်ခံပါတယ်"

ရှိလျှံက....

"သူဌေးကြီးဝူးက ဘယ်ပန်းချီဆရာကို ခေါ်ထားတာလဲဗျာ"

သဌေးကြီးဝူးက ပြုံးကာ....

"ပန်းချီဆရာမာလုပါ.. သူက ခိုင်ဖုံးမြို့ကပါ... ပန်းချီတွေထဲမှာ အဓိကတော့ မြင်းပုံဆွဲတာ အကျွမ်းကျင်ဆုံးပါပဲ"

ရန်ကျားဟုန်သည် ပန်းချီဆရာမာလု၏အကြောင်းအား ကြားဖူးထား၏။

"ပန်းချီဆရာမာလုရေးဆွဲမယ်ဆိုရင်တော့ ဒီပန်းချီကားက အဖိုးထိုက်တန်မှာ သေချာပါတယ်... ကျုပ်ကတော့ သဘောတူပါတယ်"

ကျန်လူများအားလုံးကလည်း ခေါင်းညိတ်ကာ သဘောတူလိုက်ကြ၏။

သို့သော် သံမဏိလက်ဝါးတုံစင်းမှာ အခက်ကြုံနေ၏။

"ကျုပ်ကလည်း သဘောတူချင်ပါတယ်... ဒါပေမယ့် ကျုပ်မှာ အပ်ထားတဲ့ပစ္စည်းကိုအချိန်မီပို့ဖို့ တာဝန်ရှိပါသေးတယ်"

သူဌေးကြီးဝူးက....

"ခင်ဗျားရဲ့အာမခံပစ္စည်းတွေကို ဘယ်နေ့အရောက်ပို့ပေးရမှာလဲဗျ"

တုံစင်းက....

"နှစ်ဆယ်ရက်နေ့ အရောက်ပို့ရမှာပါ"

သူဌေးကြီးဝူးက မျက်မှောင်ကုတ်သွား၏။

သူက စိတ်ပျက်စွာဖြင့် လေတစ်ချက်မှုတ်ထုတ်ကာ....

"အင်း... ဒီနေ့က ဆယ့်ငါးရက်နေ့... ခိုင်ဖုံးမြို့ကိုပြန်ရမှာနဲ့ဆိုတော့ မမီနိုင်ဘူးထင်တယ်"

သံမဏိလက်ဝါးတုံစင်းက ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်... ဒါကြောင့် ကျုပ်က အချိန်မီသွားရမှာပါ... ဒီစားသောက်ပွဲပြီးရင် သွားဖို့စဉ်းစားထားပါတယ်"

သူဌေးကြီးဝူးက စိတ်ပျက်သွား၏။



"ဒါဖြင့် အကောင်းဆုံးမြင်း(၇)ကောင်ရဲ့ပန်းချီကားပုံကို မဆွဲနိုင်တော့ဘူးပေါ့"

သံမဏိလက်ဝါးတုံစင်းမှာ အားတုံ့အားနာဖြစ်သွား၏။

"အင်း... ဒါဖြင့် မြင်းတစ်ကောင်ဆွဲရင် အချိန်ဘယ်လောက်ကြာအောင် ဆွဲရသလဲဗျာ"

သူဌေးကြီးဝူးက....

"သေချာတော့ မသိဘူးဗျ... တစ်နေ့တစ်ကောင်နှုန်းနဲ့ဆွဲရင်တောင် (၇)ရက် ကြာနိုင်တယ်"

သံမဏိလက်ဝါးတုံစင်းက....

"ဒါဖြင့် ကျုပ် မြင်းကိုအရင်ဆုံးဆွဲမယ်ဆိုရင်တော့ ဖြစ်နိုင်မယ်ထင်တယ်"

သူဌေးကြီးဝူးက....

"မဖြစ်နိုင်ဘူးဗျ... ပန်းချီဆရာမာလုက မနက်ဖြန်မွန်းတည့်ပြီးချိန်မှ စဆွဲနိုင်မယ်လို့ပြောပါတယ်"

သံမဏိလက်ဝါးတုံစင်းက မျက်မှောင်ကုတ်သွား၏။

"ဘာဖြစ်လို့လဲဗျ"

သူဌေးကြီးဝူးက....

"သူက အရက်ကို အလွန်အကျွံသောက်ထားလို့ အခုအချိန်

ထိ အမှုးမပြေသေးပါဘူး"

သံမဏိလက်ဝါးတုံစင်းက ပါးစပ်ပိတ်သွား၏။

ယီစူးက....

"ကျုပ် အကြံတစ်ခုရတယ်"

ဟု ပြောလိုက်၏။

သူဌေးကြီးဝူးက စိတ်ဝင်စားကာ....

"ဘယ်လိုအကြံလဲ... ပြောပါဦးဗျ"

ယီစူးက သံမဏိလက်ဝါးတုံစင်းအား စိုက်ကြည့်ကာ....

"ဒီကမိတ်ဆွေကြီးတုံစင်းက ခြင်္သေ့ရဲတိုက်ကို ယုံကြည်သလားဗျ"

ဟု မေးလိုက်၏။

သံမဏိလက်ဝါးတုံစင်းက....

"ဟာ... ဘယ်လိုပြောလိုက်တာလဲဗျာ... ခြင်္သေ့ရဲတိုက်က နယ်နယ်ရရမှမဟုတ်တာ... ကျုပ် ယုံကြည်ပါတယ်ဗျာ"

ယီစူးက ခေါင်းညိတ်လိုက်၏။

"ကောင်းပြီ... ခင်ဗျားက ခြင်္သေ့ရဲတိုက်ကို ယုံကြည်တယ်ဆိုရင် ခင်ဗျားရဲ့မြင်းကိုထားခဲ့ပါလား... နိုင်ဖုံးမြို့ကိုပြန်ဖို့ တခြားမြင်းကိုငှားသွားပေါ့... သူဌေးကြီးဝူးက ပန်းချီကားကိုဆွဲပြီးရင် ခင်ဗျားရဲ့



"ကျေးဇူးတင်ပါတယ်ဗျာ... ပန်းချီကားကိုဆွဲပြီးတာနဲ့ မိတ်ဆွေကြီးဆီ အရောက်ပြန်ပို့ပေးပါ့မယ်"

သံမဏိလက်ဝါးတုံစင်းက ပြုံးလိုက်၏။

"ကဲ... ဒါဆိုရင်တော့ ကျုပ်ကို အခုပဲ ခရီးထွက်ခွင့်ပြုပါတော့"

သူဌေးကြီးဝူးက ခေါင်းညိတ်လိုက်၏။

"ကောင်းပါပြီ"

သူသည် ရဲတိုက်မှလူများအား သံမဏိလက်ဝါးတုံစင်း ခရီးထွက်ရန် မြင်းတစ်ကောင်စီစဉ်ပေးရန် အမိန့်ပေးလိုက်လေတော့သည်။

မြင်းကိုနိုင်ဖုံးမြို့အရောက် ပြန်ပို့ပေးမှာပေါ့"

သူဌေးကြီးဝူးမှာ အလွန်ပင် အားနာသွား၏။

"မလုပ်ပါနဲ့ဗျာ... အားနာဖို့ကောင်းပါတယ်"

ယီစူးက ပခုံးတစ်ချက်တွန့်ကာ....

"ဘာဘဲ... ကျုပ်ပြောတဲ့နည်းလမ်းထက် ပိုကောင်းတဲ့နည်းလမ်း ခင်ဗျားမှာရှိလို့လား"

သူဌေးကြီးဝူးက....

"မရှိပါဘူး"

ယီစူးက....

"ဒါဖြင့် ဘာကြောင့်ငြင်းမှာလဲ"

သံမဏိလက်ဝါးတုံစင်းက သက်ပြင်းတစ်ချက်ချကာ....

"ဟုတ်ပါတယ်... ခင်ဗျားပြောတဲ့နည်းက မဆိုးပါဘူး... အဲ့ဒီအတိုင်းပဲ လုပ်ပါတော့မယ်"

ယီစူးက ပြုံးလိုက်၏။

"အဲ့ဒီလိုပဲဖြစ်ရမှာပေါ့... အကောင်းဆုံးမြင်း(၇)ကောင်ကိုစုစည်းပြီး ပန်းချီဆွဲတယ်ဆိုတာ အင်မတန် အဖိုးတန်ပါတယ်... ဒါကြောင့် အားလုံးက ဝိုင်းဝန်းကူညီရမှာပေါ့"

သူဌေးကြီးဝူးက ယီစူးနှင့်တုံစင်းအား ဦးညွတ်လိုက်၏။



ပန်းချီဆရာမာလု

အကောင်းဆုံးမြင်း(၇)ကောင်အား တစုတစည်းနှင့်ပန်းချီဆွဲနိုင်မည့်ကိစ္စ အဆင်ပြေသွားပြီ ဖြစ်၏။

အားလုံးသောလူများမှာ သူဌေးကြီးဝူး၏ မေတ္တာရပ်ခံချက်ကြောင့် ခြသေ့ရဲတိုက်တွင်ပင် တည်းခိုကြ၏။

နောက်တစ်နေ့နံနက်တွင် ဧည့်သည်များမှာ ဧည့်ခန်းမထဲတွင် စုရုံးရောက်ရှိနေ၏။

သူဌေးကြီးဝူးက သူတို့အား နံနက်စာများဖြင့် ဧည့်ခံရင်း....

"ကဲ.... အားလုံးပဲ သုံးဆောင်ကြပါဦး... ကျုပ်သား ဝူးရှောင်က ပန်းချီဆရာကိုသွားခေါ်နေတာ ပြန်ရောက်ပါတော့မယ်"

သူကပြောရင်း ပြတင်းပေါက်မှတစ်ဆင့် အပြင်ဘက်သို့ ကြည့်လိုက်၏။

ထိုစဉ် ဝူးရှောင်က အဘိုးအိုတစ်ယောက်အား ခေါ်ဆောင်လာသည်ကိုတွေ့လိုက်ရ၏။

အကောင်းဆုံးမြင်း(၇)ကောင်မှာ မြင်းဇောင်းထဲတွင်ရှိနေ၏။

ဝူးရှောင်က ပန်းချီဆရာမာလုအား မြင်းဇောင်းထဲမှ မြင်းတစ်ကောင်စီအား ညွှန်ပြ၍ သူတို့၏အမည်များကိုပြောပြလိုက်၏။

ပန်းချီဆရာမာလုက ခေါင်းခါယမ်းလိုက်၏။

"ကျုပ်က သည်အတိုင်းရေးဆွဲလို့ ဘယ်ဖြစ်မလဲ"

ဝူးရှောင်က မျက်မှောင်ကုတ်သွား၏။

"ဘာဖြစ်လို့လဲ"

ပန်းချီဆရာမာလုက....

"ကျုပ်က မြင်းပုံကိုရေးဆွဲတဲ့အခါ ဘာဖြစ်လို့ မာလုဆိုပြီး ကျော်ကြားတာလဲ... သိလား"

ဝူးရှောင်က ခေါင်းခါယမ်းလိုက်၏။

"မသိပါဘူးဗျာ"

မာလုက....

"ဒီလိုပါ... ကျုပ်က မြင်းတစ်ကောင်ကိုရေးဆွဲတဲ့အခါ တစ်နေ့တည်းနဲ့ပြီးအောင် ရေးဆွဲနိုင်ပါတယ်... ဒါပေမယ့် မြင်းရဲ့သဘာဝနဲ့



ထူးခြားမှု လက္ခဏာကိုသိနိုင်ဖို့ မြင်းတစ်ကောင်ကိုသုံးလေးရက်လောက် ထိုင်ကြည့်နေရတယ်"

ဝူးရှောင်က ခေါင်းညိတ်လိုက်၏။

မာလုက....

"ကျုပ်က သူတို့ရဲ့ထူးခြားမှု... သဘာဝတွေကိုမသိဘဲနဲ့ ဘယ်တော့မှမဆွဲတတ်ပါဘူး"

ဝူးရှောင်က ခေါင်းညိတ်လိုက်၏။

"ဒါကြောင့်လည်း ဆရာကြီးရဲ့ပန်းချီကားတိုင်းက ဒီလောက် အောင်မြင်နေတာကိုး"

မာလုက မြင်း(၇)ကောင်အား စေ့စေ့စပ်စပ်ကြည့်ကာ....

"ဒီမြင်းတွေကတော့ တော်တော်လှပပြီး ထူးခြားတဲ့မြင်းတွေပါ... ဒါပေမယ့် ဒီအတိုင်းဆိုရင်တော့ ကျုပ် မဆွဲနိုင်ဘူး"

ဝူးရှောင်က....

"ဘာဖြစ်လို့လဲဗျာ"

မာလုက....

"မင်းတို့က သူတို့ကိုမြင်းဇောင်းထဲမှာထည့်ထားတော့ သူတို့ရဲ့ထူးခြားတဲ့အသွင်အပြင်... အလေ့အကျင့်တွေကို ကျုပ်က ဘယ်လိုလုပ်လေ့လာနိုင်မှာလဲ... မသိရင် ကျုပ်က ဆွဲတတ်ဘူး"

ဝူးရှောင်က အနည်းငယ်စဉ်းစားကာ....

"ကျွန်တော် သဘောပေါက်ပြီ... သူတို့ကိုလွှတ်ပေးပြီး လွတ်လွတ်လပ်လပ် ထားပါ့မယ်"

မာလုက ခေါင်းညိတ်လိုက်၏။

"ကောင်းတယ်... ဒါပေမယ့် သူတို့ကိုသီးခြားတစ်နေရာမှာ ထားပါ... တခြားမြင်းတွေနဲ့ ရောမထားပါနဲ့...."

ဝူးရှောင်က ခေါင်းညိတ်လိုက်၏။

"ကောင်းပါပြီ... ဟိုဘက်တောင်ကုန်းရဲ့အနောက်ဘက်မှာ မြင်းတွေလေ့ကျင့်တဲ့ကွင်းတစ်ခု ရှိပါတယ်... သူတို့ကို အဲ့ဒီခြံဝင်းထဲမှာ ထားပါ့မယ်"

မာလုက ခေါင်းညိတ်လိုက်၏။

"ကောင်းပြီ... အဲ့ဒီမှာ ကျူပ်အတွက် ကုလားထိုင်တစ်လုံးပါ ထားပါ... ကျူပ်က သူတို့ကို စိတ်ဝင်စားရင် ဝင်စားသလို နေ့ရောညပါ ထိုင်ကြည့်တတ်တယ်"

ဝူးရှောင်က....

"စိတ်ချပါ... ဆရာကြီးစိတ်တိုင်းကျ လုပ်ပေးပါ့မယ်"

မာလုက ခေါင်းညိတ်လိုက်၏။

ဝူးရှောင်က....



"ဒီမြင်းတွေကို ကွင်းထဲထည့်ဖို့ ကျွန်တော် အခုပဲ စီစဉ်လိုက်ပါ့မယ်"

သူကပြောပြီး မြင်းများအားထုတ်ရန် ရဲတိုက်မှလူများအား အမိန့်ပေးလိုက်လေတော့သည်။

ခြသေ့ဲရဲတိုက်သည် မြေဧရိယာငါးရာခန့် ပိုင်ဆိုင်၏။

မြင်းထားသောခြံဝင်းခတ်ထားသည့် ကွင်းပေါင်း(၁၀)ကွင်း ရှိ၏။

မြင်းထားမည့်ကွင်းများထဲတွင် သစ်ပင်များစိုက်ထားသဖြင့် အလွန်ပင် သင့်တော်လှ၏။

ဝူးရှောင်သည် မြင်းပိုင်ရှင်များအား မြင်းထားသည့်ကွင်းသို့ ခေါ်ဆောင်လာရင်း မြင်းမွေးမြူရေးအကြောင်းများကို ရှင်းပြလိုက်၏။

မကြာမီ သူတို့သည် အစွန်ဆုံးရှိမြင်းများထားသည့် ကွင်းသို့ ရောက်ရှိလာ၏။

ခြသေ့ဲရဲတိုက်မှလူများသည် မြင်း(၇)ကောင်အား ကွင်းထဲ

တွင် လွှတ်ပေးလိုက်ပြီဖြစ်၍ မြင်းများမှာ သဘောဝအလျောက် ပျော်ရွှင်စွာ ခုန်ပေါက်နေကြသဖြင့် အလွန်ပင် ကြည့်ကောင်းလှ၏။

ပန်းချီဆရာမာလုသည် မြင်းကွင်း၏အပြင်ဘက်တွင် ကြိမ်ကုလားထိုင်တစ်လုံး၌ အေးဆေးစွာ ထိုင်ကြည့်နေ၏။

သူနံဘေးတွင် စားပွဲတစ်လုံးချထားပြီး အရက်ကရားနှင့်စားစရာများ ချထားသည်ကိုတွေ့ရ၏။

မာလုသည် ဝူးရှောင်တို့လူစုအား တွေ့သည်နှင့် လှမ်းအော်ပြောလိုက်၏။

"ဟေ့… ဒီနေရာ မဆိုးဘူးကွ… ကျုပ်ကောင်းကောင်းလေ့လာနိုင်တယ်… ဒါပေမယ့် ကျုပ်ကိုအနှောင့်အယှက်လာမပေးကြနဲ့… ကျုပ် အိပ်ငိုက်လာရင်ဖြစ်စေ… မူးနေရင်ဖြစ်စေ… ဘယ်သူမှအနားမလာနဲ့… ကျုပ်ပြောတာ သဘောပေါက်ရဲ့လား"

ဝူးရှောင်က ခေါင်းညိတ်လိုက်၏။

"စိတ်ချပါဗျာ… ကျုပ်တို့ကလည်း အခုပဲ ပြန်သွားကြမှာပါ"

ရန်ချင်းဟွားသည် ခုန်ပေါက်မြူးတူးနေသောမြင်းများအားကြည့်ကာ တစ်စုံတစ်ခုအား သတိရလာ၏။

"ဝူးရှောင်… ရှင်တို့ဆီမှာ မြင်းခိုးတဲ့သူခိုးတွေများ ရှိသလား"

ဝူးရှောင်က ရယ်မောလိုက်၏။



"စိတ်ချပါဗျာ… ကျုပ်တို့ ဒီနေရာမှာ မြင်းမွေးလာတာ ကျုပ်တစ်သက်ရှိပါပြီ… နှစ်ပေါင်း(၃၀)အတွင်းမှာ မြင်းတစ်ကောင်မှမပျောက်ဖူးပါဘူး"

ရန်ချင်းဟွားက ပြုံးလိုက်၏။

"ကျွန်မ ယုံကြည်ပါတယ်ရှင်… ဒါပေမယ့်… အခု ဒီမြင်းတွေက အကောင်းဆုံးမြင်းတွေဖြစ်တယ်ဆိုတာ အားလုံးအသိပဲ… ဒါကြောင့် ညရောက်ရင် အစောင့်ချထားတာ ပိုကောင်းမယ်လို့ ကျွန်မထင်လို့ပါ"

ဝူးရှောင်က….

"ဟုတ်တယ်… ခင်ဗျားပေးတဲ့အကြံကောင်းတယ်… ကျုပ်ဒီနေ့ပဲ ဒီနေရာတစ်ဝိုက်ကို အစောင့်ချထားလိုက်ပါ့မယ်"

ထိုစဉ် ပန်းချီဆရာမာလုက မျက်မှောင်ကုတ်ကာ….

"ခင်ဗျားတို့က ဒီနားမှာစကားလာများနေတာ… ကျုပ်အတွက် အနှောင့်အယှက်ဖြစ်တယ်… ဒါကြောင့် အားလုံးပြန်ကြပါ"

ဝူးရှောင်က ပခုံးတစ်ချက်တွန့်လိုက်၏။

သူက မြင်းပိုင်ရှင်များအား ပြုံးပြကာ ခြံသေ့ရဲတိုက်ဆီသို့ပြန်လည်ခေါ်ဆောင်သွားလေတော့သည်။

အချိန်များ တရွေ့ရွေ့ကုန်ဆုံးသွား၏။

ညရောက်လာပြီဖြစ်၏။ သူဌေးကြီးဝူးသည် ဧည့်ဝတ်ကျေပွန်စွာ ညစာတည်ခင်း ကျွေးမွေးပြန်၏။

ရန်ကျားဟုန်က ညစာစားသောက်ရင်း သူဌေးကြီးဝူးဘက် လှည့်ကာ....

"ဒါနဲ့ သူက ပန်းချီကားကို ဘယ်တော့မှစဆွဲမှာလဲ"

သူဌေးကြီးဝူးက ပြုံးကာ....

"မနက်ဖြန်မှ စဆွဲမလားမသိဘူး... အဲ့ဒီလူက တော်တော်ချေးများတယ်ဗျ"

ကွမ်းချီယင်းက....

"သူက မြင်းကိုကြည့်နေတုန်းပဲလား"

သူဌေးကြီးဝူးက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်... ကျုပ်သားဝူးရှောင်က ထမင်းစားဖို့သွားခေါ်တာကို မောင်းထုတ်လိုက်တယ်"



ရန်ချင်းဟွားက ရယ်မောလိုက်၏။

"သူက တစ်ညလုံး မအိပ်ဘဲနဲ့ ထိုင်ကြည့်တော့မယ်ထင်တယ်"

သူဌေးကြီးဝူးက ရယ်မောကာ....

"မပြောတတ်ဘူး... သူက အဲ့ဒီလိုပဲ တစ်ခါတလေ သုံးလေးညဆက်တိုက် မအိပ်ဘဲနဲ့ ထိုင်ကြည့်နေတတ်တယ်လို့ ပြောတယ်"

သူက ပခုံးတွန့်ကာ စကားဆက်လိုက်၏။

"သူက ပန်းချီကားတစ်ကားရောင်းရရင် ငွေသုံးထောင်လောက်ရတာဗျ"

ကွမ်းချီယင်းက အံ့အားသင့်ကာ....

"ဟာ... အဲ့ဒီလိုဆို သူက သူဌေးတစ်ယောက်ဖြစ်နေပြီပေါ့"

သူဌေးကြီးဝူးက....

"သူက ငွေတော်တော်ရပေမယ့် မစုဆောင်းဘူး... ရသမျှငွေအားလုံးသုံးဖြုန်းပစ်တယ်"

ကွမ်းချီယင်းက....

"ဒါဖြင့် သူကလည်း လူထူးဆန်းတစ်ယောက်ပဲ"

ရန်ကျားဟုန်က....

"ဒီတစ်ခါ သူဆွဲမယ့်မြင်း(၇)ကောင် ပန်းချီကားကတော့

အလွန်ကျော်ကြားတော့မယ်ဆိုတာ ကျုပ် ယုံကြည်တယ်"

သူ၏စကားကို ကွမ်းချိုယင်းက ထောက်ခံလိုက်၏။

"ဟုတ်တယ်... ဒီလောက်ကောင်းတဲ့မြင်းတွေကို တစ်နေရာတည်းမှာဆုံတွေ့ရဖို့ဆိုတာ လွယ်တာမှမဟုတ်ဘဲ"

သူဌေးကြီးဝူးက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်... ဒါကြောင့် ကျုပ်က အားလုံးကိုကျေးဇူးတင်ပါတယ်ဗျာ"

သူက ပြတင်းပေါက်မှတစ်ဆင့် အပြင်ဘက်သို့ကြည့်လိုက်၏။

ကောင်းကင်တစ်ခုလုံး မည်းမှောင်နေ၏။ ကြယ်ကလေးများပင် မရှိပါ။ တိုက်ခတ်လာသောလေမှာလည်း အေးစိမ့်နေ၏။

သူက ထရပ်လိုက်၏။

"ကဲ... မိတ်ဆွေတို့ အားရပါးရစားသောက်ကြပါဗျာ... ကျုပ်ကတော့ အနားယူလိုက်ပါဦးမယ်"

သူကပြောပြီး အခန်းထဲမှထွက်သွား၏။

ကျန်လူများမှာ အရက်သောက်ရင်း၊ စကားပြောရင်း ကျန်ရစ်ခဲ့လေတော့သည်။



ရာသီဥတုမှာ အနည်းငယ် အေးစိမ့်နေ၏။

ညဘက်တွင် အရက်များသောက်ထားသဖြင့် ရန်ကျားဟုန်တို့လူစုမှာ နှစ်ခြိုက်စွာ အိပ်မောကျနေ၏။

ရုတ်တရက်....

"ဒေါက်... ဒေါက်... ဒေါက်"

တံခါးခေါက်သံများ ဆူညံစွာထွက်ပေါ်လာ၏။ အိပ်ပျော်နေသူများအားလုံး လန့်နိုးလာ၏။

ရန်ကျားဟုန်က အခန်းထဲမှလှမ်းထွက်လိုက်၏။ ထိုစဉ် ကွမ်းချိုယင်းကလည်း အခန်းထဲမှထွက်လာသည်ကို တွေ့လိုက်ရ၏။

ကွမ်းချိုယင်းက....

"ဘာဖြစ်လို့လဲဗျ"

ရန်ကျားဟုန်က....

"ကျုပ်လည်း မသိဘူး"

ထိုစဉ် ရဲတိုက်ရှေ့မှ ဆူညံသောအော်ဟစ်သံကို ကြားလိုက်

ရ၏။

"အားလုံးလာကြပါဦးဗျာ... သိပ်အရေးကြီးနေပါပြီ"

ယင်းအော်သံကြောင့် ရန်ကျားဟုန်၊ ရန်ချင်းဟွား၊ ကွမ်းချီယင်း၊ သိုင်းသမားကောက်ထင်း၊ ယိစူးနှင့်ရိုလျှံတို့မှာ ကမန်းကတန်းပင် ရဲတိုက်ရှေ့သို့ပြေးထွက်သွားကြ၏။

အပြင်ဘက်တွင် ဝူးရှောင်အား တွေ့လိုက်ရ၏။

သူ၏မျက်နှာတစ်ခုလုံး ထိတ်လန့်ကာ ဖြူဖပ်ဖြူရော်ဖြစ်နေ၏။

သူ၏ဟန်မူရာကြောင့် အားလုံးက ထိတ်လန့်သွားကြ၏။

"ဘာတွေဖြစ်နေလို့လဲ"

ဟု ပြိုင်တူမေးလိုက်ကြ၏။

ဝူးရှောင်က....

"ခင်... ခင်ဗျားတို့... မြင်း... မြင်းတွေ...."

သူကပြောရင်း မျက်နှာတစ်ခုလုံး ထိတ်လန့်နေ၏။

ရန်ကျားဟုန်က ရင်ထိတ်သွား၏။

"ဘာဖြစ်သွားလို့လဲ... မြန်မြန်ပြောပါ"

ဝူးရှောင်က အသံတုန်ယင်စွာဖြင့်....

"တစ်ကောင်မှမရှိတော့ဘူး"



"ဘာ...."

ရန်ကျားဟုန်တို့အားလုံး ထိတ်လန့်စွာ အော်လိုက်ကြ၏။

ထို့နောက် တိုင်ပင်မထားဘဲ မြင်းကွင်းရှိရာသို့ ချက်ချင်းပြေးလွှားသွား၏။

မြင်းကွင်းအနီးသို့ရောက်သောအခါ လူတချို့က မီးအိမ်ကိုယ်စီကိုင်ကာ မြေပေါ်သို့ငုံ့ကြည့်နေသည်ကိုတွေ့လိုက်ရ၏။

ရန်ကျားဟုန်တို့လူစုက ပြေးသွားကာ ထိုလူများ ငုံ့ကြည့်နေသောမြေပေါ်သို့ကြည့်လိုက်မိသောအခါ ၎င်းတို့၏မျက်လုံးများ ပြူးကျယ်သွားလေတော့သည်။

မြက်ခင်းပြင်တွင် လူနှစ်ယောက်၏အလောင်းများရှိနေ၏။

ထိုလူများ၏ဝတ်စုံအားကြည့်သည်နှင့် ခြသေ့်ရဲတိုက်မှ ထိပ်တန်းသိုင်းသမားများဖြစ်သည်ကို သိနိုင်၏။

သူငွေးကြီးဝူး၏မျက်နှာပေါ်တွင် ခံပြင်းသော၊ ဝမ်းနည်းကြေကွဲသောအရိပ်အယောင်များ ဖြစ်ပေါ်နေ၏။

သူက ဒူးထောက်ကာ အလောင်းနှစ်လောင်းအား ကြည့်နေ

၏။

သူက ဝမ်းနည်းခံပြင်းလွန်းသဖြင့် ခန္ဓာကိုယ်မှာ တဆတ်ဆတ် တုန်ယင်နေ၏။

မနေ့က မြင်ကွင်းထဲတွင်ထည့်ထားခဲ့သော မြင်း(၇)ကောင်မှာ ထူးဆန်းစွာ ပျောက်ဆုံးနေ၏။

ပန်းချီဆရာမာလုကိုလည်း မတွေ့ရပါ။

ရန်ကျားဟုန်သည် သူဌေးကြီးဝူးအား ကြည့်ကာ....

"သူဌေးကြီးဝူး... ဘယ်လိုဖြစ်တာလဲခင်ဗျာ"

သူဌေးကြီးဝူးသည် ရန်ကျားဟုန်တို့လူစုအား တစ်ချက်ဝေ့ကြည့်ကာ ခေါင်းအား ဖြည်းညင်းစွာ ခါယမ်းလိုက်၏။

"မသိပါဘူးဗျာ... ခုနကပဲ ကျုပ်က စိတ်မချလို့သွားကြည့်နိုင်းတော့ မြင်း(၇)ကောင်လုံး ပျောက်ဆုံးနေတာကို တွေ့ရတော့တာပါပဲ"

ရန်ကျားဟုန်က အလောင်းနှစ်လောင်းအား ညွှန်ပြကာ....

"ဒီလူတွေက ခင်ဗျားလူတွေလား"

သူဌေးကြီးဝူးက ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်... ကျုပ်ရဲ့အားထားရတဲ့ လူယုံတော်တွေပါပဲ"



သူက စကားဆက်လိုက်၏။

"ကျုပ်က မြင်းတွေအတွက် စိတ်ချရအောင် သူတို့ကိုစောင့်နိုင်းမိတယ်... ကျုပ်သားကိုသွားကြည့်နိုင်းတဲ့အခါမှာတော့ အလောင်းတွေကိုပဲ တွေ့ရတော့တယ်"

ရန်ချင်းဟွားက မျက်လုံးတစ်ချက်ဝေ့ကြည့်ကာ....

"ဒါနဲ့ပန်းချီဆရာမာလုကော"

သူဌေးကြီးဝူးက ခေါင်းခါယမ်းလိုက်၏။

"သူ့အလောင်းကိုတော့ မတွေ့ရပါဘူး... ကြည့်ရတာ သူ့ကို ဖမ်းခေါ်သွားပြီထင်တယ်"

ကွမ်းချီယင်းက အံ့သြငေးငိုင်နေရာမှ....

"ဒီလိုဖြစ်လာလိမ့်မယ်လို့ ကျုပ်တို့မမျှော်လင့်ထားပါဘူးဗျာ"

ကျန်လူများ၏မျက်နှာများမှာလည်း ဖြူဖပ်ဖြူရော် ဖြစ်နေ၏။

သို့သော် ခြသေ့်ရဲတိုက်မှ လူနှစ်ယောက်သေဆုံးရသည်ကို တွေ့ရသဖြင့် ဘာမှမပြောသာဘဲ ရှိနေ၏။

ရန်ကျားဟုန်သည် သေဆုံးသူများ၏ အလောင်းများအား စစ်ဆေးလိုက်၏။

ထိုလူများ၏မျက်နှာ ညိုမဲနေသော်လည်း ခန္ဓာကိုယ်တွင်

ဒဏ်ရာလုံးဝရှာမတွေ့ပါ။

"သူတို့နှစ်ယောက်က ဒဏ်ရာမရှိဘဲ ဘယ်လိုလုပ်သေသွားတာလဲ... အဆိပ်တော့မဖြစ်နိုင်ဘူး"

သူဌေးကြီးဝူးက....

"ကျုပ်လည်းစစ်ဆေးပြီးပါပြီ... လူတစ်ယောက်ကသွေးကြောပိတ်ပြီးသတ်သွားတာ ဖြစ်မယ်"

သူက သက်ပြင်းတစ်ချက်ချကာ....

"သူ့ရဲ့သိုင်းပညာက အလွန်အဆင့်မြင့်ပုံရတယ်... သူက သွေးကြောကိုလက်ချောင်းနဲ့တောက်ပြီး သတ်သွားတာ... ဒါကြောင့် ကျုပ်ရဲ့လူတွေက သွေးကြောပေါက်ပြီး တစ်ကိုယ်လုံး ညိုနေတာတွေ့လား"

ရန်ကျားဟုန်က ရုတ်တရက် အလောင်းတစ်လောင်း၏ လက်ထဲတွင် ဆုပ်ကိုင်ထားသောအရာတစ်ခုအား တွေ့မြင်လိုက်၏။

အဝတ်စတစ်ခုဖြစ်၏။

ထို့ပြင် မျက်လုံးပေါက်တစ်ပေါက်ဖောက်ထားသည်ကိုလည်း တွေ့လိုက်ရ၏။

ရန်ချင်းဟွားက....

"ဘာတွေ့လို့လဲ အစ်ကိုကြီး"



ရန်ကျားဟုန်က အဝတ်စအား သူမထံပေးလိုက်၏။

ရန်ချင်းဟွားက သေချာစွာ ကြည့်လိုက်ပြီး....

"လင်းနို့...."

ဟု ရေရွတ်လိုက်၏။

ကွမ်းချိယင်းက အံ့အားသင့်သွား၏။

"သေချာလို့လား... ညီမ"

ရန်ချင်းဟွားက ခေါင်းညိတ်လိုက်၏။

"သေချာပါတယ်"

ကွမ်းချိယင်းက....

"ဒါဆိုရင်တော့ တရားခံက လင်းနို့အဖွဲ့ကဆိုတာ သေချာသလောက် ရှိနေပြီ"

ရန်ကျားဟုန်က အလောင်းအားကိုင်ကြည့်ကာ....

"အလောင်းက ခပ်နွေးနွေးပဲ ရှိသေးတယ်... ဒါကြောင့် သူတို့သေတာမကြာသေးဘူး.... မြင်းတွေလည်း ဝေးဝေးရောက်ဦးမှာမဟုတ်ဘူး"

ကွမ်းချိယင်းက ခေါင်းညိတ်လိုက်၏။

"ကျုပ်တို့မြင်းခွာရာတွေကြည့်ပြီး လိုက်ရင်မီနိုင်မယ်ထင်တယ်"

သူဌေးကြီးဝူးက ထရပ်ကာ....

"ဒါဖြင့် ကျုပ်တို့လိုက်သွားကြမယ်"

သူတို့လူစုသည် မြင်းခွာရာအတိုင်း လိုက်သွားကြလေတော့သည်။



## လှည့်ကွက်

မြင်းခွာရာများသည် အရှေ့ဘက်သို့ဦးတည်နေ၏။

သို့သော် မှောင်နေဆဲအချိန်ဖြစ်၍ ရန်ကျားဟုန်တို့လူစုမှာ အခက်တွေ့နေ၏။

မြေပြင်ပေါ်မှမြင်းခွာရာများကို ကောင်းစွာမတွေ့ရပေ။

သူတို့လူစုက စိတ်မလျှော့ဘဲဆက်လိုက်ရာ မြင်းခွာရာ(၇)စုံသည် တောအုပ်ထဲသို့ဝင်သွားသည်ကို တွေ့လိုက်ရ၏။

သူတို့က တောအုပ်ထဲသို့ဆက်လိုက်သွားရာ မြင်းခွာရာများကိုတွေ့လိုက်ရပြန်၏။

ဤတစ်ကြိမ်တွင် မြင်းခွာရာများကို ထင်ထင်ရှားရှားပင် တွေ့မြင်လိုက်ရ၏။

ထိုမြင်းခွာရာများသည် ချောင်းကလေးတစ်ခုကို ကွေ့ပတ်ကျော်ကာ မြောက်ဘက်ကွင်းပြင်ဆီသို့ ဦးတည်သွားနေ၏။

သူဌေးကြီးဝူးတို့သားအဖသည် မီးအိမ်ကိုင်ကာ ရှေ့ဆုံးမှသွားနေရင်း မိုးစင်စင်လင်းသောအခါ မြို့ငယ်လေးတစ်မြို့သို့ ရောက်ရှိလာ၏။

ဤမြို့ငယ်လေးတွင် သူဌေးကြီးဝူးတို့သည် ရင်းနှီးသူအလွန်များ၏။

သူဌေးကြီးဝူးက ထိုလူများထံတွင် မေးမြန်းစုံစမ်းလိုက်၏။

ထိုအခါ မြို့သူမြို့သားများထံမှ တူညီသောအဖြေတစ်ခုကို ရခဲ့၏။

ယင်းအဖြေမှာ နံနက်အစောကြီးမိုးမလင်းခင်က မြင်းခွာသံများကိုဆူညံစွာကြားလိုက်ရပြီး အရှေ့ဘက်သို့ဦးတည်ပြေးလွှားသွားသည်ဟူသောအဖြေ ဖြစ်၏။

သူဌေးကြီးဝူးတို့လူစုသည် စဉ်းစားခြင်းပင်မပြုတော့ပါ။

အရှေ့ဘက်သို့ဦးတည်ကာ ဆက်လက်ထွက်ခွာသွားလေတော့သည်။



သူဌေး ကြီးဝူးတို့လူစုသည် အရှေ့ဘက်သို့ဦးတည်ကာလိုက်ကြ၏။

ဤသို့ဖြင့် မိုင်(၂၀)ခန့် ခရီးဆက်မိသောအခါ မြင်းများအားပြန်တွေ့လိုက်ရ၏။

မြင်း(၇)ကောင်သည် လွင်ပြင်ဆဲတွင် ဟိုတစ်ကောင် သည်တစ်ကောင်ဖြင့် ရပ်နေခြင်းဖြစ်၏။

"ဟေး... ဟိုမှာတွေ့ပြီ"

ရန်ချင်းဟွားက ဝမ်းသာအားရအော်ဟစ်လိုက်၏။

ကျန်လူများအားလုံးကလည်း မြင်းများအာ ပြန်တွေ့လိုက်ရသဖြင့် ဝမ်းသာသွားကြ၏။

သူတို့သည် မြင်းများထံသို့ ပြိုင်တူပြေးသွားကြ၏။

သို့သော် အနားသို့ရောက်သောအခါ ကွမ်းချီယင်းက ခြေလှမ်းရပ်တန့်လိုက်၏။

"ဟင်... ဒီထဲမှာ ကျုပ်ရဲ့မြင်းဖြူကြီးမပါဘူး"

ကျန်မြင်းပိုင်ရှင်များကလည်း ခြေလှမ်းရပ်တန့်လိုက်ကြ၏။

အကြောင်းမှာ ထိုမြင်း(၇)ကောင်သည် သူတို့ပျောက်ဆုံးသွားသော အဖိုးတန်မြင်းကောင်များမဟုတ်သည်ကို တွေ့ရသောကြောင့် ဖြစ်၏။

လူ(၇)ယောက်သည် မြင်း(၇)ကောင်အား စီးကာ ဤနေရာသို့ရောက်ရှိလာသောအခါ မြင်းများအား စွန့်ကာ ထွက်ခွာသွားခြင်းဖြစ်ကြောင်း အားလုံးက နားလည်လိုက်၏။

ယိစူးက ခံပြင်းသောလေသံဖြင့်....

"ကျုပ်တို့တော့ မြင်းသူခိုးဆင်ထားတဲ့လှည့်ကွက်ထဲ ဝင်မိကြပြီ"

ဟု အော်ဟစ်လိုက်၏။

သူဌေးကြီးဝူးသည် ဒေါသထွက်လွန်းသဖြင့် အသားများ တဆတ်ဆတ်တုန်ကာ ခြေခိုင်ခိုင်မရပ်နိုင်ဘဲ လဲကျသွား၏။

ဝူးရှောင်က ထိတ်လန့်ကာ ဖခင်ဖြစ်သူအား ပွေ့ထူလိုက်၏။

"ဖေဖေ... ဖေဖေ"

ရှိလျှံက မဲ့ပြုံးပြုံးလိုက်၏။

"ဟင်း... တော်တော်ဟန်ဆောင်ကောင်းတဲ့လူတွေပဲ"

ဝူးရှောင်က သူ့အားမော့ကြည့်ကာ....



"ခင်ဗျား ဘယ်လိုပြောလိုက်တာလဲ"

ရှိလျှံက သူ့အားစိုက်ကြည့်ကာ....

"ခင်ဗျားတို့သားအဖက ဝိဝိရိရိနဲ့ ကြံစည်ကြတယ်ဆိုတာ ကျုပ်တို့မသိဘူး ထင်နေသလား"

ဝူးရှောင်မှာဒေါသဖြစ်လွန်းသဖြင့် အသားတဆတ်ဆတ်တုန်ကာ မျက်နှာများ နီရဲလာ၏။

"ခင်ဗျားတို့က ကျုပ်တို့ကိုသံသယရှိနေတယ်ဆိုရင် သတ်ပစ်လိုက်ပါ... ဒီလိုတော့ မစွပ်စွဲပါနဲ့"

ရှိလျှံက....

"ဒီကိစ္စက တော်တော်ရှင်းနေတာပဲ... ကျုပ်တို့စွပ်စွဲစရာမလိုပါဘူး"

ဝူးရှောင်မှာ စော်ကားမော်ကားအပြောဆိုခံရသဖြင့် စိတ်မကောင်းစွာ မျက်ရည်များကျလာ၏။

"အခုလို အဖိုးတန်မြင်း(၇)ကောင် ပျောက်ဆုံးသွားတာ ကျုပ်တို့မှာ လုံးဝတာဝန်ရှိပါတယ်ဗျာ"

သူက စကားဆက်လိုက်၏။

"ဒါပေမယ့် ကျုပ်တို့သားအဖကိုတော့ သံသယမဝင်ပါနဲ့... ဘာဖြစ်လို့လဲဆိုတော့ ဒီမြင်းတွေပျောက်ဆုံးမှုအတွက် ကျုပ်တို့မှာ

ရှေ့ဆက်လုပ်စရာတွေ ရှိသေးလို့ပါ"

ရီလျှံက....

"သိုင်းလောကမှာ အကောင်းဆုံးမြင်းတွေကို တစုတစည်းတည်း ရတော့မယ်ဆိုတော့ ခင်ဗျားတို့ ဘာမဆိုလုပ်ဝံ့မှာပေါ့"

သူက ကျန်လူများဘက်လှည့်ကာ....

"ကျုပ်ပြောတာ မဟုတ်ဘူးလား"

ယိစူးနှင့်တောက်ထင်းတို့က ခေါင်းညိတ်လိုက်၏။

သို့သော် ရန်ကျားဟုန်၊ ရန်ချင်းဟွားနှင့် ကွမ်းချီယင်းတို့က မထောက်ခံကြပါ။

ရန်ကျားဟုန်က....

"အခုလိုဖြစ်ရတာ ခြသေ့ရဲတိုက်မှာ တာဝန်ရှိတယ်ဆိုတာ ကျုပ် မငြင်းပါဘူး... ဒါပေမယ့် ခြသေ့ရဲတိုက်ဟာ မြင်းအရောင်းအဝယ်လုပ်လာတာ နှစ်ပေါင်း(၃၀)ပြည့်ရှိပါပြီ... အရင်တုန်းက အကောင်းဆုံးဆိုတဲ့မြင်းတွေကို တွေ့ဖူးခဲ့မှာပါ... ဒါပေမယ့် ဘာနာမည်ပျက်မှမရှိခဲ့ပါဘူး"

ဝူးရှောင်က သူ့စကားကိုခေါင်းညိတ်လိုက်၏။

ရန်ကျားဟုန်က စကားဆက်လိုက်၏။

"နောက်ပြီး ငွေကြေးလည်း အလွန်ချမ်းသာတဲ့အတွက် ကျုပ်တို့မြင်းတွေကို လိမ်ယူမှာမဟုတ်ဘူးလို့ ကျုပ်တော့ ယုံကြည်တယ်"



ကွမ်းချီယင်းက ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်... နောက်ပြီး သူတို့ရဲ့အားထားရတဲ့လူယုံတော်နှစ်ယောက်သေဆုံးသွားခဲ့ရတာကိုလည်း ကျုပ်တို့မေ့ထားလို့မရပါဘူး"

ရီလျှံက မဲ့ပြုံးပြုံးကာ....

"သေသွားတဲ့လူတွေက သူ့သွေးသားမှမဟုတ်တာ... သူ့လက်အောက်ကလူတွေပဲ"

ရန်ကျားဟုန်က သက်ပြင်းတစ်ချက်ချလိုက်၏။

"ခင်ဗျား ဘယ်လိုခံစားနေရတယ်ဆိုတာ ကျုပ်သိပါတယ်... ကျုပ်လည်း ခင်ဗျားလိုပဲ ထပ်တူထပ်မျှ ခံစားနေရပါတယ်... ဒါပေမယ့် ဖြစ်လာမှတော့ တစ်ယောက်နဲ့တစ်ယောက် သံသယပွားမနေဘဲ ခေါင်းအေးအေးထားပြီး မြင်းတွေပြန်ယူရအောင် ကြိုးစားသင့်ပါတယ်"

ရီလျှံက သူ့အားစိုက်ကြည့်ကာ....

"ခင်ဗျားက ဘယ်လိုသဘောရှိသလဲ"

သူ၏အသံမှာ အေးတိအေးစက်နိုင်လှ၏။

ရန်ကျားဟုန်က....

"အခု သူဌေးကြီးတို့သားအဖရှိနေတာပဲ... သူတို့ကထွက်မပြေးပါဘူး... ကျုပ်တို့အတွက် တစ်ခုခုဆုံးဖြတ်ပေးမှာပါ... နောက်ပြီး မြင်းဆိုတာသက်ရှိသတ္တဝါပါ... ကျောက်မျက်ရတနာလို ဝှက်ထားလို့ မရပါဘူး"

သူက စကားဆက်လိုက်၏။

"ဒါကြောင့် ကျုပ်တို့က ကြိုးစားပြီးစုံစမ်းမယ်ဆိုရင် တစ်နေ့နေ့မှာ မြင်းတွေကိုပြန်တွေ့ရလိမ့်မယ်လို့ ယုံကြည်ပါတယ်"

ကွမ်းချီယင်းက ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်... ရန်ကျားဟုန်ရဲ့စကားကို ကျုပ်ကထောက်ခံပါတယ်"

ရှီလျှံမှာ တွေဝေသွား၏။ ရန်ကျားဟုန်၏စကားမှာ သဘောကျလှသဖြင့် သူက ပြင်းရန်ခက်သွား၏။

ယိစူးနှင့်ကောက်ထင်းကလည်း ထောက်ခံလိုက်၏။

"ဟုတ်ပါတယ်လေ... ကျုပ်တို့ထပ်စဉ်းစားကြတာပေါ့"

ရှီလျှံက....

"ကောင်းပြီလေ... ကျုပ်က အချိန်မီပေးပါ့မယ်... ဒါပေမယ့်... ဒီမြင်းကိုပြန်မတွေ့ရင်တော့ ကျုပ်က တစ်ခုခုလုပ်ရမယ်"



ထိုအချိန်တွင် သူဌေးကြီးဝူးက သတိရလာ၏။

သူက သက်ပြင်းတစ်ချက်ချကာ....

"အင်း... ဒီလိုဖြစ်လာလိမ့်မယ်လို့ ကျုပ် လုံးဝမျှော်လင့်မထားပါဘူး"

ရန်ကျားဟုန်က သူ့အား နှစ်သိမ့်အားပေးလိုက်၏။

"သိပ်လည်း စိတ်မပူပါနဲ့ဗျာ... ဒီကိစ္စက လင်းနို့ရဲ့လက်ချက်ဆိုတာ ကျုပ်ကောင်းကောင်း ယုံကြည်ပါတယ်"

ရှီလျှံက....

"ကျုပ်ကတော့ အကြာကြီးမစောင့်နိုင်ဘူး"

သူဌေးကြီးဝူးက ဝူးရှောင်အား မိုကာ ထရပ်လိုက်၏။

ထို့နောက် အေးဆေးပြတ်သားသောအသံဖြင့်....

"စိတ်ချပါ... ကျုပ်က ဒီမြင်းတွေပြန်ရဖို့ အစွမ်းကုန်ကြိုးစားမှာပါ... တကယ်လို့ ဘယ်လိုမှရှာမတွေ့ရတော့ဘူးဆိုရင်တော့ ကျုပ်မှာရှိတဲ့ စည်းစိမ်တွေကိုပုံပြီး အလျော်ပေးပါ့မယ်ဗျာ"

ဟု ပြောလိုက်လေတော့သည်။

သူဌေးကြီးဝူးသည် သူ၏အားထားရသော သိုင်းသမား(၂၈) ယောက်အား အရပ်လေးမျက်နှာသို့စေလွှတ်ကာ မြင်းများကိုရှာခိုင်း၏။

သူက ရန်ကျားဟုန်တို့လူစုသည် ရဲတိုက်တွင်ပင် ထိုင်စောင့်ခိုင်းထား၏။

ရန်ချင်းဟွားသည် ပန်းချီမာလုအား သံသယမကင်းပေ။

သူမက သူဌေးကြီးဝူးအား ကြည့်ကာ....

"သူဌေးကြီးဝူး... ကျွန်မ တစ်ခုစဉ်းစားမိတယ်"

သူဌေးကြီးဝူးက....

"ပြောပါ"

ရန်ချင်းဟွားက....

"ကျွန်မပန်းချီဆရာမာလုကို သံသယဝင်နေတယ်... သူက ပန်းချီဆရာအစစ်ကော ဟုတ်ရဲ့လား"

သူဌေးကြီးဝူးက....

"ဟုတ်ပါတယ်... မမှားနိုင်ပါဘူး... ဘာဖြစ်လို့လဲဆိုတော့



သူက ခိုင်ဖုံးမြို့မှာပဲ ကြီးပြင်းလာပြီး မြို့ထဲမှာပဲ ပန်းချီကား အရောင်းဆိုင်ဖွင့်ထားပါတယ်... သူ့ကို ကျုပ်ကိုယ်တိုင် သွားဖိတ်ခေါ်ခဲ့တာပါ"

ရန်ချင်းဟွားက မျက်မှောင်ကုတ်သွား၏။

"သူက ခိုင်ဖုံးမြို့ကဟုတ်လား"

"ဟုတ်ပါတယ်"

ရန်ချင်းဟွား၏မျက်နှာတည်ကြည်သွားကာ....

"ဒါဆိုရင် သူက လင်းနို့အဖွဲ့နဲ့များ ပတ်သက်နေမလား မသိဘူး"

သူဌေးကြီးဝူးက ခေါင်းခါယမ်းလိုက်၏။

"မဖြစ်နိုင်ဘူး... သူက အနုပညာသည်ဆိုရင် ဘယ်လိုလုပ်ပြီး လင်းနို့နဲ့ပတ်သက်နေမှာလဲ"

ကွမ်းချီယင်းက....

"စဉ်းစားစရာပဲ... သူ အခု ဘယ်ပျောက်နေတာလဲ... အသတ်ခံရတာဆိုရင်တော့ အလောင်းတွေ့မှာပေါ့"

သူဌေးကြီးဝူးက....

"သူ အခုလိုပျောက်သွားတာ တော်တော်စဉ်းစားရခက်နေပါတယ်"

သူက ခေါင်းခါယမ်းကာ စကားဆက်လိုက်၏။

"ဒါပေမယ့် လင်းနို့နဲ့မပတ်သက်ဘူးလို့တော့ ကျုပ် ယုံကြည်တယ်"

ကွမ်းချိုယင်းက သက်ပြင်းတစ်ချက်ချလိုက်၏။

"ပြဿနာကတော့ မသေးဘူးတဲ့"

သူဌေးကြီးဝူးက ရန်ကျားဟုန်အား ကြည့်ကာ....

"ဒါနဲ့ ကျုပ်ကိုယ်ရံတော်ရဲ့ အလောင်းလက်ထဲမှာဆုပ်ထားတဲ့အဝတ်စက လင်းနို့အဖွဲ့ရဲ့ အဝတ်စဆိုတာ သေချာရဲ့လား"

ရန်ကျားဟုန်က ခေါင်းညိတ်လိုက်၏။

"သေချာပါတယ်... ကျုပ်တို့မောင်နှမက သူတို့နဲ့လေးကြိမ်တိတိ တွေ့ဆုံတိုက်ခိုက်ခဲ့ဖူးပါတယ်"

သူဌေးကြီးဝူးက....

"ခက်တာပဲ... ဒီလင်းနို့အဖွဲ့က မင်းတို့မောင်နှမနဲ့ အကြိမ်ကြိမ် တိုက်ခိုက်ဖူးတယ်"

သူက အံ့ကြိတ်ကာ....

"အခုလဲ ကျုပ်တို့ခြံသို့ရဲ့တိုက်ကိုလာပြီး အကောင်းဆုံးမြင်း(၇)ကောင်ကိုခိုးယူသွားတယ်... သူတို့က ဘာရည်ရွယ်ချက်နဲ့ အခု လိုလုပ်နေတာလဲဆိုတာ ကျုပ်တော့ စဉ်းစားလို့မရတော့ဘူး"

ရန်ကျားဟုန်က....



"သူတို့ကနေ့ဘက်မှာလျှို့ဝှက်မြီး ညဘက်ကျမှလှုပ်ရှားတယ်... ထူးခြားတဲ့အဖွဲ့ အစည်းတစ်ခုပဲဖြစ်ရမယ်... ဒါကြောင့်လည်း မြင်းတွေကို ညဘက်မှာရအောင်ခိုးယူသွားခဲ့တာပေါ့"

သူဌေးကြီးဝူးက ခေါင်းတဆတ်ဆတ်ညိတ်လိုက်၏။

ရန်ကျားဟုန်က စကားဆက်လိုက်၏။

"သူတို့ရဲ့ ရည်ရွယ်ချက်က လင်းနို့ဆိုတဲ့နာမည်ကို လူတွေသတိပြုမိအောင် လုပ်တာပဲ... နောက်တစ်ခုကတော့ ဒီမြင်းတွေကိုအသုံးချပြီး သူတို့ရဲ့ လှုပ်ရှားမှုကိုလျင်မြန်အောင် အကျိုးပြုဖို့ရည်ရွယ်ထားတာလို့ ကျုပ်ထင်တယ်"

သခင်ကြီးဝူးက ခေါင်းညိတ်လိုက်၏။

"အင်း... မင်းပြောတာ ဖြစ်နိုင်တယ်"

ရန်ကျားဟုန်က အနည်းငယ်စဉ်းစားကာ....

"နောက်ပြီး သူတို့ အခု ဒီမြင်းတွေကိုခိုးနိုင်တာ တော်တော်ဝိရိပြီး သေသေချာချာ အစီအစဉ်လုပ်ထားတယ်ဆိုတာ ထင်ရှားနေတယ်"

သူဌေးကြီးဝူးက မျက်မှောင်ကုတ်သွား၏။

"မင်းပြောတဲ့အဓိပ္ပာယ်က...."

ရန်ကျားဟုန်က....

"ဟုတ်တယ်... တကယ်လို့ ပန်းချီဆရာမာလုက လင်းနို့အဖွဲ့နဲ့မပတ်သက်ဘူးဆိုရင်တောင် ခင်ဗျားတို့ရဲ့ ခြသေ့်ရဲတိုက်ထဲမှာ လင်းနို့အဖွဲ့က လူတွေရှိနေပြီ"

သူဌေးကြီးဝူး၏မျက်နှာတွင် အံ့အားသင့်သောအရိပ်အယောင်များ ဖြစ်ပေါ်လာ၏။

"မင်းဆိုလိုတာက ကျုပ်ရဲ့လက်အောက်ငယ်သားတွေထဲမှာ လင်းနို့အဖွဲ့ရဲ့သူလျှိုတွေ ရှိနေတယ်ပေါ့ ဟုတ်လား"

ရန်ကျားဟုန်က ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်... အတွင်းလူသာမရှိရင် သူတို့က မြင်း(၇)ကောင်ကို ဒီလောက်လွယ်လွယ်နဲ့ ခိုးလို့ရမှာမဟုတ်ပါဘူး"

ကွမ်းချီယင်းက ပြုံးလိုက်၏။

"ခင်ဗျားတို့မောင်နှမနှစ်ယောက်စလုံးက ပန်းချီဆရာမာလုကိုသံသယရှိနေတယ်ပေါ့ ဟုတ်လား"

ရန်ချင်းဟွားက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်... သူက စာဖတ်တာမဟုတ်ဘဲနဲ့ သူ့အနားမှာ ဘယ်သူမှမနေရဘူးဆိုတော့ သံသယဝင်စရာဖြစ်နေတာပေါ့"

သူဌေးကြီးဝူးက....

"ဘာပဲဖြစ်ဖြစ်လေ... အခုအချိန်မှာတော့ အားလုံးကိုသတိထားတာ အကောင်းဆုံးပါပဲ"



ထိုစဉ် သူဌေးကြီးဝူးစေလွှတ်လိုက်သော ငယ်သား(၂၈)ယောက်မှာ တစ်ဖွဲ့ပြီးတစ်ဖွဲ့ ရောက်ရှိလာ၏။

သို့သော် သူတို့သည် လူစု(၄)စုခွဲကာ လေးဘက်လေးတန် ရှာဖွေသော်လည်း ရှာဖွေသည့်နေရာတိုင်းတွင် မြင်းခွာရာများတွေ့ရကြောင်း သတင်းပို့ကြ၏။

ရန်ချင်းဟွားက ခေါင်းခါယမ်းလိုက်၏။

"အင်း... မြင်းသူခိုးက ကျွန်မတို့အားလုံးလိုက်လို့မမီအောင် လူစုခွဲပြီး မြင်း(၇)ကောင်ကိုခွဲပြီး ခိုးသွားတာဖြစ်မယ်"

သူဌေးကြီးဝူးက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်... မြင်းသူခိုးက တော်တော်ဉာဏ်ကောင်းပြီး အင်အားတောင့်တင်းတယ်ဆိုတာ ပြနေတယ်"

ရှိလျှံက မျက်မှောင်ကုတ်ကာ....

"ဒါဖြင့် ကျုပ်တို့မြင်းတွေပြန်ရဖို့ မျှော်လင့်ချက်မရှိတော့ဘူးလား"

သူဌေးကြီးဝူးက သက်ပြင်းတစ်ချက်ချလိုက်၏။

"ကျုပ်ကို(၆)လတော့ အချိန်ပေးပါ... ဒီခြောက်လအတွင်းမှာ ကျုပ်က မြင်းတွေကိုပြန်မရှာနိုင်ဘူးဆိုရင် မင်းတို့လိုချင်သ

လောက် တန်ဖိုးအတိုင်းအလျော်ပေးပါ့မယ်"

ယိစူးက အားလုံးအား တစ်ချက်ဝေ့ကြည့်လိုက်၏။

"ကဲ... ကျုပ်တို့ ဘယ်လိုလုပ်ကြမလဲ"

သူဌေးကြီးဝူးက အားတုံ့အားနာဖြင့်....

"ကျုပ်တကယ်ပဲ တောင်းပန်ပါတယ်... မင်းတို့အားလုံး ဒီမှာ ပဲ တည်းကြပါ... ကျုပ်ဘက်က ဧည့်ဝတ်ကျေပွန်ပါ့မယ်"

ကွမ်းချိုယင်းက ခေါင်းခါယမ်းလိုက်၏။

"ကျေးဇူးတင်ပါတယ်... ဒါပေမယ့် ကျုပ်က ခရီးထွက်စရာရှိ သေးလို့ ဒီမှာနေဖို့မဖြစ်ပါဘူး"

ကျန်လူများကလည်း ပြန်ကြမည့်အကြောင်းများကိုသာ ပြောလိုက်၏။ သူဌေးကြီးဝူးက ခေါင်းညိတ်လိုက်၏။

"ကောင်းပါပြီ... ဒါဖြင့် ခြောက်လပြည့်ရင် ဒီကိုပြန်လာ ကြပါ... အဲ့ဒီကျရင် အခြေအနေကိုကြည့်ပြီး ဘာဆက်လုပ်ကြမယ်ဆို တာ တိုင်ပင်ကြတာပေါ့"

ရိလျှံက သဘောမတူချင်ပါ။ သို့သော် အားလုံးက သဘော တူကြသဖြင့် သူက စောဒကမတက်တော့ပါ။

သူဌေးကြီးဝူးက ရန်ကျားဟုန်ဘက်သို့လှည့်ကာ....

"မင်းအားမယ်ဆိုရင် ကျုပ်ကိုတစ်ခုလောက် ကူညီပေးပါ



လို့တောင်းဆိုပါတယ်"

ရန်ကျားဟုန်က ခေါင်းညိတ်ကာ....

"ဟုတ်ကဲ့... ပြောပါ"

သူဌေးကြီးဝူးက....

"အခု မြင်းတွေပျောက်ဆုံးတဲ့ကိစ္စကို သံမဏိလက်ဝါးတို့ စင်း မသိသေးပါဘူး... ဒါကြောင့် သူ့ကိုခိုင်ဖုံးမြို့မှာသွားပြီး အကြောင်း ကြားရမှာပါ... ဒါပေမယ့်...."

သူက သက်ပြင်းချကာ....

"ကျုပ်ကလည်း ဒီလောက်ရှုပ်ထွေးနေတဲ့အချိန်မှာ ခရီးမ ထွက်လိုပါဘူး... ဒါကြောင့် မင်းကကျေးဇူးပြုပြီး သူ့ကိုသွားပြောပေး ပါ"

ရန်ကျားဟုန်က ခေါင်းညိတ်လိုက်၏။

"ဟုတ်ကဲ့... ဒီအတွက် စိတ်ချပါ... အမှန်တော့ ကျုပ်က ခိုင်ဖုံးမြို့ကိုသွားချင်နေတာပါ... အခုတော့ အတော်ပဲဖြစ်သွားပြီ... ကျုပ်သွားပြီး အကြောင်းကြားပေးပါ့မယ်"

## ပန်းချီဆရာပျောက်ဆုံးမှု

ညနေဆည်းဆာ....။

နေလုံးကြီးသည် ကောင်းကင်၏အစွန်းတစ်ဖက်သို့ ငုံ့ထိုးကျသွား၏။

ခြသေ့်ရဲတိုက်မှ မြင်း(၃)ကောင်သည် လျှင်မြန်စွာ ပြေးထွက်လာကြ၏။

မြင်းများပေါ်တွင် ရန်ကျားဟုန်၊ ရန်ချင်းဟွားနှင့် ကွမ်းချိယင်းတို့လိုက်ပါလာ၏။

သူတို့အား သူဌေးကြီးဝူးက မြင်း(၃)ကောင် ငှားလိုက်ခြင်းဖြစ်၏။

သူတို့သည် မြင်းခွာရာများအတိုင်း သဲလွန်စကောက်ရန်



ခြေရာခံလိုက်လာခြင်းဖြစ်၏။

သို့သော် ရတ်တရက် မိုးရွာသွန်းလာသဖြင့် လမ်းမပေါ်တွင် ရေစက်များ ကျလာ၏။

ထို့ကြောင့် သူတို့က မြင်းခွာရာများကို ခြေရာမခံနိုင်တော့ဘဲ နိုင်ဖုံးမြို့သို့ဦးတည်ကာ ခရီးထွက်ခဲ့လေတော့သည်။

(၃)ရက်....။

ရန်ကျားဟုန်တို့(၃)ယောက်သည် ခြသေ့်ရဲတိုက်မှထွက်ခွာပြီး(၃)ရက်မြောက်နေ့တွင် နိုင်ဖုံးမြို့သို့ရောက်ရှိလာ၏။

နိုင်ဖုံးမြို့တံခါးထံသို့ လှမ်းဝင်မိသည်နှင့် ကွမ်းချိယင်းက တစ်စုံတစ်ခုအား သဘောကျစွာပြုံးကာ....

"ခင်ဗျားတို့မောင်နှမကို နိုင်ဖုံးမြို့ရောက်အောင်ခေါ်ဖို့ လင်းနို့အဖွဲ့က ကြိုးစားကြတယ်... အခုတော့ ခင်ဗျားတို့က မထင်မှတ်ဘဲ နိုင်ဖုံးမြို့ကို ရောက်လာရတယ်"

ရန်ကျားဟုန်က ပြုံးကာ....

"လင်းနို့အဖွဲ့က အခုနေ ကျုပ်တို့ကိုလာတွေ့ရင်ကောင်း

မယ်"

ကွမ်းချီယင်းက....

"ကောင်းတော့ကောင်းတယ်... ဒါပေမယ့် ဒီကိစ္စကိုပေါ့ပေါ့တန်တန် သဘောထားလို့မရဘူး... သတိတော့ရှိရမယ်"

ရန်ချင်းဟွာက မျက်မှောင်ကုတ်ကာ....

"သူတို့က ကျွန်မတို့ကို ဘာကြောင့်တွေ့ချင်သလဲဆိုတာ စဉ်းစားလို့ကိုမရဘူး"

ကွမ်းချီယင်းက....

"ကျုပ်တော့ တစ်ခုတွေးမိတယ်"

ရန်ချင်းဟွားက....

"ဘာများလဲရှင့်"

ကွမ်းချီယင်းက....

"သူတို့ရဲ့လှုပ်ရှားပုံကို အကဲခတ်ရတာ မင်းတို့မောင်နှမကို စည်းရုံးချင်လို့ထင်တယ်"

ရန်ချင်းဟွားက....

"သူက ကျွန်မတို့ကိုစည်းရုံးချင်ရင် လာဆွေးနွေးရမှာပေါ့... ဘာကြောင့် လမ်းမှာတိုက်ခိုက်ရတာလဲ"

ကွမ်းချီယင်းက....



"သူတို့က မင်းတို့ကိုဖမ်းသွားပြီးမှ အကျပ်ကိုင်ရင် ပိုပြီး ထိရောက်မယ်လို့ ယူဆလို့ ဖြစ်မှာပေါ့"

ရန်ချင်းဟွားက မျက်မှောင်ကုတ်ကာ....

"ဘာကြောင့် ကျွန်မတို့ကို စည်းရုံးချင်တာလဲမသိဘူး"

ကွမ်းချီယင်းက ပြုံးကာ....

"ဒါတော့ ကျုပ်လည်းမသိဘူး... ဒါပေမယ့် မင်းတို့က သိုင်းပညာထူးချွန်ပြီး လွတ်လွတ်လပ်လပ် နေတတ်လို့ထင်တယ်"

ရန်ကျားဟုန်က....

"လင်းနို့ဆိုတာ ညဘက်မှာထွက်တတ်တယ်... ဒါကြောင့် သူတို့က ညဘက်မှလှုပ်ရှားမယ်လို့ ကျုပ်ထင်တယ်"

သူက ကျန်နှစ်ယောက်အား ငဲ့ကြည့်ကာ....

"ဒါကြောင့် ကျုပ်တို့(၃)ယောက် ညဘက်ကျရင် အထူးသတိထားရမယ်"

ကွမ်းချီယင်းက....

"အခု ကျုပ်တို့တုံစင်းရဲ့အာမခံဌာနကို အရင်သွားရင် ကောင်းမယ်"

ရန်ကျားဟုန်က ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်... တုံစင်းကို အရင်သွားအကြောင်းကြားမယ်...

ပြီးရင် တည်းခိုခန်းတစ်ခုမှာတည်းပြီး သူတို့ကိုလိုက်ရှာကြမယ်"

ရန်ချင်းဟွားက....

"အစ်ကိုချီယင်းက တုံစင်းရဲ့ အာမခံဌာနမှူးကိုသိတယ်ဆို"

ကွမ်းချီယင်းက ခေါင်းညိတ်လိုက်၏။

"သိပါတယ်... အာမခံဌာနမှူးက ပေါင်ပေ့ပါ"

ရန်ချင်းဟွားက....

"ကျွန်မတို့ကို သူနဲ့မိတ်ဆက်ပေးပါလား"

ကွမ်းချီယင်းက....

"စိတ်ချပါ... ကဲ... ကျုပ်တို့သွားကြစို့"

သူတို့သည် သံမဏိလက်ဝါးတုံစင်းအလုပ်လုပ်သည့်'ပေါင်ပေ့'အာမခံဌာနသို့ ဦးတည်ထွက်ခွာသွားလေတော့သည်။

ပေါင်ပေ့အာမခံဌာန....။

ပေါင်ပေ့အာမခံဌာနသည် မင်းလမ်းမကြီး၏ အလယ်လောက်တွင် တည်ရှိ၏။

ကွမ်းချီယင်းသည် ရန်ကျားဟုန်တို့နှစ်ယောက်အား ဦး



ဆောင်ကာ ပေါင်ပေ့အာမခံဌာနသို့ ဝင်ရောက်လိုက်၏။

အာမခံဌာနမှူးပေါင်ပေ့က ကွမ်းချီယင်းရောက်လာသည်ကို တွေ့ရသဖြင့် ကိုယ်တိုင်ထွက်ကာ ကြိုဆို၏။

ကွမ်းချီယင်းက မိတ်ဆက်ပေးလိုက်၏။

"သူတို့ကတော့ ပျံလွှားမောင်နှမ ရန်ကျားဟုန်နဲ့ ရန်ချင်းဟွား ပါပဲ"

ပေါင်ပေ့၏မျက်နှာတွင် အထင်ကြီးသောအရိပ်အယောင်များ ထွက်ပေါ်လာ၏။

"ကျုပ် ခင်ဗျားတို့နာမည်ကြားဖူးတာကြာပါပြီ... အခုလို သိုင်းလောကမှာကျော်ကြားတဲ့ ပျံလွှားမောင်နှမနဲ့ ဆုံတွေ့ရတာ ဝမ်းသာပါတယ်"

ရန်ကျားဟုန်တို့ကလည်း လက်နှစ်ဖက်ဆုပ်ကာ ဂါရဝပြုလိုက်၏။

ရန်ချင်းဟွားက....

"ကျွန်မတို့မောင်နှမကလည်း ဝမ်းသာပါတယ်ရှင်"

ပေါင်ပေ့က ကွမ်းချီယင်းဘက်လှည့်ကာ....

"ခင်ဗျားတို့ အခုမြင်းပြိုင်ပွဲက ပြန်လာကြတာလား"

ကွမ်းချီယင်းက....

"ဟုတ်တယ်... ခင်ဗျား ဘယ်လိုလုပ်သိတာလဲ"

ပေါင်ပေ့က....

"တုံစင်းပြန်လာတုန်းက မြင်းပြိုင်ပွဲက အတွေ့အကြုံအားလုံး ပြောပြပါတယ်... ဒါကြောင့် ခင်ဗျားတို့ရောက်နေမှန်း သိတာပေါ့... ခင်ဗျားတို့မြင်းတွေလည်း အဲ့ဒီမှာထားခဲ့တာပေါ့ ဟုတ်လား"

ကွမ်းချီယင်းက ခေါင်းညိတ်ကာ....

"ဟုတ်တယ်... ဒါနဲ့တုံစင်းကော"

ပေါင်ပေ့က....

"သူက အာမခံပစ္စည်းတစ်ခု သွားပို့တယ်ဗျ... ဒီလလယ်လောက်မှ ပြန်ရောက်နိုင်မယ်"

ကွမ်းချီယင်းက ရန်ကျားဟုန်အား တစ်ချက်လှည့်ကြည့်ကာ သက်ပြင်းချလိုက်၏။

ထို့နောက် ပေါင်ပေ့ဘက်လှည့်ကာ....

"ဒီလိုဆိုရင်တော့ ကျုပ်တို့ပြောစရာရှိတာ ခင်ဗျားကိုပဲ မှာခဲ့ရတော့မှာပဲ"

ပေါင်ပေ့က....

"မှာခဲ့ပါ... သူပြန်လာရင် ကျုပ် ပြောပေးပါ့မယ်"

ကွမ်းချီယင်းက....



"ခြင်္သေ့ရဲတိုက်မှာ ပြဿနာတစ်ခုနဲ့ကြုံနေရတယ်"

ပေါင်ပေ့က....

"ဟုတ်လား... ဘယ်လိုပြဿနာလဲ"

ကွမ်းချီယင်းက မချိပြုံးပြုံးကာ....

"ကျုပ်တို့ရဲ့ပြိုင်ပွဲဝင် အကောင်းဆုံးမြင်း(၇)ကောင်လုံး တစ်ညထဲမှာတင် အခိုးခံလိုက်ရတယ်"

ပေါင်ပေ့က မျက်လုံးပြူးသွား၏။

"ဗျာ... တစ်ညထဲနဲ့ မြင်း(၇)ကောင် အခိုးခံရတယ်ဟုတ်လား"

ကွမ်းချီယင်းက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်"

ပေါင်ပေ့က....

"ဘယ်လိုဖြစ်ရတာလဲဗျာ"

ကွမ်းချီယင်းက အဖြစ်အပျက်အလုံးစုံအား ပြောပြလိုက်၏။ သူ့စကားဆုံးသောအခါ ပေါင်ပေ့က မျက်မှောင်ကုတ်သွား၏။

"စိတ်မကောင်းစရာပဲ... တုံစင်းက သူ့မြင်းကို အရမ်းခင်တွယ်တယ်ဗျ... ဒီသတင်းသာ သူကြားသွားရင် မလွယ်ဘူး"

ကွမ်းချိုယင်းက....

"ဟုတ်တယ်... သူတင်မကဘူး... ကျုပ်တို့လည်း စိတ်ထိခိုက်နေမြောနေကြပါတယ်... ဒါပေမယ့် ဒီကိစ္စက သူဌေးကြီးဝူးရဲ့အပြစ်တော့ မဟုတ်ပါဘူးဗျာ"

ပေါင်ပေ့က....

"သူဌေးကြီးဝူးက သိက္ခာရှိတဲ့လူတစ်ယောက်ပါ... ဒီမြင်းတွေကိုပိုင်ဆိုင်ဖို့အတွက်တော့ သူ ဒီလိုလုပ်မှာမဟုတ်ပါဘူး... နောက်ပြီး ဒီလောက်နှစ်ပေါင်းများစွာ လုပ်လာတဲ့လူက ဒီ့ထက်ကောင်းတဲ့မြင်းတွေ တွေ့ခဲ့ဖူးမှာပါ... ဒါပေမယ့် နာမည်ပျက်လုံးဝမရှိခဲ့ပါဘူး"

ကွမ်းချိုယင်းက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်... နောက်ပြီး မြင်းဆိုတာ ရတနာပစ္စည်းလိုဝှက်ထားလို့မရပါဘူး... ဒါကြောင့် သူလှည့်စားတာမဟုတ်ဘူး... ကျုပ်တို့ယုံတယ်"

ပေါင်ပေ့က....

"ဒါနဲ့သဲလွန်စကောရလား"

ကွမ်းချိုယင်းက ခေါင်းခါယမ်းလိုက်၏။

"မရပါဘူး"

ပေါင်ပေ့က....



"ဘယ်သူ့လက်ချက်ဖြစ်မယ်လို့ထင်သလဲ"

ကွမ်းချိုယင်းက....

"လင်းနို့လက်ချက်ဖြစ်မယ်လို့ထင်တယ်"

ပေါင်ပေ့က နားမလည်နိုင်စွာနှင့်....

"လင်းနို့ ဟုတ်လား"

ကွမ်းချိုယင်းက....

"ခင်ဗျားက လင်းနို့အကြောင်းသိချင်ရင် ရန်ကျားဟုန်ကိုမေးကြည့်ပေါ့"

ပေါင်ပေ့က....

"မိတ်ဆွေ... ကျုပ်ကိုလင်းနို့အကြောင်း ပြောပြပါလား"

ရန်ကျားဟုန်သည် လင်းနို့အဖွဲ့နှင့်တွေ့ဆုံခဲ့ရပုံအကြောင်းများကို ပေါင်ပေ့အား ပြောပြလိုက်၏။

သူ့စကားဆုံးသောအခါ ပေါင်ပေ့က အံ့အားသင့်သွား၏။

"ဒီအတိုင်းဆိုရင် လင်းနို့က အံ့ဩဖို့ကောင်းတယ်... နောက်ပြီး ကြောက်စရာကောင်းတယ်"

"ဟုတ်တယ်"

ပေါင်ပေ့က....

"ကျုပ်တော့ ဒီနိုင်ငံမှာနေတာကြာပြီ... လင်းနို့အကြောင်း

ကိုမကြားဖူးဘူး... ဒါနဲ့ သူက ဘယ်သူလဲ"

ရန်ကျားဟုန်က ပခုံးတွန့်ကာ....

"ကျုပ်တို့က ဘယ်လိုလုပ်သိမှာလဲ... ဒါပေမယ့်...."

ပေါင်ပေ့က....

"ဒါပေမယ့် ဘာဖြစ်သလဲဗျ"

ရန်ကျားဟုန်က....

"တုံစင်းတော့ သိလိမ့်မယ်ထင်တယ်"

ပေါင်ပေ့က ထိုစကားကိုအံ့အားသင့်ကာ....

"ဟင်... သူကသိမယ်လို့ ခင်ဗျားက ဘာကြောင့်ပြောနိုင်ရတာလဲ"

ရန်ကျားဟုန်က....

"မြင်းပြိုင်ပွဲမှာ ကျုပ်က သူ့ကိုလင်းနို့အကြောင်းမေးခဲ့ဖူးတယ်... သူက မသိဘူးလို့ဖြေပေမယ့် သူ့မျက်နှာတစ်ခုလုံး ဖြူဖပ်ဖြူရော် ဖြစ်သွားတယ်"

သူက ပြုံးကာ စကားဆက်လိုက်၏။

"သူ့ကိုကြည့်ရတာ ထိတ်လန့်နေသလိုပဲ... ဒါကြောင့် သူက လင်းနို့အကြောင်းသိလိမ့်မယ်လို့ ကျုပ် ယူဆတယ်"

ပေါင်ပေ့က....



"ဒီလိုဆိုရင်တော့ သူပြန်လာရင် ကျုပ်မေးပေးပါ့မယ်"

ရန်ကျားဟုန်က ပြုံးကာ....

"ကောင်းပါပြီ... ကျုပ်တို့ကိုသွားခွင့်ပြုပါဦး"

ပေါင်ပေ့က,...

"ကောင်းပါပြီဗျာ"

ရန်ကျားဟုန်တို့(၃)ယောက်သည် ပေါင်ပေ့အား နှုတ်ဆက်ကာ အာမခံဌာနထဲမှ ထွက်ခွာလာခဲ့လေတော့သည်။

ရန်ကျားဟုန်တို့(၃)ယောက်သည် ပေါင်ပေ့အာမခံဌာနထဲမှ ထွက်လာ၏။

သူတို့သည် အတန်ကြာအောင်ပင် ခြေဦးတည့်ရာလျှောက်နေကြ၏။

ကွမ်းချီယင်းက....

"ရန်ကျားဟုန်... ကျုပ်တို့တည်းခိုခန်းတစ်ခုဆီ သွားရင်ကောင်းမယ်"

ရန်ကျားဟုန်က....

"မဟုတ်သေးဘူး... ကျုပ်တို့ပန်းချီဆရာမာလုဆီကို အရင်သွားသင့်တယ်"

ရန်ချင်းဟွားက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်.. ကျွန်မတော့ သူ့ကိုသံသယရှိတယ်"

ကွမ်းချီယင်းက....

"ကောင်းပြီလေ... သွားကြတာပေါ့"

သူတို့သည် လမ်းမကြီးတစ်ခုအတိုင်း လျှောက်သွားရင်း အခြားလမ်းသွယ်လေးတစ်ခုထဲသို့ မြင်းကိုချိုးကွေ့လိုက်၏။

ကွမ်းချီယင်းက ထိုလမ်းအလယ်လောက်တွင်ရှိသောဆိုင်အား ညွှန်ပြကာ....

"အဲ့ဒါမာလုရဲ့ပန်းချီကား အရောင်းဆိုင်ပဲ"

သူက ရှေ့ဆုံးမှဦးဆောင်ကာ ထိုဆိုင်ထဲသို့လှမ်းဝင်လိုက်၏။

ရန်ကျားဟုန်တို့ကလည်း နောက်မှလိုက်ဝင်သွား၏။ ဆိုင်ကလေးထဲတွင် ပန်းချီကားချပ်များဖြင့် ပြည့်နှက်နေ၏။

သို့သော် အများဆုံးမှာ မြင်းပုံပန်းချီချပ်များဖြစ်၏။

ပန်းချီကားချပ်ထဲရှိ မြင်းများ၏မျက်လုံးများမှာ တကယ်သက်ရှိမြင်းကဲ့သို့ပင် ခံစားချက်ရှိသော မျက်လုံးများဖြစ်သည်ကို ရန်



ကျားဟုန် အကဲခတ်မိ၏။

ထို့ကြောင့်လည်း ပန်းချီဆရာမာလု နာမည်ကျော်ကြားခြင်းဖြစ်လေမည်ဟု တွေးမိ၏။

ထိုစဉ် အသက်(၄၀)ခန့် လူတစ်ယောက် ဆိုင်အနောက်ဘက်မှ ထွက်လာ၏။

သူသည် ဆိုင်ထဲတွင် ရန်ကျားဟုန်တို့အား တွေ့မြင်ရသောအခါ ပြုံးရွှင်စွာဖြင့် ဆီးကြိုနှုတ်ဆက်လိုက်၏။

"ကြွပါခင်ဗျာ... မိတ်ဆွေတို့က ဘယ်ပန်းချီကားကို သဘောကျပါသလဲ"

ရန်ချင်းဟွားက....

"ကျွန်မတို့က ပန်းချီကားဝယ်ချင်လို့မဟုတ်ပါဘူးရှင်"

ထိုလူက....

"ဒါဖြင့် ဘာကိစ္စလဲခင်ဗျာ"

ရန်ချင်းဟွားက ပြုံးကာ....

"ပန်းချီဆရာမာလုကို တွေ့ချင်လို့ပါ"

ထိုလူက ခေါင်းခါယမ်းလိုက်၏။

"စိတ်မကောင်းပါဘူးဗျာ... သူ ခရီးထွက်နေလို့မရှိပါဘူး"

ရန်ချင်းဟွားက မျက်မှောင်ကုတ်ကာ....

"ဘယ်ကိုသွားတာလဲရှင့်"

ထိုလူက....

"ခြသေ့်ရဲတိုက်ပိုင်ရှင် သူဌေးကြီးဝူးကိုယ်တိုင် မြင်းပုံပန်းချီကားဆွဲဖို့ လာဖိတ်ခေါ်သွားပါတယ်"

ရန်ချင်းဟွားက....

"ကျွန်မတို့ကလည်း သူတောင်းတဲ့အဖိုးအခအတိုင်းပေးပြီး ပန်းချီဆွဲချင်လို့ပါ... သူနဲ့တွေ့ပါရစေရှင်"

ထိုလူက သက်ပြင်းတစ်ချက်ချကာ....

"ကျုပ်က အမှန်ပြောနေတာပါ... သူ တကယ်မရှိပါဘူး... ခင်ဗျားတို့ သူ့ကိုတွေ့ချင်ရင် နောက်(၁၅)ရက်လောက်ကြာမှ ပြန်လာခဲ့ပါဗျာ"

ရန်ချင်းဟွာသည် ရန်ကျားဟုန်နှင့်ကွမ်းချီယင်းအား ကြည့်လိုက်၏။

ထို့နောက် သူမသည် ဆက်ပြော၍ အကြောင်းထူးမည်မဟုတ်မှန်းရိပ်မိသဖြင့် ထိုလူအား နှုတ်ဆက်ကာ ပြန်ထွက်လာခဲ့၏။

ထို့နောက် တည်းခိုခန်းတစ်ခုတွင် ဝင်ရောက်တည်းခိုလိုက်လေတော့သည်။



လဝန်းထိန်ထိန်သာနေ၏။

ကောင်းကင်တစ်ခုလုံး ကြည်လင်နေ၏။

ကြယ်ကလေးများကလည်း မှိန်တုတ်မှိန်တုတ်နှင့်သာသာယာယာရှိလှ၏။

ရန်ချင်းဟွားသည် ခုတင်ပေါ်တွင်လဲလျောင်းနေသော်လည်း အိပ်၍မရသေးပါ။

သူမသည် ဟိုဘက်သည်ဘက် လူးလှိမ့်နေ၏။

သူမက ကွမ်းချီယင်းအကြောင်းအားတွေးနေခြင်း ဖြစ်၏။

ကွမ်းချီယင်းသည် သူမအစ်ကိုနှင့် အသက်အရွယ်တူကာရီးသားသော လူတစ်ယောက်ဖြစ်၏။

သူသည် ရန်ချင်းဟွားထံမှ မေတ္တာကိုအကြိမ်ကြိမ် တောင်းခံခဲ့၏။

ရန်ချင်းဟွားမှာ မည်သည့်အဖြေမှမပေးသေးဘဲ အခြေအနေကို စောင့်ကြည့်နေ၏။

ယခုလည်း သူမတို့ မြင်းပြိုင်ပွဲသွားကြောင်းသိသဖြင့် လိုက်လာခြင်းဖြစ်ကြောင်း နားလည်လိုက်၏။

ကွမ်းချိုယင်းသည် သုံးနှစ်တိုင်တိုင် မိမိအား ချစ်ရေးဆိုခဲ့သော်လည်း စိတ်ပျက်ခြင်းမရှိသည်ကိုတွေ့ရသဖြင့် သူမက ကျေနပ်မိ၏။

စိတ်ထဲတွင် ထူးခြားစွာ ရင်ခုန်တုန်လှုပ်ခြင်းမရှိသော်လည်း အိမ်ထောင်ဖက်အဖြစ် ရွေးချယ်နိုင်သော ယောကျ်ားဖြစ်သည်ကို အသိအမှတ်ပြု၏။

အကယ်၍ ဤတစ်ကြိမ်၌ ထပ်မံချစ်ရေးဆိုလာလျှင် သူမက လက်ခံရန် ဆုံးဖြတ်လိုက်လေတော့သည်။

ရန်ချင်းဟွားသည် အိပ်ပျော်ရန်ကြိုးစားနေ၏။

ထိုအချိန်မှာပင်....

"ဒေါက်... ဒေါက်... ဒေါက်"

အခန်းတံခါးခေါက်သံတိုးတိုးအား ကြားလိုက်ရ၏။

ရန်ချင်းဟွားက မျက်မှောင်ကုတ်ကာ....



"ဘယ်သူလဲ"

အပြင်ဘက်မှ အသံတိုးတိုးဖြင့်....

"ကျုပ်ပါ...."

ထိုအသံမှာ ကွမ်းချိုယင်းအသံဖြစ်မှန်း သူမ မှတ်မိလိုက်၏။

"အစ်ကိုချိုယင်း... ဘာဖြစ်လို့လဲ"

ကွမ်းချိုယင်းက....

"ညီမ အပြင်ခဏထွက်ခဲ့ပါလား"

ရန်ချင်းဟွားက အပေါ်ဝတ်စုံအား ဝတ်ဆင်ကာ တံခါးအား ဟလိုက်၏။

အပြင်ဘက်တွင် ကွမ်းချိုယင်းရပ်နေသည်ကို တွေ့လိုက်ရ၏။

"အစ်ကိုချိုယင်း... ဘာကိစ္စလဲ"

ကွမ်းချိုယင်းက ပြုံးပြကာ....

"လသာတာ အပြင်ဘက်မှာတော်တော်သာယာတယ်... ညီမ ခဏလောက် ထွက်ခဲ့ပါလား"

ရန်ချင်းဟွားက အနည်းငယ် စဉ်းစားလိုက်၏။ သူမက လှမ်းထွက်ကာ တံခါးအား ပြန်ပိတ်လိုက်၏။

ထို့နောက် ကွမ်းချိုယင်းနှင့် ပခုံးချင်းယှဉ်လျှောက်ကာ ပန်း

ဥယျာဉ်သို့ထွက်လာခဲ့လေတော့သည်။

ကွမ်းချီယင်းက သက်ပြင်းတစ်ချက်ချလိုက်၏။

သူက ရန်ချင်းဟွားအား တစ်ချက်ငုံ့ကြည့်ကာ....

"ညီမ... ညီမက ကျူပ်ထက်သိုင်းပညာပိုတော်ပြီး နာမည်ပို ကျော်ကြားပါတယ်... ဒါကြောင့် အစ်ကိုက ညီမကိုချစ်နေပေမယ့် မထိုက်တန်ဘူးဆိုတာ နားလည်ပါတယ်"

ရန်ချင်းဟွားက ပြုံးလိုက်၏။

"အစ်ကိုချီယင်း... ဘာတွေပြောနေတာလဲ"

ကွမ်းချီယင်းက....

"ညီမက စိတ်ထားကောင်းပြီး အပြစ်ကင်းစင်တဲ့မိန်းက လေးပါ... ကျူပ်ကတော့...."

ရန်ချင်းဟွားက ရယ်မောလိုက်၏။

"ကဲ... ရှင်က ဘာပြောချင်တာလဲ... ကျွန်မကို တိတိကျကျ ပဲ ပြောစမ်းပါ"

ကွမ်းချီယင်းက ခေါင်းငုံ့လိုက်၏။



"အမှန်တော့ ကျူပ်က အဖြူရောင်သိုင်းလောကသား ဥပ ဒေဘက်တော်သားတစ်ယောက်ပါ... မကောင်းတဲ့လူကိုပယ်ပြီး ကောင်းတဲ့လူကို ကယ်တင်ရမယ့်လူပါ"

သူက သက်ပြင်းတစ်ချက်ချကာ စကားဆက်လိုက်၏။

"ဒါပေမယ့် ကိုယ့်မိသားစုအတွက် ဥပဒေဆိုတာကို လုံးဝ ထည့်မတွက်ဘဲ မလုပ်သင့်တာကို လုပ်ခဲ့ရပါတယ်"

ရန်ချင်းဟွားက....

"လူတွေက ကိုယ့်မိသားစုအတွက်ပဲ အဓိကဦးစားပေးတတ် ကြတာပဲ... ဒါ မဆန်းပါဘူး"

ကွမ်းချီယင်းက ခေါင်းကိုဖြည်းညင်းစွာ ခါယမ်းလိုက်၏။

"ကိုယ့်အတွက် ဦးစားပေးလွန်းတော့လည်း တစ်ခါတလေ မှာ သူတစ်ပါးကို ထိခိုက်နစ်နာစေပါတယ်"

ရန်ချင်းဟွားက မျက်မှောင်ကုတ်ကာ....

"ရှင်က သူတစ်ပါးနစ်နာအောင် လုပ်ဖူးလို့လား"

ကွမ်းချီယင်းက....

"အရင်ကတော့ မလုပ်ခဲ့ဖူးပါဘူး... အခုတော့...."

ကွမ်းချီယင်းက....

"ရှင်ပြောတာတွေ ကျွန်မ နားမလည်ဘူး"

ကွမ်းချင်ယင်းက ပါးစပ်ပိတ်ထားလိုက်၏။

ရန်ချင်းဟွားက....

"ရှင် အခုကျွန်မကိုခေါ်လာတာ ဒီအကြောင်းတွေ ပြောချင်လို့လား"

ကွမ်းချီယင်းက ကမန်းကတန်း ခေါင်းခါယမ်းလိုက်၏။

"မဟုတ်ရပါဘူးဗျာ... အရေးကြီးတဲ့ကိစ္စပြောချင်လို့ပါ"

ရန်ချင်းဟွားက....

"ဒါဖြင့် ပြောပါ"

ကွမ်းချီယင်းက....

"ကျုပ်မှာအမေရှိသေးတယ်ဆိုတာ ညီမ သိပါတယ်နော်"

ရန်ချင်းဟွားက....

"ဟုတ်ကဲ့... ညီမတစ်ယောက်ရှိတာလည်း သိပါတယ်"

ကွမ်းချီယင်းက....

"ဟုတ်ပါတယ်... ကျုပ်အရွယ်မရောက်သေးခင်မှာ အဖေဆုံးသွားလို့ အမေက ကျုပ်တို့မောင်နှမကို ဦးဆောင်ရှာဖွေ ကျွေးမွေးခဲ့ပါတယ်"

ရန်ချင်းဟွားက ခေါင်းညိတ်လိုက်၏။

"ရှင်က ရှင့်အမေကို တော်တော်ချစ်တယ်ဆိုတာ ကျွန်မ



အစ်ကိုပြောပြဖူးပါတယ်"

ကွမ်းချီယင်းက မချိပြုံးပြုံးလိုက်၏။

"ဟုတ်ပါတယ်... အမေက ကျုပ်တို့မောင်နှမအပေါ် အင်မတန်ကျေးဇူးကြီးပါတယ်... ဒါကြောင့် ကျုပ်အနေနဲ့ အမေ့ကျေးဇူးကို ပြန်ဆပ်သင့်တယ် မဟုတ်လား"

ရန်ချင်းဟွားသည် ကွမ်းချီယင်း၏မျက်နှာအား စေ့စေ့စိုက်ကြည့်လိုက်၏။

"ရှင့်ကိုကြည့်ရတာ ဒီနေ့ထူးဆန်းနေတယ်"

ကွမ်းချီယင်း၏မျက်နှာပေါ်တွင် အလွန်စိတ်ထိခိုက်ကြေကွဲသောဟန်မူရာ ဖြစ်ပေါ်နေ၏။

သူက ရန်ချင်းဟွားအား ရီဝေစွာ ကြည့်ကာ....

"ကျုပ်အမေနဲ့ညီမအတွက် ကျုပ်က သိပ်ယုတ်မာတဲ့အလုပ်တစ်ခုကို မလုပ်ချင်ဘဲ လုပ်ရပါတော့မယ်... အခုလိုလုပ်ရတာ မလွှဲမရှောင်သာလို့ပါ... ညီမ ခွင့်လွှတ်ပါလို့တောင်းပန်ပါတယ်"

ထိုစကားကြောင့် ရန်ချင်းဟွားမှာ ရင်ထိတ်သွား၏။

"ရှင်...."

သို့သော် သူမက စကားမဆက်နိုင်တော့ပါ။

အကြောင်းမှာ သူမ၏နောက်ကျောမှ သွေးကြောပိတ်ခံ

လိုက်ရပြီး ခန္ဓာကိုယ်တစ်ခုလုံး ပျော့ခွေကာ ဘာကိုမှသတိမရနိုင်တော့ပါ။

ကွမ်းချိုယင်းသည် မေ့မြောနေသော သူမ၏ခန္ဓာကိုယ်အား ပခုံးပေါ်တွင်ထမ်းကာ အမှောင်ထုအတွင်းသို့ တိုးဝင်သွားလေတော့သည်။



## အရင်းနှီးဆုံးသူလျှို

နေရောင်ခြည်သည် ပြတင်းပေါက်မှတစ်ဆင့် အခန်းထဲသို့ ထိုးကျနေ၏။

ရန်ကျားဟုန်သည် ခရီးပန်းလာသဖြင့် အိပ်ပျော်ခဲ့သဖြင့် နိုးလာသောအခါ အားအင်ပြည့်ပြီး လန်းလန်းဆန်းဆန်းဖြစ်လာ၏။

သူက အဝတ်အစားများလဲကာ အခန်းထဲမှထွက်လာ၏။

ထို့နောက် ရန်ချင်းဟွားအခန်းသို့လျှောက်သွားကာ တံခါးခေါက်လိုက်၏။

"ညီမလေးရေ… အပြင်ထွက်ကြစို့"

သို့သော် သုံးလေးခွန်းခေါ်သည့်အထိ တံခါးပွင့်မလာသဖြင့် သူကစိတ်ပူလာ၏။

သူ၏ညီမသည် အအိပ်ကြီးသူမဟုတ်ပေ။ ဤသို့ဆိုလျှင် အိပ်ရာမှထကာ ထွက်သွားပြီလော။

သူက ကွမ်းချိုင်း၏အခန်းဆီသို့ သွားကြည့်လိုက်၏။ ကွမ်းချိုင်းလည်း မရှိပါ။

သူက ဥယျာဉ်ထဲသို့ဆင်းလာခဲ့၏။ သို့သော် ဥယျာဉ်တစ်ခုလုံးနှံ့သွားသော်လည်း ရန်ချင်းဟွား နှင့်ကွမ်းချိုင်းအား မတွေ့ရပါ။

သူက ရင်ထဲတွင်ထိတ်သွားကာ ရန်ချင်းဟွားအခန်းဆီသို့ ပြန်သွားလိုက်၏။

ထိုအခါ သူမ၏အခန်းနံရံပေါ်တွင် ဓားတစ်လက်စိုက်ဝင်နေသည်ကိုတွေ့လိုက်၏။

ဓားစိုက်ထားရာတွင် စာရွက်တစ်ရွက်လည်း ပါနေ၏။ သူက ဓားအားဆွဲနှုတ်ကာ စာအားဖတ်လိုက်၏။

စာပေါ်တွင်....

"ရန်ကျားဟုန်....

ခင်ဗျားရဲ့ညီမလေးဟာ ကျုပ်တို့လက်ထဲမှာရှိတယ်... ဒါကြောင့် သူ့ကိုတွေ့ချင်ရင် ဒီနေ့ည သန်းခေါင်ယံအချိန် မြို့တောင်ဘက်မှာရှိတဲ့ တံတားဖြူကိုလာခဲ့ပါ... အချိန်တန်လို့မှရောက်မလာရင်တော့ ညီမလေးကိုတွေ့ရမှာမဟုတ်ဘူးဆိုတာ ခင်ဗျား နားလည်ပါတယ်နော်"



ဟု ရေးထား၏။

အောက်ဘက်တွင် လင်းနို့တစ်ကောင်တောင်ပံဖြန့်ထားသောပုံ ရေးဆွဲထား၏။

ရန်ကျားဟုန်က အံတင်းတင်းကြိတ်လိုက်၏။

သူ၏ညီမဖြစ်သူသည် လင်းနို့ဂိုဏ်းလက်ထဲ ရောက်သွားပြီဖြစ်ကြောင်း နားလည်လိုက်၏။

သူသည် အခန်းခများရှင်းကာ ဝည်းခိုခန်းထဲမှထွက်လာ၏။

ထို့နောက် မြင်းအားဆွဲကာ ခိုင်ဖုံးမြို့တောင်ဘက်ရှိ တံတားဖြူသို့ လျှောက်လာခဲ့၏။

တံတားဖြူတွင် ဖြတ်သန်းသွားလာသူများပြားလှ၏။

သို့သော် တံတားဖြူ၏အနီးအနားတွင် လူနေအိမ်ခြေလုံးဝမရှိပါ။

ညနေစောင်းလာသည်နှင့် တံတားဖြူပတ်ဝန်းကျင်တွင် လူသူကျဲပါးသွား၏။

ရန်ကျားဟုန်သည် တံတားထိပ်တွင်အေးဆေးစွာ ထိုင်ချလိုက်၏။

ထို့နောက် လင်းနို့ရောက်လာမည့်အချိန်ကိုစောင့်မျှော်လိုက်လေတော့သည်။

အချိန်များ တရွေ့ရွေ့ကုန်ဆုံးသွား၏။

ရန်ကျားဟုန်သည် မွန်းတည့်ချိန်မှစကာ ဤတံတားပေါ်တွင် ရောက်ရှိနေ၏။

သူသည် စောင့်ရင်းစောင့်ရင်း ညအချိန်တွင် မှေးခနဲအိပ်ပျော်သွား၏။

ထိုစဉ် ခြေသံသဲ့သဲ့ကြားလိုက်ရသဖြင့် သူက မျက်လုံးကို ဆတ်ခနဲ ဖွင့်လိုက်၏။

ထိုအခါ တံတားဖြူ၏တစ်ဖက်ထိပ်တွင် လူတစ်ယောက်ရပ်နေသည်ကိုတွေ့လိုက်ရ၏။

သူတွေ့မြင်ဖူးသော လင်းနို့အဖွဲ့ဝင်ပုံစံ ဖြစ်နေ၏။

ထိုလူသည် အပေါက်ဖောက်ထားသောမျက်နှာဖုံးစွပ်ထားသော်လည်း စူးရှသောမျက်လုံးအစုံဖြင့် သူ့အား စိုက်ကြည့်နေ၏။

ထို့နောက် သူ့ထံသို့ တစ်လှမ်းချင်း လျှောက်လာ၏။



ရန်ကျားဟုန်က ဖြည်းညင်းစွာ ထရပ်လိုက်၏။ သူကသတိကြီးစွာဖြင့် တစ်လှမ်းချင်း လျှောက်သွား၏။

တံတားအလယ်တွင် မျက်နှာချင်းဆိုင်ပြီးရပ်လိုက်၏။ သူက ဘာမှမပြောဘဲ ထိုလူအား စိုက်ကြည့်လိုက်၏။

ထိုလင်းနို့ကလည်း သူ့အား စိုက်ကြည့်နေ၏။

အတန်ကြာမှ ထိုလူက အေးတိအေးစက်ဖြင့်....

"ရန်ကျားဟုန်...."

ရန်ကျားဟုန်က ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်"

ထိုလူက....

"လိုက်ခဲ့"

သူကပြောပြီး လှည့်ထွက်သွား၏။

ရန်ကျားဟုန်က မြင်းအားဆွဲကာ ထိုလူနောက်သို့လိုက်ပါသွားလေတော့သည်။

လင်းနို့အဖွဲ့သားသည် တံတားပေါ်မှ ဆင်းသွား၏။

သူက ခြေလှမ်း(၃၀)ခန့် လှမ်းပြီးနောက် ညာဘက်ရှိ လမ်းကလေးတစ်ခုထဲသို့ ချိုးကွေ့လိုက်၏။

"ခဏရပ်ပါ"

ရန်ကျားဟုန်က ဟန့်တားလိုက်၏။

လင်းနို့အဖွဲ့သားက ခြေလှမ်းရပ်တန့်ကာ....

"ဘာလဲ"

ရန်ကျားဟုန်က....

"မြင်းချည်လိုက်ဦးမယ်"

ပြောပြီး မြင်းအား သစ်ပင်တစ်ပင်တွင် ချည်နှောင်လိုက်၏။

ပြီးမှ ပြုံးပြကာ....

"ရပြီ... သွားကြစို့"

သူကပြောပြီး ဆက်လျှောက်လိုက်၏။

လင်းနို့အဖွဲ့သားကလည်း ခပ်သွက်သွက် လျှောက်သွားလိုက်၏။

ဤနေရာတွင် သစ်ပင်များ အစီအရီစိုက်ပျိုးထား၏။ လင်းနို့အဖွဲ့သားက သစ်ပင်များကြားထဲသို့ တိုးဝင်လိုက်၏။

ရန်ကျားဟုန်ကလည်း နောက်မှထပ်ကြပ်မခွာ လိုက်ပါသွား၏။



ခြေလှမ်းငါးဆယ်ခန့် လျှောက်မိသောအခါ...

"ရပ်...."

လင်းနို့အဖွဲ့သားက ဟန့်တားလိုက်၏။

ရန်ကျားဟုန်က ခြေလှမ်းရပ်တန့်ကာ....

"ရောက်ပြီလား"

လင်းနို့အဖွဲ့သားက....

"ရောက်ပြီ"

ရန်ကျားဟုန်သည် ပတ်ဝန်းကျင်တစ်ခုလုံးသို့ဝေ့ကြည့်လိုက်၏။

ဝန်းကျင်တစ်ခုလုံး ထူထပ်သောသစ်ပင်များမှလွဲ၍ လူသူတစ်စုံတစ်ယောက်ကိုမှမတွေ့ရပါ။

သူက မျက်မှောင်ကုတ်ကာ....

"ဘယ်မှာလဲ"

လင်းနို့အဖွဲ့သားက ဘာမှမပြောဘဲ တစ်နေရာသို့စိုက်ကြည့်နေ၏။

ရန်ကျားဟုန်က သူကြည့်သည့်နေရာသို့ လိုက်ကြည့်လိုက်၏။

ထိုအခါ သစ်ပင်များနောက်မှ လူ(၄)ယောက်ထွက်လာကာ

သူ့အား ဝိုင်းရံထားလိုက်၏။

ရန်ကျားဟုန်က တိုက်ခိုက်ရန် အသင့်ပြင်ထားလိုက်၏။

"ခင်ဗျားတို့ခေါင်းဆောင်က ဘယ်သူလဲ"

သူ့အားခေါ်လာသည့် လင်းနို့အဖွဲ့သားက....

"မကြာခင် ရောက်လာလိမ့်မယ်"

ရန်ကျားဟုန်သည် ထိုလူ(၄)ယောက်က မိမိအား တိုက်ခိုက်မည့်ပုံစံ မရှိသည်ကိုတွေ့ရသဖြင့် စိတ်အေးသွား၏။

"အခုလာမှာ ခင်ဗျားတို့ဂိုဏ်းချုပ်လား"

လင်းနို့အဖွဲ့သားက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်"

ရန်ကျားဟုန်က....

"သူက ဘယ်သူလဲ"

ထိုစဉ် ခြေသံတစ်ခုကြားလိုက်ရ၏။

သူက လှည့်ကြည့်လိုက်ရာလူတစ်ယောက်လျှောက်လာနေသည်ကို တွေ့လိုက်ရလေတော့သည်။



ရန်ကျားဟုန်ရှေ့တည့်တည့်တွင် လူတစ်ယောက်လျှောက်လာနေသည်ကို တွေ့လိုက်ရ၏။

ထိုလူသည် လင်းနို့များကဲ့သို့ ဝတ်ဆင်ထား၏။

သို့သော် သူခြုံထားသောအပေါ်ဝတ်စုံတွင် အဖြူရောင်ငွေချည်ဖြင့် လင်းနို့တစ်ကောင်ရုပ်ပုံ ထိုးထား၏။

သူက ရန်ကျားဟုန်နှင့် ခြေငါးလှမ်းခန့်အကွာတွင် ရပ်တန့်လိုက်၏။

ထို့နောက် မျက်နှာဖုံးပေါက်ထဲမှ စူးရှသောမျက်လုံးအစုံဖြင့် ရန်ကျားဟုန်အား စိုက်ကြည့်လိုက်၏။

"ရန်ကျားဟုန်... ကျုပ် ဘယ်သူလဲသိလား"

"မသိဘူး"

ထိုလူက....

"လင်းနို့အဖွဲ့ခေါင်းဆောင်... လင်းနို့ဂိုဏ်းချုပ်လို့ခေါ်နိုင်တယ်"

"လင်းနို့ဂိုဏ်းချုပ်...."

ရန်ကျားဟုန်က ထိုလူအားကြည့်ကာ....

"ခင်ဗျားနဲ့ကျုပ်တို့မောင်နှမ ရန်ငြိုးရှိသလား"

လင်းနို့ဂိုဏ်းချုပ်က ခေါင်းခါယမ်းလိုက်၏။

"မရှိပါဘူး"

ရန်ကျားဟုန်က မျက်မှောင်ကုတ်ကာ....

"ဒါဖြင့် ဘာကြောင့် ကျုပ်တို့ကိုတိုက်ခိုက်ရတာလဲ... နောက်ပြီး ကျုပ် ညီမလေးနဲ့ကျုပ်မိတ်ဆွေကို ဘာကြောင့်ခေါ်သွားရတာလဲ"

လင်းနို့ဂိုဏ်းချုပ်က....

"မင်းမိတ်ဆွေက ဘယ်သူလဲ"

ရန်ကျားဟုန်က....

"ကွမ်းချီယင်း...."

လင်းနို့ဂိုဏ်းချုပ်က....

"ကျုပ် ရှင်းရှင်းပြောမယ်... မင်း ညီမကို ကျုပ်တို့ဖမ်းလာတာမဟုတ်ဘူး"

ရန်ကျားဟုန်က မျက်မှောင်ကုတ်ကာ....

"ဒါဖြင့် ဘယ်သူလဲ"

လင်းနို့ဂိုဏ်းချုပ်က အေးစက်သောလေသံဖြင့်....

"ကွမ်းချီယင်း...."

ရန်ကျားဟုန်က ခေါင်းခါယမ်းလိုက်၏။

"ကျုပ် မယုံဘူး"

လင်းနို့ဂိုဏ်းချုပ်က....

"မင်းက ဘာကြောင့် ဒီလိုပြောရတာလဲ"



ရန်ကျားဟုန်က....

"သူက ညီမလေးကိုမေတ္တာရှိတယ်... နောက်ပြီး ကျုပ်ရဲ့အရင်းနှီးဆုံးမိတ်ဆွေပဲ"

"ဟား... ဟား... ဟား"

လင်းနို့ဂိုဏ်းချုပ်က ရယ်မောလိုက်၏။

ရန်ကျားဟုန်က တည်ကြည်စွာဖြင့်....

"ဘာလဲ... ကျုပ်ပြောတာ မှားလို့လား"

လင်းနို့ဂိုဏ်းချုပ်က....

"မင်းအတွက်တော့ မမှားပါဘူး... အရင်တုန်းကတော့ သူက မင်းတို့ရဲ့အရင်းနှီးဆုံးမိတ်ဆွေပဲ... ဒါပေမယ့်... အခုတော့..."

သူက စကားမဆက်ဘဲရပ်လိုက်၏။

ရန်ကျားဟုန်က....

"အခုတော့ ဘာဖြစ်သလဲ"

လင်းနို့ဂိုဏ်းချုပ်က....

"သူက ငါတို့ရဲ့ လင်းနို့အဖွဲ့ဝင်တစ်ယောက် ဖြစ်နေပြီကွ"

ရန်ကျားဟုန်က ခေါင်းတွင်တွင်ခါယမ်းလိုက်၏။

"ကျုပ် မယုံဘူး"

လင်းနို့ဂိုဏ်းချုပ်က ခပ်တိုးတိုးရယ်မောလိုက်၏။

"မင်းမယုံတာလည်း မဆန်းပါဘူး... ဒါပေမယ့် သူက အကြောင်းအမျိုးမျိုးကြောင့် ကျုပ်တို့အဖွဲ့ထဲကို ဝင်လာတာပါ"

ရန်ကျားဟုန်က မျက်မှောင်ကုတ်ကာ....

"ဘာအကြောင်းကြောင့်လဲ"

လင်းနို့ဂိုဏ်းချုပ်က....

"သူက ကျုပ်တို့ဂိုဏ်းထဲမဝင်ရင် သူ့အမေနဲ့ညီမလေး သေသွားနိုင်တယ်လေ"

ရန်ကျားဟုန်က....

"ဒါဖြင့် ခင်ဗျားတို့က သူ့အမေနဲ့ညီမလေးကို ဖမ်းထားပြီး ချုပ်ကိုင်တယ် ဆိုပါတော့"

လင်းနို့ဂိုဏ်းချုပ်က ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်"

ရန်ကျားဟုန်က သူ့အား စိုက်ကြည့်လိုက်၏။

"ခင်ဗျားတို့က ကျုပ်ညီမလေးကိုဖမ်းခေါ်သွားတာ ကျုပ်ကို လင်းနို့ဂိုဏ်းထဲဝင်စေချင်လို့လား"

လင်းနို့ဂိုဏ်းချုပ်က ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်"

ရန်ကျားဟုန်က....

"ကျုပ်က ငြင်းမယ်ဆိုရင် ခင်ဗျားတို့က ကျုပ်ညီမလေးကို သတ်ပစ်မယ်ဆိုပါတော့"

လင်းနို့ဂိုဏ်းချုပ်က....

"အဲ့ဒီသဘောပဲ"

ရန်ကျားဟုန်က သက်ပြင်းတစ်ချက်ချလိုက်၏။

သူက မချိပြုံးပြုံးကာ....



"ခင်ဗျားတို့က တော်တော်အကြံပိုင်တဲ့လူတွေပဲ"

လင်းနို့ဂိုဏ်းချုပ်က....

"စိတ်မရှိပါနဲ့... ဒီလိုမှမလုပ်ရင် လင်းနို့ဂိုဏ်းကို ဘယ်လို တည်ထောင်မလဲ"

ရန်ကျားဟုန်က....

"ထားပါတော့လေ... ကျုပ် တစ်ခုမေးချင်ပါတယ်"

"မေးပါ"

"ခြသေ့ရဲတိုက်မှာပျောက်သွားတဲ့ မြင်း(၇)ကောင်ဟာ ခင်ဗျားတို့လက်ချက်ပဲမဟုတ်လား"

လင်းနို့ဂိုဏ်းချုပ်က ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်... ဒါပေမယ့် မင်းရဲ့မြင်းအတွက်တော့ ကျုပ်က အခွင့်အရေးတစ်ခုပေးပါ့မယ်"

ရန်ကျားဟုန်က....

"ပြောပါဦး"

လင်းနို့ဂိုဏ်းချုပ်က....

"မင်းကသာ ကျုပ်တို့ဂိုဏ်းထဲဝင်မယ်ဆိုရင် မင်းရဲ့မြင်းကို ပြန်ပေးပါ့မယ်"

ရန်ကျားဟုန်က မဲ့ပြုံးပြုံးကာ....

"ထားပါတော့လေ... ကျုပ်က ခင်ဗျားတို့ဂိုဏ်းထဲဝင်ပြီး ဘာလုပ်ရမှာလဲ"

လင်းနို့ဂိုဏ်းချုပ်က ရယ်မောလိုက်၏။

"မင်း ကျုပ်တို့ဂိုဏ်းထဲဝင်တော့မယ်ပေါ့"

ရန်ကျားဟုန်က....

"ကျုပ်ရဲ့ညီမလေးအသက်ကိုကယ်ဖို့ ဒီနည်းလမ်းပဲရှိတော့တယ်"

"ဟား... ဟား... ဟား"

လင်းနို့ဂိုဏ်းချုပ်က အားရပါးရရယ်မောလိုက်၏။

"ဒီလိုပဲဖြစ်ရမှာပေါ့... အခုအချိန်ကစပြီး မင်းက လင်းနို့တစ်ယောက်ဖြစ်သွားပြီ"

ရန်ကျားဟုန်က ပခုံးတစ်ချက်တွန့်ကာ....

"လင်းနို့ဖြစ်သွားတဲ့ကျုပ်က ဘာလုပ်ရမှာလဲ"

လင်းနို့ဂိုဏ်းချုပ်က သူ့အား စိုက်ကြည့်လိုက်၏။

"မင်းက ဂိုဏ်းအပေါ်သစ္စာရှိတယ်ဆိုတာပြသဖို့ လူတစ်ယောက်ကို ဖမ်းပေးရမယ်"

ရန်ကျားဟုန်က....

"ဘယ်သူလဲ"

လင်းနို့ဂိုဏ်းချုပ်က....

"ခရေပန်းတောင်ကြားကို မင်း သိမှာပေါ့"

"သိပါတယ်"

"အဲ့ဒီတောင်ကြားပိုင်ရှင်က ခရေပန်းသခင်မပဲ"

ရန်ကျားဟုန်က ခေါင်းညိတ်လိုက်၏။

"သိပါတယ်... သူက သိုင်းလောကထိပ်သီး(၁၀)ယောက်ထဲ



က တစ်ယောက်ပဲ... ခရေပန်းကိုလက်နက်ပုန်းအဖြစ် အသုံးပြုနိုင်တယ်"

လင်းနို့ဂိုဏ်းချုပ်က....

"ဟုတ်တယ်... သူက ယောကျ်ားမရှိပေမယ့် သမီးလေးတစ်ယောက်ရှိတယ်... အသက်(၁၇)နှစ်လောက် ရှိပြီ... မင်းက သူ့ကိုဖမ်းခေါ်လာရမယ်"

ရန်ကျားဟုန်က ရင်ထိတ်သွား၏။

"ခရေပန်းသခင်မက ဘယ်လိုလူစားလဲဆိုတာ ခင်ဗျားသိပါတယ်... ဘာကြောင့် ရန်စချင်ရတာလဲ"

လင်းနို့ဂိုဏ်းချုပ်က....

"နာမည်ကျော်ကြားတဲ့လူတွေကိုရန်စမှသာ ကျုပ်တို့လင်းနို့ဂိုဏ်းက နာမည်ကျော်ကြားမှာပေါ့"

ရန်ကျားဟုန်က ခေါင်းခါယမ်းလိုက်၏။

"ကျုပ်ကတော့ မထင်ဘူး... ခင်ဗျားတို့ အဲ့ဒီလိုလုပ်နေတာ ကိုယ့်သေတွင်းကိုယ်တူးနေတာပဲ"

လင်းနို့ဂိုဏ်းချုပ်က....

"ဒါက မင်းကိစ္စမဟုတ်ဘူး... မင်းက ကျုပ်ခိုင်းတာကိုလုပ်မလား မလုပ်ဘူးလား"

ရန်ကျားဟုန်က အနည်းငယ် စဉ်းစားကာ....

"ကောင်းပြီလေ... ကျုပ်က ခရေပန်းသခင်မရဲ့သမီးကိုခေါ်လာပြီးရင် ခင်ဗျားတို့နဲ့ ဘယ်လိုဆက်သွယ်ရမှာလဲ"

လင်းနို့ဂိုဏ်းချုပ်က....

"ဒီနေရာကိုပဲ လာခဲ့ပါ"

ရန်ကျားဟုန်က မျက်မှောင်ကုတ်ကာ....

"ခင်ဗျားတို့က နေ့စဉ်နေ့တိုင်း ဒီနေရာကစောင့်နေမှာလား"

လင်းနို့ဂိုဏ်းချုပ်က ခေါင်းခါယမ်းလိုက်၏။

"မဟုတ်ဘူး... မင်းက သူ့ကိုခေါ်ပြီး ခရေပန်းတောင်ကြား ကထွက်လာတာနဲ့ ကျုပ်က သတင်းရပြီလေ"

ရန်ကျားဟုန်က ခေါင်းညိတ်လိုက်၏။

"ကောင်းပြီလေ... ဒါနဲ့ ခင်ဗျားကိုမေးရမယ်"

လင်းနို့ဂိုဏ်းချုပ်က....

"ပြောပါ"

ရန်ကျားဟုန်က....

"ကျုပ်ညီမလေး ဘယ်မှာလဲ"

လင်းနို့ဂိုဏ်းချုပ်က....

"သူ ဘယ်မှာလဲဆိုတာ ကျုပ် မပြောနိုင်ဘူး... ဒါပေမယ့် သူ့အတွက် ဘာမှထည့်မတွက်ပါနဲ့"

ရန်ကျားဟုန်က....

"ကျုပ် အခု ကျုပ်ညီမနဲ့ကွမ်းချီယင်းကို တွေ့ရမှဖြစ်မယ်"

လင်းနို့ဂိုဏ်းချုပ်က....

"ကောင်းပြီ... ကွမ်းချီယင်းကတော့ တခြားတာန်ထမ်း ဆောင်ဖို့ထွက်သွားပြီ... မင်းညီမကိုတော့ တွေ့ခွင့်ရှိပါတယ်"



ရန်ကျားဟုန်က....

"ဒါဖြင့် ကျုပ် ညီမကိုခေါ်ပေးပါ"

လင်းနို့ဂိုဏ်းချုပ်က လက်တစ်ဖက်မြှောက်လိုက်၏။

လင်းနို့အဖွဲ့သားတစ်ယောက်က ထူးခြားသောအသံဖြင့် လေချွန်လိုက်လေတော့သည်။

"ရှီး... ရှီး...."

လေချွန်သံသည် ဝန်းကျင်တစ်ခုလုံး ပဲ့တင်ထပ်သွား၏။

အော်သံထွက်သွားသည်နှင့် သစ်ပင်များကြားမှ လှုပ်ရှားမှု ကို တွေ့လိုက်ရ၏။

လင်းနို့အဖွဲ့သားနှစ်ယောက်သည် ရန်ချင်းဟွားအား တစ် ဖက်တစ်ချက်စီတွဲကာ ထွက်လာ၏။

ရန်ကျားဟုန်က စိုးရိမ်သွား၏။

သူမတွင် ဒဏ်ရာဒဏ်ချက်မရှိသော်လည်း ခန္ဓာကိုယ်မှာ ခွန်အားမရှိသလိုပျော့ခွေကာ သတိလစ်နေသည်ကို တွေ့လိုက်ရ၏။

သူ့ရင်ထဲတွင် လှုပ်ရှားသွား၏။

"ညီမလေး...."

သူကအော်ကာ ရန်ချင်းဟွားထံ ပြေးသွားရန် ဟန်ပြင်လိုက် ၏။

သို့သော်....

"ရပ်လိုက်"

ဟန့်တားသံနှင့်အတူ လူ(၄)ယောက်က သူ၏သွားလမ်းအား ပိတ်ဆို့ထားလိုက်၏။

"ဟား... ဟား... ဟား"

လင်းနို့ဂိုဏ်းချုပ်က ရယ်မောလိုက်၏။

"သိပ်လည်းစိတ်မပူပါနဲ့ ရန်ကျားဟုန်"

သူက ရန်ချင်းဟွားအား တစ်ချက်ကြည့်ကာ စကားဆက်လိုက်၏။

"မင်း ညီမက သိပ်ခေါင်းမာတယ်... သူ့ရဲ့သိုင်းပညာကလည်းမြင့်မားတော့ ကျုပ်လူတွေမထိခိုက်ရအောင် ဆေးတစ်လုံးကျွေးထားတာပါ"

ရန်ကျားဟုန်မှာ ဒေါသခြောင်းခြောင်းထွက်လာ၏။

"ခင်ဗျား... ကျုပ်ညီမကို ဘာဆေးတွေကျွေးထားတာလဲ"

လင်းနို့ဂိုဏ်းချုပ်က....

"ကျုပ်ကျွေးထားတဲ့ဆေးက ခုခံတိုက်ခိုက်ဖို့အားအင်မရှိတာကလွဲရင် ဘာအန္တရာယ်မှမရှိပါဘူး"

ရန်ကျားဟုန်သည် ရန်ချင်းဟွားအား တစ်ချက်ကြည့်လိုက်၏။

ထို့နောက် အံတင်းတင်းကြိတ်ကာ.....

"ကောင်းပြီ... ကျုပ် ခင်ဗျားခိုင်းတဲ့အတိုင်းလုပ်ပါ့မယ်...



ကျုပ်ညီမကို ဘာမှထိခိုက်အောင်မလုပ်ပါနဲ့... အကယ်၍ ကျုပ်ညီမ တစ်စုံတစ်ခုဖြစ်ခဲ့မယ်ဆိုရင် ခင်ဗျားတို့အားလုံးကို မြေမြှုပ်ပစ်မယ်... နားလည်ထား"

ဟု ကြိမ်းမောင်းလိုက်၏။

သူကပြောပြီး ချာခနဲလှည့်ထွက်လိုက်၏။

မြင်းချည်ထားသည့်နေရာအရောက်တွင် မြင်းပေါ်တက်ကာ နုံးစိုင်းထွက်ခွာသွားလေတော့သည်။

လင်းနို့ဂိုဏ်းချုပ်က သူ၏နောက်ကျောအား ရူးရှစွာ စိုက်ကြည့်နေလေတော့သည်။

## အယောင်ဆောင်သူတောင်းစား

ရန်ကျားဟုန်သည် စိတ်ဓာတ်ကျနေ၏။

သူသည် ယခင်တည်းခိုခဲ့သော တည်းခိုခန်းဆီသို့ပြန်ရောက်လာ၏။

ဆိုင်လုလင်က အခန်းအပ်ကာပြန်သွားသောသူ့အား မှတ်မိ၏။

"ဟင်... အစ်ကိုလေး... မပြန်ဖြစ်ဘူးလား"

ရန်ကျားဟုန်က....

"ဟုတ်တယ်... ဒါနဲ့ ငါနေခဲ့တဲ့အခန်းအားသေးလား"

ဆိုင်လုလင်က ခေါင်းညိတ်လိုက်၏။

"ဟုတ်ကဲ့"

ရန်ကျားဟုန်က....

"ငါ အဲ့ဒီအခန်းမှာနေမယ်"

ဆိုင်လုလင်က....



"ရတယ် အစ်ကိုလေး"

သူက ငွေသိမ်းစားပွဲသို့သွားကာ သော့တွဲအား ယူလိုက်၏။

ထို့နောက် ဆိုင်လုလင်က အခန်းဆီသို့ရှေ့မှ ဦးဆောင်ခေါ်သွားကာ တံခါးဖွင့်ပေးလိုက်၏။

ရန်ကျားဟုန်က အခန်းထဲသို့လှမ်းဝင်လိုက်၏။

ဆိုင်လုလင်က ဦးညွတ်ကာ....

"အစ်ကိုလေး... ဘာသုံးဆောင်ဦးမလဲ"

ရန်ကျားဟုန်က....

"မစားတော့ဘူး... မနက်ကျမှစားမယ်... အခု ငါပင်ပန်းလာလို့ အနားယူတော့မယ်"

"ကောင်းပါပြီ"

သူက အခန်းထဲမှပြန်ထွက်သွား၏။

ရန်ကျားဟုန်သည် ခုတင်ပေါ်သို့ပစ်လှဲကာ အနားယူလိုက်လေတော့သည်။

ရန်ကျားဟုန်သည် ခုတင်ပေါ်တွင်ပစ်လှဲကာ အနားယူလိုက်၏။

သို့သော် စိတ်ကအနားမယူနိုင်သေးပါ။ ခုတင်ပေါ်တွင် ဘယ်ညာလူးလိမ့်ကာ စဉ်းစားနေ၏။

သူ့ဘဝတွင် ယခုကဲ့သို့ အကျပ်ကိုင်သောအခြေအနေမျိုးနှင့် ကြုံတွေ့ခဲ့ဖူးခြင်းမရှိခဲ့ပါ။

ထို့ကြောင့် သူ့ရင်ထဲတွင် ခံပြင်းနေ၏။

လင်းနို့နှစ်ယောက်လက်ထဲတွင်ရှိသော ညီမဖြစ်သူ ရန်ချင်းဟွား၏ပုံစံအားကြည့်ကာ စိတ်မကောင်းဖြစ်နေ၏။

သူ့မျက်ဝန်းအစုံတွင် မျက်ရည်များရစ်ဝဲလာ၏။

သူတို့မောင်နှမနှစ်ယောက်သည် မိဘများသေဆုံးသွားကတည်းက မခွဲအတူချစ်ချစ်ခင်ခင်နေထိုင်ခဲ့၏။

သူက အဖြစ်အပျက်များကိုစဉ်းစားရင်း အိပ်မပျော်နိုင်ဖြစ်နေ၏။

ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေသဖြင့် သူ့အသက်ရှူသံကိုပင် ပြန်ကြားနေရ၏။

ရန်ကျားဟုန်က မျက်မှောင်ကုတ်သွား၏။ အသက်ရှူသံမှာ နှစ်ခု ဖြစ်နေ၏။

ဤအခန်းထဲတွင် သူ့အပြင် တခြားလူရှိနေပြီဟု နားလည်လိုက်၏။

သူကသေချာစေရန် အသက်အောင့်ထားလိုက်၏။

သို့သော် ခုတင်အောက်မှ အခြားအသက်ရှူသံကို ကြားလိုက်ရ၏။

သူကဓားအားဆွဲထုတ်ကာ ခုတင်အောက်သို့ခုန်ဆင်းလိုက်၏။



"ဟေ့... ခုတင်အောက်က ဘယ်သူလဲ... ထွက်ခဲ့စမ်း"

ဟု အော်ဟစ်လိုက်၏။

သူ့အသံအဆုံးတွင် ခုတင်အောက်မှလူတစ်ယောက်လှိမ့်ထွက်လာ၏။

သူတောင်းစားတစ်ယောက်ဖြစ်၏။

တစ်ကိုယ်လုံး စုတ်ပြတ်သော အဝတ်အစားများဝတ်ဆင်ထားသော်လည်း ထိုသူတောင်းစား၏လှုပ်ရှားမှုမှာ အလွန်လျင်မြန်သဖြင့် အဆင့်မြင့်သိုင်းသမားဖြစ်မှန်း သိနိုင်၏။

ရန်ကျားဟုန်က ထိုလူ၏ရင်ဝအား ဓားဖြင့်ထောက်ထားရင်း....

"ပြောစမ်း... မင်း ဘယ်သူလဲ"

ထိုသူတောင်းစားက နှုတ်ခမ်းအားလက်ညှိုးဖြင့် ကန့်လန့်ဖြတ်ထားလိုက်၏။

"မအော်ပါနဲ့ဗျာ... ကျုပ်က အရေးကြီးလို့ ခင်ဗျားနဲ့တွေ့ရအောင် အခုလိုပုန်းပြီး လာစောင့်နေတာပါ"

ထိုသူတောင်းစား၏အသံအား ကြားလိုက်ရသောအခါ ရန်ကျားဟုန်က အံ့အားသင့်သွားလေတော့သည်။

ရန်ကျားဟုန်သည် သူတောင်းစားအား အံ့အားသင့်စွာ

ကြည့်မိ၏။

"မင်း... မင်း..."

သူက အလွန်ပင် စိတ်လှုပ်ရှားနေ၏။ သူတောင်းစားက ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်... ကျုပ်ပါ..."

ထိုသူတောင်းစားမှာ ကွမ်းချိုယင်းပင်ဖြစ်၏။

ရန်ကျားဟုန်သည် ဒေါသခြောင်းခြောင်းထွက်လာကာ...

"အတော်ပဲ... လူယုတ်မာ... မင်းကို ငါသတ်မယ်"

ဟု အော်ငေါက်လိုက်၏။

ကွမ်းချိုယင်းက ခေါင်းငုံ့ထားလိုက်၏။

သူ၏မျက်နှာပေါ်တွင် ဝမ်းနည်းကြေကွဲသောအရိပ်အယောင်များ ဖြစ်ပေါ်လာ၏။

"စိတ်မဆိုးပါနဲ့ဗျာ... ကျုပ်က ခင်ဗျားပြောသလိုပဲ လူယုတ်မာတစ်ယောက်ပါ... ကျုပ်က အမေနဲ့ညီမရဲ့အသက်ကို ကယ်တင်ချင်လို့ အခုလိုမလွှဲမရှောင်သာ လုပ်လိုက်ရတာပါ"

ရန်ကျားဟုန်က မဲ့ပြုံးပြုံးလိုက်၏။

"ဘာပဲဖြစ်ဖြစ်... မင်းကို ငါသတ်မယ်"

ကွမ်းချိုယင်းက သက်ပြင်းချလိုက်၏။

"ကျုပ်ကိုသတ်ချင်ရင် သတ်ပါ... ဒါပေမယ့် ခင်ဗျား ကျုပ်ကိုသတ်လို့ ဘာအကျိုးမှမရှိပါဘူး... ဒါကြောင့် ကျုပ်က ခင်ဗျားနဲ့လာတွေ့တာပါ"



ရန်ကျားဟုန်က မျက်မှောင်ကုတ်သွား၏။

"မင်းက ဘာကိစ္စတွေ့ချင်ရတာလဲ"

ကွမ်းချိုယင်းက...

"ကျုပ်က အကျိုးအကြောင်းကိုရှင်းပြချင်လို့ပါ"

ကွမ်းချိုယင်း၏စကားကြောင့် ရန်ကျားဟုန်က တွေဝေသွား၏။

သူက ကွမ်းချိုယင်း၏စကားအား နားထောင်ခြင်းဖြင့် အကျိုးမယုတ်နိုင်ကြောင်း ကောင်းစွာ နားလည်လိုက်၏။

ထို့ကြောင့် သူက ဓားအား ဖယ်လိုက်၏။

"မင်း တကယ်ပြောနေတာလား"

ဟု မေးလိုက်၏။

ကွမ်းချိုယင်းက ခေါင်းညိတ်လိုက်၏။

"တကယ်ပါဗျာ... ကျုပ်က မိသားစုအတွက်သာမဟုတ်ရင် ဒီလိုလူတစ်ယောက်မဟုတ်ဘူးဆိုတာ ခင်ဗျားအသိဆုံးပါ"

ရန်ကျားဟုန်က မျက်မှောင်ကုတ်ကာ...

"မင်းက ဘာကြောင့် ငါ့ကိုကြိုမပြောတာလဲ"

ဟု အပြစ်တင်လိုက်၏။

ကွမ်းချိုယင်းက...

"ကျုပ်က ကြိုတင်ပြောလို့မရဘူး... ခင်ဗျားညီမကို သူတို့လက်ထဲရောက်အောင်မပို့ရင် ကျုပ်အမေနဲ့ညီမကိုသတ်ပစ်မယ်လို့ ခြိမ်းခြောက်ထားပါတယ်"

ရန်ကျားဟုန်က ခေါင်းခါယမ်းလိုက်၏။

"ဒီကိစ္စကို မင်း ငါ့ကိုအရင်တိုင်ပင်သင့်တယ်… ကဲ… အခု မင်းက ငါ့ညီမကို သူတို့ဆီပို့လိုက်တော့ကော သူတို့က မင်းညီမနဲ့အမေကိုလွှတ်လိုက်ပြီလား"

ကွမ်းချိယင်းက….

"မလွှတ်သေးပါဘူးဗျာ… သူတို့ကမသတ်ဘဲ ဒီအတိုင်းဆက်ချုပ်ထားတုန်းပါပဲဗျာ"

သူကပြောပြီး စိတ်ပျက်လက်ပျက်ဖြင့် ခုတင်ပေါ်တွင် ဝင်ထိုင်လိုက်၏။

ရန်ကျားဟုန်က သူ့အား စိုက်ကြည့်ကာ….

"မင်းအမေနဲ့တွေ့ခဲ့ရလား"

ကွမ်းချိယင်းက ခေါင်းညိတ်လိုက်၏။

"တွေ့ခဲ့ရပါတယ်ဗျာ… ကျုပ်က ခင်ဗျားညီမကိုသွားပို့တော့ သူတို့က ခဏတွေ့ခွင့်ပေးပါတယ်"

ရန်ကျားဟုန်က လေပူတစ်ချက်မှုတ်ထုတ်လိုက်၏။

သူက စိတ်ပျက်စွာ ခေါင်းခါယမ်းကာ….

"မင်းလုပ်ပုံက မဟုတ်သေးပါဘူးကွာ… အခုဆိုရင် မင်းအမေနဲ့ညီမတင်မဟုတ်ဘူး… ငါ့ညီမပါ သူတို့လက်ထဲရောက်နေပြီ… ဘယ်လိုလုပ်ကြမလဲ"

ကွမ်းချိယင်းက….

"ကျုပ်က အဲ့ဒီကိစ္စကိုတိုင်ပင်ချင်လို့ ခင်ဗျားဆီကိုတိတ်တိတ်လေး လာခဲ့တာပေါ့ဗျာ"



ရန်ကျားဟုန်က မျက်မှောင်ကုတ်ကာ….

"မင်းမှာ ဘာအကြံရှိလို့လဲ"

ဟု မေးလိုက်၏။

ကွမ်းချိယင်းက မဖြေဘဲ သူ့အား ပြန်မေးလိုက်၏။

"အခု သူတို့က ခင်ဗျားကို လူတစ်ယောက်ဖမ်းနိုင်သေးလား"

ရန်ကျားဟုန်က ခေါင်းညိတ်လိုက်၏။

"ဖမ်းနိုင်တယ်"

ကွမ်းချိယင်းက….

"ဘယ်သူ့ကိုလဲ"

ရန်ကျားဟုန်က….

"ခရေပန်းသခင်မရဲ့သမီး"

ကွမ်းချိယင်းက သူ့အား စိုက်ကြည့်လိုက်၏။

"ခင်ဗျားက သူတို့ခိုင်းတဲ့အတိုင်း လုပ်မလို့လား"

ရန်ကျားဟုန်က သက်ပြင်းချလိုက်၏။

သူက ခုတင်တစ်ဖက်စွန်းတွင် ဝင်ထိုင်ကာ….

"ငါ့ညီမအတွက် မလွှဲမရှောင်သာတော့ လုပ်ရတော့မှာပေါ့… ငါလည်း လူယုတ်မာဖြစ်တော့မှာပဲ"

ကွမ်းချိယင်းက….

"အင်း… ခင်ဗျားက ကျုပ်နဲ့ဘဝတူဖြစ်နေပြီ… ဒါကြောင့်

ခေါင်းအေးအေးထားပြီး စဉ်းစားကြတာပေါ့"

ရန်ကျားဟုန်က ခေါင်းညိတ်လိုက်၏။

"မင်းမှာ ဘယ်လိုအကြံရှိလို့လဲ"

ကွမ်းချီယင်းက မချိပြုံးပြုံးလိုက်၏။

"အကြံဉာဏ်မထွက်တဲ့အပြင် သူတို့ခိုင်းထားတဲ့တာဝန်တစ်ခုကို ထမ်းဆောင်ရဦးမယ်"

ရန်ကျားဟုန်က မျက်မှောင်ကုတ်ကာ....

"မင်းကို ဘာတာဝန်ထပ်ပေးလိုက်တာလဲ"

ကွမ်းချီယင်းက....

"သေတွင်းပို့နေသလိုပါပဲဗျာ... ကြယ်တံခွန်နန်းတော်က သခင်မလေးကို သွားဖမ်းပေးရမယ်"

"ဘာ...."

ရန်ကျားဟုန်က မျက်လုံးပြူးသွား၏။

ကြယ်တံခွန်နန်းတော်မှာ သိုင်းလောကတွင် အလွန်ကျော်ကြား၏။

မည်သူ့ကိုမျှ ရန်မစသလို ရန်စလာသူကိုလည်း အသက်ရှင်ခွင့်မပေးသောနေရာဖြစ်၏။

သူက ကွမ်းချီယင်းအား စိုက်ကြည့်ကာ....

"မင်း တကယ်သွားဖမ်းမှာလား"

ကွမ်းချီယင်းက....

"ဒါကတော့ ကျုပ်အမေနဲ့ညီမကိုမကယ်နိုင်ရင် သွားရတော့မှာပေါ့"



ရန်ကျားဟုန်က ခေါင်းခါယမ်းလိုက်၏။

"သူတို့မလွှတ်ပေးတိုင်းသာ ထပ်ဖမ်းနေရရင်တော့ ဘယ်ဖြစ်မလဲ... တစ်ခုခုတော့ နည်းလမ်းရှာရမှာပေါ့"

ကွမ်းချီယင်းက ခုတင်ပေါ်မှထရပ်လိုက်၏။

ထို့နောက် အခန်းထဲတွင် ဟိုသည်လျှောက်ကာ....

"ကျုပ် စဉ်းစားနေခဲ့တာ အတော်ကြာပါပြီဗျာ... ဒါပေမယ့် ဘယ်လိုမှစဉ်းစားမရအောင် ဖြစ်နေတယ်"

ဟု ပြောလိုက်၏။

ရန်ကျားဟုန်က မျက်မှောင်ကုတ်လိုက်၏။

သူက တစ်စုံတစ်ရာအား စဉ်းစားမိကာ....

"ဒါနဲ့ သူတို့ဌာနချုပ် ဘယ်မှာရှိသလဲသိလား"

ဟု မေးလိုက်၏။

ကွမ်းချီယင်းက ခေါင်းခါယမ်းလိုက်၏။

သူက ခံပြင်းသောလေသံဖြင့်....

"မသိလို့ ငြိမ်နေရတာပေါ့ဗျာ... နို့မဟုတ်လို့ကတော့ ကျုပ်အသက်သေချင်သေပါစေ... သူတို့ကိုသွားကယ်မှာပါ"

ဟု ပြောလိုက်၏။

ရန်ကျားဟုန်က....

"သူတို့ရဲ့ဌာနချုပ်က ခိုင်ဖုံးမြို့မှာပဲရှိမယ်ထင်တယ်"

ကွမ်းချီယင်းက....

ကွမ်းချိုယင်းက....

"ကျုပ်လည်း အဲ့ဒီလိုထင်တယ်... ဒါပေမယ့် နိုင်ဖုံးမြို့က အလွန်ကျယ်ဝန်းတဲ့အတွက်ရှာဖို့မလွယ်ဘူး... နောက်ပြီး ဘယ်သူ့ဆီကမှလည်း စုံစမ်းလို့မရဘူး"

ရန်ကျားဟုန်က အနည်းငယ်စဉ်းစားကာ....

"ဒါဖြင့် အခု မင်းက သူတို့ပေးလိုက်တဲ့တာဝန်ကို ထမ်းဆောင်ဦးမယ်ပေါ့"

ဟု မေးလိုက်၏။

ကွမ်းချိုယင်းက ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်"

ရန်ကျားဟုန်၏မျက်နှာတည်ကြည်သွား၏။ သူက ဆက်မေးလိုက်၏။

"တကယ်လို့ မင်းမသွားရင် သူတို့သိနိုင်မလား"

ကွမ်းချိုယင်းက ပြုံးလိုက်၏။

"သိတာပေါ့ဗျာ... သူတို့က ကျုပ်ကိုအမြဲတမ်း စောင့်ကြည့်နေကြတာပဲ"

ရန်ကျားဟုန်က မျက်မှောင်ကုတ်ကာ....

"မင်း ဒီကိုလာတာ သူတို့သိမှာပေါ့"

ကွမ်းချိုယင်းက....

"ကျုပ်က အခု သူတောင်းစားလိုရုပ်ဖျက်လာတယ်လေ... သူတို့မသိနိုင်ဘူးထင်တယ်"



ဟု ပြောလိုက်၏။

ရန်ကျားဟုန်က နှုတ်ခမ်းတစ်ချက်ကိုက်လိုက်၏။

"မင်းပြောတဲ့အတိုင်းဆိုရင် ကျုပ်က ခရေပန်းတောင်ကြားကိုမသွားလို့ မဖြစ်ဘူးပေါ့"

ကွမ်းချိုယင်းက....

"ဟုတ်တယ်"

ရန်ကျားဟုန်က မဲ့ပြုံးပြုံးလိုက်၏။

"အဲ့ဒါဆိုကောင်းတယ်"

ကွမ်းချိုယင်းက....

"ဘာကောင်းတာလဲ"

ရန်ကျားဟုန်က....

"သူတို့က ငါ့နောက်ကိုလူလွှတ်ပြီးနောက်ယောင်ခံလိုက်နိုင်းရင်တော့ ငါ့အတွက် အခွင့်အရေးပဲ"

ကွမ်းချိုယင်းက....

"ခင်ဗျားက ဘာဖြစ်လို့ပြောနိုင်တာလဲ"

ဟု ပြန်မေးလိုက်၏။

ရန်ကျားဟုန်က ရယ်မောကာ....

"ဒီလိုပါ... သူတို့က အခုအချိန်မှာ ငါ့ကိုသားကောင်လိုသဘောထားပြီး နောက်ယောင်ခံလိုက်မယ်... အဲ့ဒီတော့...."

ကွမ်းချိုယင်းက....

"အဲ့ဒီတော့ ဘာဖြစ်သလဲ"

ရန်ကျားဟုန်က....

"အဲ့ဒီတော့ ငါက သူတို့ကိုပြန်ပြီး ဒုက္ခကောင်းကောင်းပေးနိုင်တာပေါ့ကွ"

ကွမ်းချီယင်းက သူ့အားစိုက်ကြည့်ကာ....

"ခင်ဗျားမှာ ဘာအကြံရှိလို့လဲ"

ရန်ကျားဟုန်က သူ့အနားသို့တပ်ကာ တီးတိုးပြောလိုက်၏။

နားထောင်နေရင်း ကွမ်းချီယင်း၏မျက်လုံးများ တောက်ပနေ၏။

ရန်ကျားဟုန်၏စကားဆုံးသောအခါ သူ၏လက်မထောင်၍....

"ခင်ဗျား အကြံကောင်းတယ်"

သူတို့သည် တိုင်ပင်မထားဘဲပြိုင်တူရယ်မောလိုက်လေတော့သည်။

"ဟား... ဟား... ဟား"

ကွမ်းချီယင်း ပြန်သွားပြီဖြစ်၏။

ရန်ကျားဟုန် အိပ်မပျော်သေးပါ။ ညီမဖြစ်သူအား စိုးရိမ်နေသဖြင့် ကောင်းကောင်းအိပ်မပျော်ပါ။

နံနက်လင်းသည်နှင့် သူက တည်းခိုခန်းမှထွက်ကာ နိုင်ဖုံးမြို့



ထဲမှထွက်ခွာလာ၏။

သူက မြင်းအား အေးဆေးစွာပင် မှန်မှန်စီးနေ၏။

ညနေဆည်းဆာအချိန်တွင် သူက ထိုက်ပေ့စန်းတောင်၏ တောင်ခြေသို့ရောက်ရှိလာ၏။

ဤနေရာတစ်ဝိုက်သည် လူသွားလူလာ အလွန်နည်းပါး၏။ ထို့ကြောင့် အလွန်လည်း တိတ်ဆိတ်၏။

ရန်ကျားဟုန်သည် မြင်းအား ဖြည်းညင်းစွာပင် စီးနင်းနေ၏။

ထိုသို့စီးနင်းရင်း သူက နောက်သို့မကြာခဏ ကြည့်နေ၏။ သူ့နောက်မှ တစ်စုံတစ်ယောက်လိုက်ပါလာမည်ဟု မျှော်လင့်ထား၏။

သို့သော် ခရီးသွားနေသော လူရိပ်လူယောင်ကိုပင် မတွေ့ရပါ။ မျှော်လင့်သလိုဖြစ်မလာသဖြင့် သူက စိတ်ပျက်သွား၏။

ထိုစဉ်....

"ဗိုး...."

လေတိုးသံနှင့်အတူ သစ်ပင်တစ်ပင်ပေါ်မှ လူတစ်ယောက် ခုန်ဆင်းလာ၏။

အသက်(၅၀)ခန့်ရှိသော အဘိုးအိုတစ်ယောက်ဖြစ်၏။

အဘိုးအို၏လက်ထဲတွင် ဝါးစိမ်းတုတ်တစ်ချောင်းကိုင်ထား၏။

အဘိုးအိုက မြေပေါ်သို့ခြေချမိသည်နှင့် ဝါးစိမ်းတုတ်နှင့်ရန်

ကျားဟုန်အား ရိုက်ချလိုက်၏။

ရန်ကျားဟုန်က မြင်းပေါ်မှ ကမန်းကတန်းခုန်ဆင်းကာ ဓားအား လျင်မြန်စွာ ဆွဲထုတ်လိုက်၏။

"ချွင်...."

သူက အဘိုးအိုအားကြည့်ကာ....

"ကျုပ်ကို ဘာဖြစ်လို့တိုက်ခိုက်ရတာလဲ"

ဟု နားမလည်နိုင်စွာ မေးလိုက်၏။

အဘိုးအိုက မဖြေဘဲ....

"မင်းက ရန်ကျားဟုန်မဟုတ်လား"

ဟု ပြန်မေးလိုက်၏။

ရန်ကျားဟုန်က....

"ဟုတ်ပါတယ်... ခင်ဗျားကဘယ်သူလဲ"

အဘိုးအိုက အေးတိအေးစက်ဖြင့်....

"မင်း သိစရာမလိုဘူး"

ရန်ကျားဟုန်က....

"ထားပါတော့... ဒါဖြင့် ခင်ဗျားနဲ့ကျုပ်နဲ့မသိဘဲ ဘာကြောင့် တိုက်ခိုက်ရတာလဲ"

အဘိုးအိုက....

"ကျုပ်တပည့်အတွက် မင်းကိုလာဆုံးမတာ"

ရန်ကျားဟုန်က သူ့အား မျက်မှောင်ကုတ်၍ကြည့်လိုက်၏။ ထိုအဘိုးအိုအား သူလုံးဝမသိပါ။



"နေပါဦး... ခင်ဗျားတပည့်က ဘယ်သူလဲဗျ"

ဟု မေးလိုက်၏။

အဘိုးအိုက....

"ကြွေဗေဒင်လေ... မင်းက မသိဟန်ဆောင်မနေပါနဲ့"

ဟု အော်ငေါက်လိုက်၏။

ရန်ကျားဟုန်က....

"သြော်... ကြွေဗေဒင်ရဲ့ဆရာကိုး"

သူကပြောပြီး နှာခေါင်းရှုံ့လိုက်၏။

အဘိုးအိုက....

"ဟုတ်တယ်... ကျုပ်က ဝါးဗေဒင်ပဲ... အခု မင်းကိုဆုံးမဖို့ လာတာကွ"

ရန်ကျားဟုန်က မဲ့ပြုံးပြုံးကာ....

"ကြွေဗေဒင်က သေသင့်နေတဲ့လူပဲ... သူက ကျုပ်ညီမကို စော်ကားဖို့ကြံလို့ ကျုပ်က ဆုံးမလိုက်တာ... မသတ်ဘဲ လက်တစ်ဖက်ပဲဖြတ်တာ ကံကောင်းတယ်မှတ်ပါ"

အဘိုးအိုက အံတင်းတင်းကြိတ်လိုက်၏။

"ဘာပဲဖြစ်ဖြစ်... ကျုပ်တပည့်ကို လက်ဖြတ်လိုက်တဲ့အတွက် မင်းကိုကလဲ့စားချေဖို့ ကျုပ်လိုက်ရှာနေတာကြာပြီ... ခိုင်ဖုံးမြို့မှာတွေ့ရလို့ မင်းနောက်ကိုကလဲ့စားချေဖို့ လိုက်လာတာကွ"

ရန်ကျားဟုန်က....

"ကဲ... အခု ခင်ဗျား ဘာလုပ်ချင်သလဲ"

အဘိုးအိုက....

"မင်းရဲ့လက်တစ်ဖက်ကို ပြန်ဖြတ်ချင်တယ်"

ဟု ပြတ်သားစွာ ပြောလိုက်၏။

"ဟား... ဟား... ဟား"

ရန်ကျားဟုန်က ရယ်မောလိုက်၏။

အဘိုးအိုက....

"မင်းက ဘာရယ်တာလဲ"

ရန်ကျားဟုန်က....

"ခင်ဗျား ဒီအချိန် ကျုပ်ဆီလာတာ ကံဆိုးတာပဲ"

အဘိုးအိုက....

"မင်းက ဘာကိုဆိုလိုတာလဲ"

ရန်ကျားဟုန်က....

"ကျုပ်က ဒီရက်ပိုင်းမှာ အင်မတန် ဒေါသကြီးနေတယ်... အလကားနေရင်း လူသတ်ချင်နေတာဗျ"

အဘိုးအိုက ဒေါသခြောင်းခြောင်းထွက်လာ၏။

"မင်းကလား ငါ့ကိုသတ်နိုင်မှာ...."

သူကပြောပြီး ရန်ကျားဟုန်အား စတင်တိုက်ခိုက်လိုက်၏။

ဝါးစိမ်းတုတ်အား ဝှေ့ယမ်းကာ ရန်ကျားဟုန်၏ရင်ဝသို့ ပြင်းပြင်းထန်ထန် တိုက်ခိုက်လိုက်၏။

သူ၏တိုက်ခိုက်မှုမှာ အလွန်လျင်မြန်လှ၏။

ထို့ကြောင့် ထိပ်တန်းသိုင်းသမားဖြစ်သည်ကို ရန်ကျားဟုန်



သိလိုက်၏။

သို့သော် သူက မမှုပါ။

အဘိုးအို၏ဝါးစိမ်းတုတ်က သူ၏ရင်ဝသို့ရောက်ရှိခါနီးတွင် သူက ခန္ဓာကိုယ်အား အနည်းငယ်တိမ်းစောင်းပြီး ရှေ့သို့ခြေတစ်လှမ်းတိုးလိုက်၏။

ယင်းနောက် ကန့်လန့်ဖြတ်အနေအထားဖြင့် အဘိုးအို၏ခါးလယ်ဆီသို့ ဖြတ်ရိုက်ချလိုက်၏။

သူ၏သိုင်းကွက်မှာ ထူးဆန်းလှ၏။

အဘိုးအိုမှာ ရှေ့သို့ဆက်မတိုးရဲဘဲ နောက်သို့ကမန်းကတန်း ခုန်၍ ရှောင်တိမ်းလိုက်၏။

သူက မြေပေါ်သို့ခြေဖျားထောက်ကာ ရုတ်တရက် ခန္ဓာကိုယ်အားလှည့်၍ ဝါးစိမ်းတုတ်ဖြင့် ရိုက်ချလိုက်၏။

ရန်ကျားဟုန်က နောက်သို့ခုန်ဆုတ်လိုက်၏။

တစ်ဆက်တည်းမှာပင် သူ၏ဓားက အဘိုးအို၏ညာဘက်သို့ ထိုးသွင်းလိုက်၏။

အဘိုးအိုက ညာဘက်သို့ ခြေ(၃)လှမ်းခန့် ဆုတ်သွားရ၏။

ရန်ကျားဟုန်က ရှေ့သို့တိုးကာ တိုက်ခိုက်လိုက်လေသည်။

တစ်ဆက်တည်းမှာပင် သိုင်းကွက်(၇)ကွက်တိတိ တိုက်ခိုက်လိုက်၏။

အဘိုးအိုသည် ခန္ဓာကိုယ်အား ယိမ်းယိုင်ကာ သူ၏တိုက်ခိုက်မှုအားရှောင်တိမ်းလိုက်ပြီး ချက်ချင်းပင် တုံ့ပြန်တိုက်ခိုက်လိုက်

၏။

သူတို့သည် မိမိတို့၏သိုင်းပညာများကို အစွမ်းကုန်ထုတ်၍ ပြင်းပြင်းထန်ထန်တိုက်ခိုက်ကြရာ နောက်ဆုံးတွင် နှစ်ဦးစလုံး လူရိပ်နှစ်ခုအဖြစ်သာတွေ့မြင်ရပြီး သဲသဲကွဲကွဲ မမြင်တွေ့ရတော့ချေ။



## နောက်ယောင်ခံ

လူရိပ်နှစ်ရိပ်သည် ပြင်းထန်စွာ တိုက်ခိုက်နေ၏။

ဤသို့ဖြင့် သိုင်းကွက်ငါးဆယ်ခန့်ရောက်လာသောအခါ...

"ဖျောက်...."

အသံနှင့်အတူ အဘိုးအို၏ဝါးစိမ်းတုတ်သည် တစ်ပိုင်းကျိုးကာ အဝေးသို့လွင့်စင်သွား၏။

တစ်ချိန်တည်းမှာပင် သူ၏ခြေထောက်က ရန်ကျားဟုန်၏ ဝမ်းဗိုက်သို့ ကန်မိသွား၏။

"ဝုန်း...."

ရန်ကျားဟုန်မှာ မြေပေါ်သို့လဲကျသွား၏။

"ဟား... ဟား... ဟား"

အဘိုးအိုက ရယ်မောလိုက်၏။

သူက ရန်ကျားဟုန်၏ဗိုက်အား ခြေထောက်တစ်ဖက်ဖြင့် နင်းကာ လက်ထဲတွင်ကျန်နေသော ဝါးစိမ်းတုတ်တစ်ပိုင်းဖြင့် ရန်

ကျားဟုန်၏ရင်ဝသို့ ထိုးစိုက်လိုက်၏။

ရန်ကျားဟုန်က မျက်လုံးပြူးသွား၏။

သူက ဓားအား လက်လွှတ်ကာ ခန္ဓာကိုယ်ကိုဘေးသို့လှိမ့်၍ ရှောင်တိမ်းလိုက်၏။

တစ်ဆက်တည်းပင် ထရပ်ရန် ဟန်ပြင်လိုက်၏။

ထိုစဉ် အဘိုးအို၏တုတ်က သူ့ခါးအား ထောက်မိလိုက်၏။

ရန်ကျားဟုန်မှာ ခန္ဓာကိုယ်တစ်ခုလုံးထုံကျဉ်ကာ မြေပေါ်သို့ လဲကျသွားလေတော့သည်။

"ဟား... ဟား... ဟား"

အဘိုးအိုက အားရပါးရရယ်မောလိုက်လေတော့သည်။

"ဟား... ဟား... ဟား"

တိတ်ဆိတ်သောဝန်းကျင်တစ်ခုလုံး အဘိုးအို၏ရယ်မောသံ ပျံ့လွင့်နေ၏။

အဘိုးအိုက ခါးထောက်လိုက်၏။

သူက ရန်ကျာဟုန်အား ငုံ့ကြည့်ကာ....

"ပျံလွှားသိုင်းသမားရန်ကျားဟုန်ဆိုပြီး နာမည်ကျော်ကြားပေမယ့် အလကားပါပဲလားကွာ... အချောင်နာမည်ကျော်လာတာပဲ ဖြစ်မှာ"



ဟု လှောင်ပြောင်လိုက်၏။

ရန်ကျားဟုန်မှာ ခန္ဓာကိုယ်တစ်ခုလုံး ပျော့ခွေသွားကာ အားအင်ချိနဲ့နေသဖြင့် မည်သို့မျှမတတ်နိုင်ဘဲ မြေပေါ်သို့လဲကျနေ၏။

သူက အဘိုးအိုအား ကြည့်နေ၏။

"ဟား... ဟား... ဟား"

အဘိုးအိုက ထပ်မံရယ်မောလိုက်၏။

သူက ရန်ကျားဟုန်၏ဓားအားကိုင်ကာ သူ့အနီးတွင်ထိုင်လိုက်၏။

ထို့နောက် ရန်ကျားဟုန်၏မျက်နှာအား စေ့စေ့ကြည့်ကာ...

"ကဲ... မင်းကို ငါရွေးခွင့်တစ်ခုတော့ပေးမယ်"

ဟု ပြောလိုက်၏။

ရန်ကျားဟုန်က အံတင်းတင်းကြိတ်ကာ အဘိုးအိုအား ကြည့်လိုက်၏။

သူ၏မျက်နှာမှာ အလွန်တင်းမာနေ၏။ အဘိုးအိုက သူ့အား ကြည့်လိုက်၏။

"ကဲ... ပြောစမ်း... မင်းရဲ့ဘယ်ဘက်လက်ကိုဖြတ်ရမလား ... ညာဘက်လက်ကိုဖြတ်ရမလား"

သူကပြောပြီး ရယ်မောလိုက်၏။

"ဟား... ဟား... ဟား"

ရန်ကျားဟုန်က အံတင်းတင်းကြိတ်လိုက်၏။

"ဒီမှာ ခင်ဗျား ကျုပ်ကိုသတ်ချင်ရင်သတ်လိုက်ပါ... ဒါမှမ

ဟုတ်ရင်တော့ ကျုပ်က ခင်ဗျားကိုသတ်ရမယ်”

ဟု အော်လိုက်၏။

အဘိုးအိုက ပြုံးလိုက်၏။

“မင်းက အဲ့ဒီလိုပြောမှတော့ ငါကညာတာလို့ ဘယ်ဖြစ်တော့မလဲ... မင်းကိုပဲသတ်ရတော့မှာပေါ့ကွာ”

ဟု ပြောလိုက်၏။

ထို့နောက် ဓားအားချိန်ဆကာ မြှောက်လိုက်၏။

“ကဲ... သွားပေတော့... သူရဲကောင်းကြီး”

သူက ဓားအား ခုတ်ချလိုက်၏။

ထိုစဉ်....

“ရပ်လိုက်ပါ”

ဟူသောဟန့်တားသံတစ်ခု ထွက်ပေါ်လာ၏။ ဟန့်တားသံနှင့်အတူ လူရိပ်တစ်ရိပ်ရောက်ရှိလာ၏။

အဘိုးအိုက ဓားအား မြှောက်ထားရင်း ထိုလူရိပ်အား ကြည့်လိုက်၏။

ထိုလူမှာ ကုန်သည်ပွဲစားတစ်ယောက်နှင့် တူ၏။

အသက်(၄၀)ကျော်ခန့်ရှိပြီး တန်ဖိုးကြီးမားသော ပိုးကတ္တီပါဝတ်စုံဝတ်ဆင်ထား၏။

သူ၏ခန္ဓာကိုယ်မှာ ပိန်ပိန်ပါးပါးဖြစ်၏။

မျက်လုံးများမှာ မြွေမျက်လုံးကဲ့သို့ဖြစ်ပြီး နှာခေါင်းမှာ အနည်းငယ်ကောက်၏။ ရုပ်ဆိုးသောလူတစ်ယောက်ဖြစ်၏။



ထိုလူအား တွေ့ရသောအခါ အဘိုးအို၏မျက်နှာ ကွက်ခနဲ ပျက်သွား၏။

သူက ဓားအား ကန့်လန့်ဖြတ်အနေအထားဖြင့်ထားကာ...

“မိတ်ဆွေ... သူတစ်ပါးကိစ္စကိုဝင်ပြီး မနှောင့်ယှက်ပါနဲ့... ကိုယ့်ခရီးကိုယ်ဆက်ပါ”

ဟုအေးစက်သောလေသံဖြင့် ပြောလိုက်၏။

ထိုလူက....

“ခင်ဗျားက လူတစ်ယောက်ကိုသတ်ဖို့ကြံစည်နေတာ ဥပဒေက ခွင့်လွှတ်ရမှာလား”

ဟု ပြောလိုက်၏။

အဘိုးအိုက ပြုံးလိုက်၏။

“မင်းက ဘယ်ဆိုးလို့လဲကွ”

သူက ထိုလူအား ခြေဆုံးခေါင်းဆုံးတစ်ချက်ကြည့်ကာ...

“ငါက အခုအသက်(၅၀)ကျော်နေပြီ... နေရာအနှံ့ရောက်ခဲ့ဖူးတယ်... အခုမှပဲ ဥပဒေဆိုတဲ့စကားကို ပထမဆုံးအကြိမ်ကြားရတယ်”

ဟု ပြောလိုက်၏။

ထိုလူက....

“ခင်ဗျားမှားနေပြီ... ဥပဒေဆိုတာ နေရာတိုင်းမှာ အမှန်တကယ်ရှိပါတယ်ဗျာ”

ဟု ပြောလိုက်၏။

အဘိုးအိုက ခါးထောက်လိုက်၏။

သူက ထိုလူအား မျက်မှောင်ကုတ်ကြည့်ကာ....

"မင်းက မင်းမှုထမ်းတစ်ယောက်လား"

ဟု မေးလိုက်၏။

ထိုလူက ခေါင်းခါယမ်းလိုက်၏။

"မဟုတ်ဘူး... ကျုပ်ကမင်းမှုထမ်းမဟုတ်ဘူး... ခရီးကြုံလို့ နိုင်ငံဖုံးမြို့ကိုရောက်နေတဲ့ ကုန်သည်တစ်ယောက်ပါ"

သူ၏ပုံစံမှာ အေးဆေးလှ၏။ အဘိုးအိုက သူ့အား အထင်သေးစွာကြည့်လိုက်၏။

ထို့နောက် နှာခေါင်းရှုံ့ကာ....

"ကုန်သည်တစ်ယောက်က သိုင်းလောကထဲကို ဝင်ရှုပ်လေ့မရှိပါဘူး"

ဟု ပြောလိုက်၏။

ထိုလူက....

"ကျုပ်ကတော့ မတရားတဲ့ကိစ္စ ကိုယ့်ရှေ့မှာကြုံနေရရင် မျက်နှာလွှဲမနေနိုင်ဘူး"

အဘိုးအိုက....

"မင်းက ကုန်သည်ဆိုပေမယ့် သိုင်းပညာတတ်ပုံရတယ်... မင်းရဲ့လှုပ်ရှားမှုကိုကြည့်ရင် သိုင်းပညာအဆင့်မနိမ့်ဘူး"

ထိုလူက ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်... ကျုပ်ရဲ့သိုင်းပညာက အဆင့်မမြင့်ပါဘူး...



ဒါပေမယ့် နိမ့်လည်းမနိမ့်ဘူး"

အဘိုးအိုက မျက်မှောင်ကုတ်သွား၏။ သူက ထိုလူအား မသိပါ။

ထိုလူ၏မျက်နှာအား စေ့စေ့ကြည့်ကာ....

"မင်းနာမည် ဘယ်သူလဲ"

ဟု မေးလိုက်၏။

ထိုလူက ပခုံးတစ်ချက်တွန့်ကာ....

"မလိုအပ်ဘူးထင်တယ်"

အဘိုးအိုက ပြုံးလိုက်၏။

"နာမည်မရှိတဲ့လူက အဖေမပေါ်ဘဲ မွေးလာတာနဲ့အတူတူပဲ"

ဟု ပြောလိုက်၏။

"ဘာ...."

ထိုလူ၏မျက်နှာနီရဲလာ၏။

အဘိုးအို၏စကားကြောင့် အကြီးအကျယ်ဒေါသထွက်လာ၏။

သူက ခါးမှဓားမြှောင်တစ်ချောင်းထုတ်ယူကာ တစ်ချက်ဝှေ့ယမ်းလိုက်၏။

ဓားရောင်တစ်ချက် ဝင်းလက်သွား၏။ သူက ဓားမြှောင်ဖြင့် အဘိုးအိုအား တိုက်ခိုက်လိုက်၏။

အဘိုးအိုက နောက်သို့ဆုတ်ကာ ရှောင်တိမ်းလိုက်၏။

သူက တစ်ဆက်တည်းပင် ပြုံးကာ....

"မိတ်ဆွေ... မင်း ဘယ်သူလဲဆိုတာ ငါ သိသွားပြီ"

ဟု ပြောလိုက်၏။

ထိုလူက တိုက်ခိုက်နေရာမှ တုံ့ခနဲရပ်သွား၏။

သူက အဘိုးအိုအား စိုက်ကြည့်ကာ....

"ခင်ဗျား ဘာပြောတာလဲ"

ဟု မေးလိုက်၏။

အဘိုးအိုက....

"ကျုပ်နာမည်က ဝါးဗေဒင်ကွ... ဒါကြောင့် လူတစ်ယောက်ကိုကြည့်လိုက်တာနဲ့ အဲ့ဒီလူဘယ်သူလဲဆိုတာ ပြောနိုင်တယ်"

ဟု ပြောလိုက်၏။

ထိုလူက အဘိုးအိုအား စိုက်ကြည့်ကာ....

"ကောင်းပြီ... ပြောစမ်း... ကျုပ် ဘယ်သူလဲ"

ဟု အေးတိအေးစက်မေးလိုက်၏။

အဘိုးအိုက ထိုလူ၏မျက်နှာအား အတန်ကြာအောင် စိုက်ကြည့်လိုက်၏။

ပြီးမှ သက်ပြင်းတစ်ချက်ချကာ....

"မင်းအရင်ဘဝတုန်းက ညလူတစ်ယောက်ဖြစ်ခဲ့တယ်"

ဟု ပြောလိုက်၏။

ထိုလူ၏မျက်နှာကွက်ခနဲ ပျက်သွား၏။

"ခင်ဗျား ဘာပြောတာလဲ"



အဘိုးအိုက....

"ညလူဆိုတာ လင်းနို့တစ်ကောင်ကို ပြောတာပါ"

ဟု ပြောလိုက်၏။

ထိုလူက ဒေါသကိုမထိန်းနိုင်တော့ပါ။

အံတင်းတင်းကြိတ်ကာ....

"ခင်ဗျား ဘာတွေလျှောက်ပြောနေတာလဲ... ဒီမှာကြည့်စမ်း"

ဟုပြောပြီး ဓားအား ဝှေ့ယမ်းလိုက်၏။

"ယား...."

သူကညာသံသွင်းအော်ဟစ်ကာ အဘိုးအိုအား တိုက်ခိုက်ရန်ဟန်ပြင်လိုက်၏။

အဘိုးအိုကလည်း ပြန်လည်တိုက်ခိုက်ရန် ဟန်ပြင်လိုက်၏။

ထိုစဉ် မြေပေါ်တွင်လဲကျနေသော ရန်ကျားဟုန်က....

"မိတ်ဆွေ... ဒီလူရဲ့သိုင်းပညာကမြင့်တယ်... ခင်ဗျားမလွယ်ဘူး... ကျုပ် သွေးကြောအရင်ဖွင့်ပေးပါ... အတူရင်ဆိုင်ကြမယ်"

ဟု ကျယ်လောင်စွာ အော်လိုက်၏။

အဘိုးအိုက....

"တိတ်စမ်း... မင်းတို့နှစ်ယောက်စလုံးကို ငါသတ်မယ်"

ဟု အော်ငေါက်လိုက်၏။

ထိုစဉ် ကုန်သည်က မစဉ်းစားတော့ပါ။ ရန်ကျားဟုန်အနီးသို့ လျင်မြန်စွာ ချဉ်းကပ်လိုက်၏။

ထို့နောက် အဘိုးအိုအား မျက်တောင်မခတ်စိုက်ကြည့်နေရင်း ရန်ကျားဟုန်၏သွေးကြောအား ဖွင့်ပေးရန် ဟန်ပြင်လိုက်၏။

ရုတ်တရက် ရန်ကျားဟုန်သည် ထိုလူ၏လက်ကောက်ဝတ်အား ဖမ်းဆုပ်ကာ နောက်သို့လိမ်ချိုးလိုက်၏။

ထိုလူက ထိတ်လန့်သွား၏။

"ဟေ့လူ... ခင်ဗျား ဘာလုပ်တာလဲ"

"ဟား.. ဟား... ဟား"

ရန်ကျားဟုန်က ရယ်မောကာ....

"ကျုပ်က လင်းနို့ကိုဖမ်းလိုက်တာလေ"

ဟု ပြောလိုက်၏။

ထိုလူ၏မျက်နှာမည်းသွား၏။

ယခုမှပင် ရန်ကျားဟုန်တို့၏ ထောင်ချောက်ပရိယာယ်ထဲသို့ ကျသွားသည်ကို နားလည်လိုက်၏။

"ဩော်... မင်းတို့က နှစ်ယောက်ပေါင်းပြီး ငါ့ကိုဖမ်းတာကိုး"

ဟု ခံပြင်းစွာ ပြောလိုက်၏။

အဘိုးအိုက ရယ်မောကာ သူတို့အနီးသို့လျှောက်လာ၏။

"ဟုတ်တယ်... ကျုပ်တို့က ဒီလိုမှမလုပ်ရင် ဒီလိုညနေအချိန်အလင်းရောင်ရှိတုန်း လင်းနို့ကို ဘယ်ဖမ်းမိတော့မှာလဲ"

ဟု ပြောလိုက်၏။

ထိုလူက အဘိုးအိုအား စိုက်ကြည့်ကာ....



"ခင်ဗျား ဘယ်သူလဲ"

ဟု မေးလိုက်၏။

"ဟား... ဟား.... ဟား"

အဘိုးအိုက ရယ်မောလိုက်၏။

"ကျုပ်ကိုမေးတာလား... ကျုပ်က...."

သူ၏စကားမဆုံးမီ ရန်ကျားဟုန်က ကြားဖြတ်ကာ....

"သူက ဝါးဒေဗင်ပေါ့"

သူကပြောပြီး အဘိုးအိုအား မျက်လုံးတစ်ဖက်မှိတ်ပြလိုက်၏။

အဘိုးအိုက....

"ဟုတ်တယ်... ကျုပ်ကဝါးဗေဒင်ပဲ"

ဟု ပြောလိုက်လေတော့သည်။

ဝါးဗေဒင်....။

အမှန်တော့ ကြွေဗေဒင်နှင့်ဝါးဗေဒင်ဆိုသူမှာ သိုင်းလောကတွင်မရှိပါ။

အဘိုးအိုမှာ ကွမ်းချီယင်းက ရုပ်ဖျက်ထားခြင်းဖြစ်၏။

သူသည် ရန်ကျားဟုန်၏အကြံဖြင့် ရန်ကျားဟုန်၏နောက်တွင် နောက်ယောင်ခံစောင့်ကြည့်နေသော လင်းနို့အဖွဲ့သားအား ဖမ်း

မိရန် တိုင်ပင်လုပ်ဆောင်ကြခြင်းဖြစ်၏။

ထိုလူမှာ လင်းနို့အဖွဲ့ဝင်ဖြစ်ပြီး လင်းနို့ဂိုဏ်းချုပ်၏ တာဝန်ပေးချက်အရ ရန်ကျားဟုန်နောက်သို့ လိုက်ပါစောင့်ရှောက်နေခြင်းဖြစ်၏။

တစ်နည်းဆိုရလျှင် ရန်ကျားဟုန်၏လှုပ်ရှားမှုကိုစောင့်ကြည့်ရန် တာဝန်ယူရသူဖြစ်၏။

သူက အဘိုးအိုမှာ ကွမ်းချီယင်းဖြစ်မှန်းမသိပါ။

သူက ရန်ကျားဟုန်အားကြည့်ကာ အံတင်းတင်းကြိတ်ထား၏။

"ရန်ကျားဟုန်...."

ရန်ကျားဟုန်က သူ့အား မေးဆတ်ပြလိုက်၏။

ထိုလူက....

"ကျုပ် မင်းကိုမေးပါရစေ"

ရန်ကျားဟုန်က ခေါင်းညိတ်လိုက်၏။

"မေးပါ"

ထိုလူက....

"မင်းက ကျုပ်ကိုအခုလိုဖမ်းချုပ်လိုက်တာနဲ့ မင်းညီမကို ကယ်တင်နိုင်မယ် ထင်နေသလား".

ဟု မေးလိုက်၏။

ရန်ကျားဟုန်က ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်... ကျုပ် အဲဒီလိုပဲထင်တယ်"



ဟု ပြောလိုက်၏။

ထိုလူက မဲ့ပြုံးပြုံးကာ....

"လင်းနို့ဂိုဏ်းချုပ်က ကျုပ်ဆီက သတင်းပို့ချက်ရောက်မလာရင် မင်းညီမကိုသတ်မယ်ဆိုတာ မင်းမတွေးမိဘူးလား"

ဟု ပြောလိုက်၏။

ရန်ကျားဟုန်က ပြုံးကာ....

"ခင်ဗျားကရိုက်မစစ်ဘဲ ဝန်ခံနေတာကို... ကောင်းတယ်"

ကွမ်းချီယင်းက ပတ်ဝန်းကျင်အား တစ်ချက်ဝေ့ကြည့်လိုက်၏။

"ရန်ကျားဟုန်... ကျုပ်တို့ကို သူတို့စောင့်မကြည့်ဘူးလို့ မပြောနိုင်ဘူး... တစ်နေရာသွားကြမယ်"

ဟု အကြံပေးလိုက်၏။

"ဟုတ်တယ်"

ရန်ကျားဟုန်က ထောက်ခံလိုက်၏။

သူသည် ထိုလူအား သွေးကြောပိတ်ကာ မြင်းပေါ်သို့တင်လိုက်၏။

ထို့နောက် မြင်းပေါ်သို့ခုန်တက်ကာ ထွက်ခွာသွား၏။

ကွမ်းချီယင်းမှာလည်း သစ်ပင်နောက်တွင်ဝှက်ထားသော မြင်းအားယူကာ ရန်ကျားဟုန်နောက်သို့ လိုက်ပါသွားလေတော့သည်။

အလင်းရောင် တဖြည်းဖြည်းလျော့ပါးသွား၏။

အမှောင်ထုက အစားထိုးဝင်ရောက်လာ၏။

ထိုက်ပေစန်းတောင်အနီးတစ်ဝိုက်တွင် အလွန်ပင်တိတ်ဆိတ်နေ၏။

ရန်ကျားဟုန်သည် တောအုပ်တစ်ခုသို့ဝင်ရောက်ကာ မြင်းပေါ်မှ ဆင်းလိုက်၏။

ထို့နောက် သွေးကြောပိတ်ထားသော လင်းနီအဖွဲ့သားအား မြင်းပေါ်မှဆွဲချလိုက်၏။

တစ်ဖန် ဝန်းကျင်တစ်ခုလုံးအား အကဲခတ်လိုက်၏။

အနီးတစ်ဝိုက်တွင် လူနေသောအရိပ်အယောင် လုံးမတွေ့ရပါ။

သူက ကွမ်းချီယင်းဘက်လှည့်ကာ....

"ဒီနားမှာ လူနေအိမ်ခြေရှိသလား"

ဟု မေးလိုက်၏။

ကွမ်းချီယင်းက....

"လုံးဝမရှိဘူး"

ရန်ကျားဟုန်က....



"တကယ်လို့ ဒီမှာနေပြီးဝက်တစ်ကောင်ကိုသတ်လို့ ဝက်အော်သံထွက်လာရင် ဘယ်သူမှကြားနိုင်မှာမဟုတ်ဘူးပေါ့"

ကွမ်းချီယင်းက....

"ဟုတ်တယ်"

ရန်ကျားဟုန်က....

"ကောင်းတယ်"

သူကပြောပြီး ဓားဆွဲထုတ်လိုက်၏။

"ချွင်..."

ထို့နောက် လင်းနီအဖွဲ့သားအနီးတွင် ထိုင်ချလိုက်၏။

သူက ဓားအား ထိုလူ၏လည်ပင်းပေါ်တွင် ထောက်လိုက်၏။

"ကဲ... မိတ်ဆွေ... အခုကစပြီး ခင်ဗျားအသက်က ကျုပ်လက်ထဲမှာရှိတယ်... ကျုပ်မေးတာကို မှန်မှန်ဖြေရမယ်... တကယ်လို့ မဖြေရင် ဒါမှမဟုတ် မမှန်မကန်ဖြေရင် နားရွက်နှစ်ဖက်ဖြတ်မယ်"

ကွမ်းချီယင်းက ကြားဖြတ်ပြောလိုက်၏။

"နားရွက်ဖြတ်ပြီးလို့မှမဖြေရင် နှာခေါင်းဖြတ်မယ်... မျက်လုံးဖောက်ထုတ်မယ်... လက်ချောင်းတွေခြေချောင်းတွေကိုဖြတ်မယ်"

ဟု ပြောလိုက်၏။

ရန်ကျားဟုန်က....

"မင်းက တော်တော်အကြံကောင်းပေးတာပဲ... ဟုတ်တယ်

... ကျုပ်ညီမကိုကယ်တင်ဖို့ မင်းပြောတဲ့အတိုင်းလုပ်ရမယ်"

ထိုလူက....

"မင်းတို့လက်ထဲရောက်နေမှတော့ ကျုပ်သေရမှာပဲ... ဘာကြောင့် မင်းတို့မေးတာဖြေရမှာလဲ"

ဟု အေးစက်စက်ပြောလိုက်၏။

ရန်ကျားဟုန်က ခေါင်းခါယမ်းလိုက်၏။

"မဟုတ်ဘူး... ကျုပ်မေးတာကို ခင်ဗျားက မှန်မှန်ကန်ကန်ဖြေမယ်ဆိုရင် ခင်ဗျားကိုမသတ်ဘူး"

ထိုလူက ဘာမှမပြောပါ။

ရန်ကျားဟုန်က စကားဆက်လိုက်၏။

"တကယ်ပါ... ကျုပ်မေးတာကိုမှန်မှန်ဖြေပါ... မသတ်ဘူးလို့ကတိပေးပါတယ်"

ထိုလူက အနည်းငယ်စဉ်းစားကာ....

"ကောင်းပြီလေ... ခင်ဗျားက ဘာမေးမှာလဲ"

ရန်ကျားဟုန်က....

"ခင်ဗျားနာမည်...."

ထိုလူက....

"အန်းကူ...."

ရန်ကျားဟုန်က....

"လင်းနို့ဂိုဏ်းမှာ ဘယ်အဆင့်လဲ"

အန်းကူက....



"တတိယအဆင့်"

ရန်ကျားဟုန်က....

"လင်းနို့ဂိုဏ်းမှာ အဆင့်ဘယ်နှစ်ဆင့်ရှိလဲ"

အန်းကူက....

"လေးဆင့်"

ရန်ကျားဟုန်က....

"ပထမအဆင့်က...."

အန်းကူက....

"ဂိုဏ်းချုပ်ကြီးပါ... ဝတ်ရုံပေါ်မှာ လင်းနို့ပုံကို ငွေချည်နဲ့ထိုးထားတယ်"

ရန်ကျားဟုန်က ခေါင်းညိတ်လိုက်၏။

"ဒုတိယအဆင့်က...."

အန်းကူက....

"ဝတ်ရုံပေါ်မှာ အဖြူရောင်ချည်ထိုးထားတယ်... အဲ့ဒီဝတ်ရုံခြုံရတဲ့လူ(၄)ယောက်ပဲ ရှိတယ်"

ရန်ကျားဟုန်က....

"တတိယအဆင့်ကကော...."

အန်းကူက....

"ကျုပ်ပြောရင် ခင်ဗျားယုံမှာလား"

ရန်ကျားဟုန်က....

"ပြောပါ"

အန်းကူက....

"တတိယအဆင့် လင်းနို့တွေက ဝတ်စုံမဝတ်ရဘူး... သူတို့က နောက်ယောင်ခံလိုက်တဲ့အဆင့်ပဲ... ဘယ်သူက လင်းနို့ဆိုတာ တတိယအဆင့်အချင်းချင်းတောင် မသိဘူး... ဂိုဏ်းချုပ်ကြီးပဲသိတယ်"

ရန်ကျားဟုန်က ခေါင်းညိတ်လိုက်၏။

"စတုတ္ထအဆင့်ကကော...."

အန်းကူ....

"ခင်ဗျားလည်း တွေ့ဖူးမှာပေါ့... သာမန်အနက်ရောင်ဝတ်စုံပဲ ဝတ်ဆင်ကြတယ်"

ရန်ကျားဟုန်က သူ့အားစိုက်ကြည့်ကာ....

"လင်းနို့အဖွဲ့မှာ လူအင်အားဘယ်လောက်ရှိသလဲ"

အန်းကူက....

"ကျုပ် အတိအကျမသိဘူး... ဒါပေမယ့် လင်းနို့အဖွဲ့သားတွေက နေရာအနှံ့မှာရှိတယ်... သာမန်လူလိုပဲ နိုင်ဖုံးမြို့ထဲမှာ လှုပ်ရှားကျင်လည်ကြတယ်... ကျုပ်တို့လိုတတိယအဆင့်ကတော့ အဲ့ဒီလို လင်းနို့တွေကို အမြဲစောင့်ကြည့်ရတာပေါ့... အင်အားဘယ်လောက်ရှိတယ်ဆိုတာတော့ ကျုပ်လည်း မသိဘူး"

ရန်ကျားဟုန်က....

"ဂိုဏ်းချုပ်က ဘယ်သူလဲ"

အန်းကူက ခေါင်းခါယမ်းလိုက်၏။



"မသိဘူး"

ရန်ကျားဟုန်၏မျက်နှာတည်ကြည်သွား၏။

သူက အန်းကူအား စိုက်ကြည့်ကာ....

"ခင်ဗျား နားရွက်ဖြတ်ချင်သလား"

အန်းကူက မျက်နှာပျက်သွားကာ....

"ကျုပ် အမှန်ပြောနေတာပါ... သူ့ရဲ့မျက်နှာကို ဘယ်သူကမှ မမြင်ဖူးဘူး... ဒါကြောင့် ဘယ်သူမှန်းမသိပါဘူး"

ရန်ကျားဟုန်သည် အန်းကူက လိမ်ညာနေခြင်းမဟုတ်မှန်း နားလည်လိုက်၏။

သူကမျက်မှောင်ကုတ်ကာ....

"ဒါဖြင့် သူက ခင်ဗျားတို့ကို ဘယ်လိုဆက်သွယ်သလဲ"

အန်းကူက....

"သူက တာဝန်ပေးစရာရှိရင် လူလွှတ်ပြီး အိမ်အထိလာခေါ်ပါတယ်... တာဝန်ပြီးရင် ကိုယ့်အိမ်ကိုယ်ပြန်ကြရပါတယ်"

ရန်ကျားဟုန်က....

"ခင်ဗျားတို့က အဖွဲ့အစည်းဆိုပေမယ့် တစုတစည်းတည်းနေတာ မဟုတ်ဘူးပေါ့"

အန်းကူက....

"ဟုတ်ပါတယ်"

ရန်ကျားဟုန်က....

"ခင်ဗျားက ဘာကြောင့် သူခိုင်းတာကိုလုပ်နေတာလဲ"

အန်းကူက သက်ပြင်းတစ်ချက်ချလိုက်၏။

"သူက ငွေပေးရက်ရောတယ်... ကျုပ်တို့ကို တာဝန်အလျောက် ငွေပေးတယ်... တာဝန်မရှိတဲ့အခါမှာလည်း လတိုင်းငွေတစ်ရာကျော်ပေးတယ်လေ... လိုအပ်လို့ ဟန်ပြလုပ်ငန်းလုပ်ရရင်လည်း အမြတ်ငွေခွဲပေးတယ်"

ရန်ကျားဟုန်က အန်းကူ၏မျက်နှာအား စေ့စေ့ကြည့်လိုက်၏။

"ခင်ဗျားပြောတာ အားလုံးအမှန်တွေပဲလား"

အန်းကူက ခေါင်းညိတ်လိုက်၏။

"အမှန်ပါ"

ရန်ကျားဟုန်က....

"ခင်ဗျားတို့ဌာနချုပ်က ဘယ်မှာလဲ"

အန်းကူက....

"ဌာနချုပ်ကတော့ ခိုင်ဖုံးမြို့မှာပဲရှိပါတယ်... ဒါပေမယ့် နေရာအတိအကျကို ဘယ်သူမှ...."

သူ၏စကားမဆုံးမီ ရန်ကျားဟုန်က....

"နားရွက်ပြတ်ချင်ပြီလား"

ဟု အေးတိအေးစက်မေးလိုက်၏။

အန်းကူက မျက်လုံးပြူးသွား၏။

"မ... မလုပ်ပါနဲ့... ကျုပ် တကယ်မသိတာပါ"

ဟု တောင်းပန်လိုက်၏။



ရန်ကျားဟုန်က....

"သေချာလား"

အန်းကူက....

"တကယ်ပါဗျာ... ခင်ဗျားကသာ အတင်းအကျပ်နားရွက်ဖြတ်မယ်ဆိုရင် ကျုပ်လိမ်ပြောမိပါလိမ့်မယ်"

ဟု ပြောလိုက်၏။

ရန်ကျားဟုန်က အန်းကူအား စိုက်ကြည့်လိုက်၏။ ပြီးမှ ခေါင်းညိတ်ကာ....

"ကောင်းပြီလေ... ခင်ဗျားကိုတစ်ခုထပ်ပေးဦးမယ်"

အန်းကူက....

"မေးပါ"

ရန်ကျားဟုန်က....

"လင်းနို့အဖွဲ့ရဲ့ရည်ရွယ်ချက်က ဘာလဲ"

အန်းကူက....

"ကျုပ်လည်း နည်းနည်းပဲသိပါတယ်"

ရန်ကျားဟုန်က ခေါင်းညိတ်လိုက်၏။

"သိသလောက်ပဲပြောပါ"

အန်းကူက....

"သူတို့က ငွေအကြီးအကျယ်ရမယ့်ကိစ္စတစ်ခုကို ကြံစည်နေတယ်... ဒါပေမယ့် ဘယ်လိုအကြံအစည်လဲဆိုတာတော့ မသိဘူး"

ရန်ကျားဟုန်က မျက်မှောင်ကုတ်ကာ....

"ခင်ဗျားက လင်းနို့အဖွဲ့ဝင်ဖြစ်ပြီး ဘာမှမသိဘူးဆိုတာ ကျုပ်က ယုံရမှာလား"

အန်းကူက....

"ကျုပ်သိသမျှပြောပြီးပြီ... မသိတဲ့ကိစ္စကို ဘယ်လိုပြောနိုင်မှာလဲ"

ရန်ကျားဟုန်က....

"လင်းနို့ရဲ့ လှုပ်ရှားမှုကိုပြောစမ်း"

အန်းကူက....

"သူတို့က အချောဆုံးအလှဆုံး မိန်းကလေးဆယ်ယောက်ကို အရေးတကြီးစုနေတယ်"

ရန်ကျားဟုန်က စိတ်ဝင်စားလာ၏။

"ဘာလုပ်ဖို့လဲ"

အန်းကူက....

"အဲ့ဒီမိန်းကလေးတွေကိုအသုံးချပြီး ကြီးကျယ်တဲ့အကြံအစည်ကို ကြံစည်နေတယ်... ဒီ့ထက်ပိုပြီတော့ ကျုပ် မသိဘူး"

ရန်ကျားဟုန်က ဒေါသထွက်လာ၏။

သို့သော် သူက ဒေါသကိုထိန်းချုပ်ကာ....

"အခု သူတို့ကို ဘယ်မှာချုပ်ထားသလဲ"

အန်းကူက သက်ပြင်းချလိုက်၏။

"ခင်ဗျားက ကျုပ်မဖြေနိုင်တဲ့မေးခွန်းတွေပဲ ဘာကြောင့်မေးနေရတာလဲဗျာ"



ရန်ကျားဟုန်မှာ ဒေါသကိုမထိန်းနိုင်တော့ပါ။ အန်းကူ၏ ပေါင်အား ဓားဖြင့် ထိုးစိုက်လိုက်၏။

"အား...."

အန်းကူမှာ နာကျင်သဖြင့် ရူးရူးမိုက်မိုက်အော်လိုက်၏။

ရန်ကျားဟုန်က ခက်ထန်စွာဖြင့်....

"ပြောစမ်း"

အန်းကူ၏မျက်နှာတစ်ခုလုံး ရှုံ့မဲ့ကာ....

"ကျုပ်မသိတဲ့ကိစ္စကို ဘယ်လိုပြောပြရမှာလဲ"

ရန်ကျားဟုန်သည် အန်းကူ တကယ်မသိမှန်း နားလည်လိုက်၏။

သူက စိတ်ကိုထိန်းကာ....

"ကောင်းပြီ... ကျုပ် ထပ်ပေးမယ်... ဒီအဖြေကိုတော့ ခင်ဗျားသိမှာသေချာတယ်... မှန်မှန်မပြောရင် ကျုပ် သတ်ပစ်မယ်"

အန်းကူက ခေါင်းညိတ်လိုက်၏။

"ကျုပ်သိရင်တော့ ဖြေပါ့မယ်"

ရန်ကျားဟုန်က....

"ခင်ဗျားမှာကိစ္စရှိရင် လင်းနို့ဂိုဏ်းချုပ်ကို ဘယ်လိုဆက်သွယ်ရသလဲ"

ဟု မေးလိုက်၏။

အန်းကူက သက်ပြင်းချလိုက်၏။

"ခင်ဗျားက တကယ်ပဲ ကျုပ်မဖြေနိုင်တာကိုမေးတာကိုး"

ရန်ကျားဟုန်က ဓားဖြင့် ထပ်ဓိတိုက်ခိုက်ရန် ဟန်ပြင်လိုက်၏။

"နေပါဦးဗျာ"

အန်းကူက ဟန့်တားလိုက်၏။

ရန်ကျားဟုန်က ဘာမှမပြောဘဲ သူ့အား စိုက်ကြည့်နေ၏။

အန်းကူက ပြုံးကာ....

"ကျုပ်တို့တွေက ဂိုဏ်းချုပ်ကိုဘယ်တော့မှ အရင်မဆက်သွယ်ရဘူး... ဂိုဏ်းချုပ်ကြီးက ဘယ်လိုဆက်သွယ်ရမယ်ဆိုတာ တစ်ခါမှမပြောဖူးဘူး"

သူက စကားဆက်လိုက်၏။

"ဒါပေမယ့် ဒီတစ်ခါ ကျုပ်က ခင်ဗျားကိုခြေရာခံလိုက်နိုင်ဖို့ ခို(၁၀)ကောင် ပေးထားပါတယ်... ကျုပ်က ခင်ဗျားရဲ့အခြေအနေကို နှစ်ရက်တစ်ကြိမ် သတင်းပို့ရမယ်လို့ အမိန့်ပေးထားပါတယ်"

ရန်ကျားဟုန်က....

"ဒါဖြင့် တကယ်လို့ ခင်ဗျားဆီက ခိုတွေ သူ့ဆီရောက်မလာရင် တစ်ခုခုဖြစ်နေပြီလို့ သတ်မှတ်ကြမှာပေါ့ ဟုတ်လား"

အန်းကူက....

"ဟုတ်တယ်"

ရန်ကျားဟုန်က....

"အဲ့ဒီလိုဆိုရင် ကျုပ်ညီမကိုသတ်ကြမှာပေါ့"

အန်းကူက ခေါင်းညိတ်လိုက်၏။



"ဟုတ်ပါတယ်"

ရန်ကျားဟုန်၏မျက်နှာတင်းမာခက်ထန်လာ၏။

"ကျုပ်ညီမသေရင် ခင်ဗျားမလွယ်ဘူးဆိုတာ နားလည်ထားပါ"

သူ့အသံမှာ အေးစက်တင်းမာနေ၏။

အန်းကူက ပြုံးကာ....

"အဲ့ဒါတကယ်လို့ ခင်ဗျားထင်သလား"

ရန်ကျားဟုန်က မဖြေဘဲ....

"ခင်ဗျားကော ဘယ်လိုထင်သလဲ"

ဟု ပြန်မေးလိုက်၏။

အန်းကူက....

"သူတို့ကဩြမ်းခြောက်ရုံလို့ ထင်ပါတယ်"

ရန်ကျားဟုန်က မျက်မှောင်ကုတ်ကာ....

"ဘာဖြစ်လို့လဲ"

အန်းကူက....

"ဒီလိုပါ... ခင်ဗျားညီမရှိနေမှသာ ခင်ဗျားကိုအကျပ်ကိုင်လို့ရမှာပေါ့"

ရန်ကျားဟုန်က....

"အင်း... ခင်ဗျားပြောတာလည်း ဟုတ်တာပဲ... ဒါနဲ့ခိုဆယ်ကောင်ကို ဘယ်မှာထားသလဲ"

အန်းကူက....

"စောစောကနေရာမှာပါ… ကျုပ်ပုန်းနေတဲ့နေရာမှာပေါ့"

ရန်ကျားဟုန်က ကွမ်းချီယင်းအား ကြည့်လိုက်၏။ သူ၏အကြည့်ကို ကွမ်းချီယင်းက နားလည်လိုက်၏။

"ကျုပ် သွားရာလိုက်ဦးမယ်"

ရန်ကျားဟုန်က….

"ကောင်းပြီ"

ကွမ်းချီယင်းသည် ထိုနေရာမှချက်ချင်း ထွက်ခွာသွားလေတော့သည်။



စာပို့ဒိ

အမွေးတိုင်တစ်တိုင်ခန့် အချိန်ကုန်သွား၏။

မကြာမီ ကွမ်းချီယင်း ပြန်လည်ရောက်ရှိလာ၏။ သူ့လက်ထဲတွင် ခိုလှောင်အိမ်တစ်လုံးပါလာ၏။

လှောင်အိမ်အား အနက်ရောင်အဝတ်စဖြင့် အုပ်ထား၏။

ရန်ကျားဟုန်က အဝတ်စအား ဖယ်ရှားပြီး ခိုများအား ရေတွက်လိုက်၏။

"တစ်… နှစ်… သုံး… လေး… ငါး… ခြောက်… ရှစ်… ကိုး"

သူက မျက်မှောင်ကုတ်သွား၏။

"ခင်ဗျားတစ်ကောင် လွှတ်လိုက်ပြီလား"

အန်းကူက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်"

ရန်ကျားဟုန်က….

"ဘယ်လိုသတင်းပို့လိုက်သလဲ"

အန်းကူက....

"ရန်ကျားဟုန် အနောက်ဘက်သို့ဦးတည်နေတယ်... တခြားလှုပ်ရှားမှုမရှိပါလို့ သတင်းပို့ထားပါတယ်"

ရန်ကျားဟုန်က အတန်ကြာအောင်ပင် စဉ်းစားလိုက်၏။ ပြီးမှ ကွမ်းချိယင်းဘက်လှည့်ကာ....

"သူ့ကို ဘယ်လိုလုပ်မလဲ"

ကွမ်းချိယင်းက ပြုံးလိုက်၏။

"ထိုက်ပေ့စန်းတောင်အလယ်လောက်မှာ ကျုပ်မိတ်ဆွေတစ်ယောက် ရှိတယ်... အဲ့ဒီမှာခဏချုပ်ထားရင်ကောင်းမယ်"

ရန်ကျားဟုန်က....

"ကောင်းပြီ... အဲ့ဒီကိုသွားမယ်"

သူက အန်းကူအား မြင်းပေါ်သို့တင်ကာ ဆွဲခေါ်သွားလေတော့သည်။

လဝန်းထိန်ထိန်သာနေ၏။

ထိုက်ပေ့စန်းတောင်၏ တောင်ခါးပန်းတစ်နေရာတွင် ဝါးလုံးကြီးများဖြင့် ဆောက်လုပ်ထားသော တဲအိမ်လေးတစ်လုံးရှိ၏။

ကွမ်းချိယင်းက....

"အဲ့ဒါ ကျုပ်မိတ်ဆွေအိမ်ပဲ... အခြေအနေသွားကြည့်လိုက်



ဦးမယ်"

သူကပြောပြီး ခိုလှောင်အိမ်လေးချကာ ဝါးအိမ်လေးထဲသို့ဝင်လိုက်၏။

တစ်ခဏအကြာတွင် ပြန်ထွက်လာပြီး ရန်ကျားဟုန်အားလက်ယပ်ခေါ်လိုက်၏။

ရန်ကျားဟုန်က ခိုအိမ်အားတစ်ဖက်တွင်ကိုင်ကာ မြင်းအားဆွဲ၍ တဲအိမ်လေးထဲသို့ဝင်လိုက်၏။

ကွမ်းချိယင်းက မြင်းပေါ်မှအန်းကူအား ပခုံးပေါ်တင်ကာ အိမ်ထဲသို့ ဝင်လိုက်၏။

အိမ်ကလေးထဲတွင် အသက်(၆၀)ခန့် အဘိုးအိုတစ်ယောက်ထိုင်နေ၏။

စားပွဲပေါ်တွင် မီးအိမ်တစ်လုံးထွန်းထား၏။

ကွမ်းချိယင်းက ရန်ကျားဟုန်အား ညွှန်ပြကာ....

"ဦးလေးရှူး.... သူက ကျွန်တော့်သူငယ်ချင်းပါ... ရန်ကျားဟုန်လို့ခေါ်ပါတယ်"

ရန်ကျားဟုန်က ပြုံးပြလိုက်၏။

ဦးလေးရှူးက ပြုံးကာ....

"အခုပဲ ကွမ်းချိယင်းက လင်းနို့ဂိုဏ်းအကြောင်းပြောပြပါတယ်... ဒါကြောင့် မင်းတို့ဖမ်းလာတဲ့လင်းနို့ကို ကျုပ်ဆီမှာအပ်ထားခဲ့ပါ... ကျုပ် စောင့်ကြည့်ပေးပါ့မယ်"

ရန်ကျားဟုန်က ခေါင်းညိတ်ကာ....

"ကျေးဇူးတင်ပါတယ်ဗျာ... သူ့ကိုချုပ်ထားဖို့ အခန်းရှိရဲ့လား မသိဘူး"

ဟု မေးလိုက်၏။

ဦးလေးစူးက ရယ်မောကာ....

"အချုပ်ခန်းမလိုပါဘူးကွာ... သူ့ကိုအိမ်တိုင်မှာ ချည်ထားလိုက်ရင်ပြီးတာပါပဲ"

သူက အတွင်းခန်းထဲသို့ဝင်ရောက်သွား၏။

ပြန်ထွက်လာသောအခါ လက်ထဲတွင် သံကြိုးတစ်ချောင်းနှင့်ဆေးဘူးတစ်ဘူးပါလာ၏။

ဦးလေးစူးက အန်းကူ၏ခြေထောက်နှစ်ဖက်အား သံကြိုးဖြင့် ချည်နှောင်လိုက်၏။

ထို့နောက် ပေါင်မှဒဏ်ရာအား ဆေးကြောကာ ဆေးထည့်ပေးလိုက်၏။

ကွမ်းချီယင်းက အန်းကူ၏တစ်ကိုယ်လုံးအား ရှာဖွေလိုက်၏။

ထိုအခါ စာရွက်(၉)ရွက်၊ စုတ်တံတစ်ချောင်းနှင့် မင်ဘူးတစ်ဘူးအား တွေ့လိုက်ရ၏။

သူက အန်းကူအား သေးကြောဖွင့်ပေးကာ စာရွက်ပေးလိုက်၏။ တစ်ဖန် စုတ်တံအား မင်ဆွတ်၍ပေးလိုက်၏။

အန်းကူက....

"ဘာလုပ်တာလဲ"



ကွမ်းချီယင်းက....

"မင်း စာရေးလေ"

အန်းကူ၏မျက်နှာရှုံ့မဲ့ကာ....

"ဘာရေးရမှာလဲ"

ကွမ်းချီယင်းက....

"ကျုပ်ပြောသလိုရေးပါ"

အန်းကူက စာရွက်နှင့်စုတ်တံအား ယူကာ....

"ပြောပါ"

ဟု စိတ်မသက်မသာနှင့်ပြောလိုက်၏။

ကွမ်းချီယင်းက....

"ရန်ကျားဟုန် နတ်သမီးတောင်ကုန်းကိုရောက်နေပြီ... ဟခြားလှုပ်ရှားမှုမရှိ...."

ဟု ရွတ်လိုက်၏။

အန်းကူက သူပြောသည့်အတိုင်း ရေးလိုက်၏။ ကွမ်းချီယင်းက ထိုစာရွက်အား ယူလိုက်၏။

သူက နောက်တစ်ရွက်ပေးကာ....

"နောက်တစ်စောင်ရေးပါ"

အန်းကူက မတတ်သာသဖြင့် စာရွက်အားယူကာ ကွမ်းချီယင်းပြောမည့်စကားကို နားစွင့်လိုက်၏။

ကွမ်းချီယင်းက....

"ရန်ကျားဟုန် တာစန်းရဲတိုက်သို့ရောက်ပြီ"

အန်းကူက ရေးပေးလိုက်၏။ ကွမ်းချိယင်းက ထပ်ရွတ်ပြန်၏။

"ရန်ကျားဟန် ခရေပန်းတောင်ကြားရောက်ပြီ... ခရေပန်းသခင်မနဲ့ ဆုံတွေ့ဖို့ကြိုးစားနေတယ်... ဒီကိစ္စအကြောင်းထူးမှ စာထပ်ပို့ပါမယ်"

အန်းကူက ရေးပေးလိုက်၏။

ကွမ်းချိယင်းက အနည်းငယ် စဉ်းစားကာ....

"ရန်ကျားဟုန်က ခရေပန်းသခင်တို့သားအမိနဲ့ တော်တော်ရင်းနှီးနေပြီ... ခရေပန်းသခင်မရဲ့သမီးက ရန်ကျားဟုန်အပေါ် စိတ်ဝင်စားနေတယ်လို့ ထင်ရတယ်"

အန်းကူက လိုက်ရေးလိုက်၏။ ရန်ကျားဟုန်က ဘာမှမပြောဘဲ နားထောင်နေ၏။

ကွမ်းချိယင်းက စာရွက်ချပေးကာ....

"ကဲ... ရေးပါဦး"

သူက အနည်းငယ်စဉ်းစားကာ....

"ရန်ကျားဟုန် အောင်မြင်သွားပြီ... သူက မိန်းကလေးကိုခေါ်ပြီး တောင်ကြားထဲကထွက်လာပြီ"

အန်းကူက ပြောသမျှရေးပေးလိုက်၏။

ကွမ်းချိယင်းက....

"သူတို့ ရှင်းယန်မြို့ကိုရောက်နေပြီ"

အန်းကူက စုတ်တံတွင် မင်ဆွတ်ကာ ရေးပေးလိုက်၏။



ကွမ်းချိယင်းက ထပ်မံရေရွတ်လိုက်၏။

"သူတို့ခိုင်ဖုံးမြို့ကို ဦးတည်နေပြီ"

အန်းကူက ရေးပေးလိုက်၏။ ကွမ်းချိယင်းက ရန်ကျားဟုန်အား တစ်ချက်ကြည့်လိုက်၏။

ထို့နောက် အန်းကူအား စိုက်ကြည့်ကာ.....

"ဒီတစ်ရွက်က အရေးကြီးတယ်... မမှားစေနဲ့...."

အန်းကူက....

"ပြောပါ"

ကွမ်းချိယင်းက....

"ရန်ကျားဟုန်နဲ့မိန်းကလေးကို ကျင်စန်းမြို့မှာ ရန်သူ(၄)ယောက်က ဝိုင်းတိုက်ကြတယ်... ဖမ်းဆီးသွားကြပြီ... ကျင်စန်းမြို့တောင်ဘက် ခိုင်ဖုံးမြို့ပြင်ဆယ်မိုင်အကွာမှာရှိတဲ့ ဘုံကျောင်းမှာချုပ်ထားတယ်... အမြန်ဆုံးသွားကယ်ပါ"

ဟု ဖြည်းညင်းစွာပြောလိုက်၏။

အန်းကူကလည်း တစ်လုံးမှမမှားအောင် ရေးပေးလိုက်၏။

ရန်ကျားဟုန်က နားမလည်နိုင်စွာဖြင့်....

"ဒီတစ်စောင်က ဘာဖြစ်လို့ရေးတာလဲ"

ဟု မေးလိုက်၏။

ကွမ်းချိယင်းက ပြုံးကာ....

"အရေးကြီးရင် သုံးဖို့ပါ"

ရန်ကျားဟုန်က....

"ဘယ်လိုသုံးမှာလဲ"

ကွမ်းချိုယင်းက....

"တကယ်လို့ ခိုင်ဖုံးမြို့မှာ လင်းနို့ဂိုဏ်းကိုရှာမတွေ့ရင် ဒီစာကိုခိုနဲ့ပို့လိုက်ရင် သူတို့လာတွေ့မယ် မဟုတ်လား"

ရန်ကျားဟုန်က ယခုမှသဘောပေါက်သွား၏။

"မင်းက တော်တော်ဉာဏ်ကောင်းတာပဲ"

ကွမ်းချိုယင်းက မချိပြုံးပြုံးလိုက်၏။

"ဒီလိုမထင်ပါနဲ့ဗျာ... ကျုပ်ကသာဉာဏ်ကောင်းရင် ကျုပ်အမေနဲ့ညီမကို လင်းနို့တွေဖမ်းနိုင်မှာမဟုတ်ဘူး"

သူကပြောရင်း လေပူတစ်ချက်မှုတ်ထုတ်လိုက်၏။

ရန်ကျားဟုန်မှာလည်း ညီမဖြစ်သူ ရန်ချင်းဟွားအား ပြန်၍လည်သတိရမိလေတော့သည်။

အခန်းတစ်ခုလုံး တိတ်ဆိတ်နေ၏။

ကွမ်းချိုယင်းက စဉ်းစားနေ၏။ ရန်ကျားဟုန်မှာ ညီမဖြစ်သူအား သတိရကာ ငေးငိုင်နေ၏။

ဦးလေးစူးက....

"ကဲ... မင်းတို့ခိုင်ဖုံးကို ဘယ်တော့ပြန်မှာလဲ"

ကွမ်းချိုယင်းက....



"မနက်လင်းရင် သွားမှာပါ"

ဦးလေးစူးက....

"မင်းတို့ရုပ်ဖျက်ပြီးသွားမှဖြစ်မယ်"

ကွမ်းချိုယင်းက....

"ဟုတ်ပါတယ်"

ဦးလေးစူးက....

"ကျုပ် ကြက်တစ်ကောင်ချက်ထားတယ်... မင်းတို့ညစာစားဖို့ပြင်လိုက်ဦးမယ်"

သူကပြောပြီး အနောက်ဘက်သို့ဝင်သွား၏။

ရန်ကျားဟုန်မှာ ဘာဆက်လုပ်ရမည်ကိုတိုင်ပင်ရင်း ကျန်ခဲ့၏။

တစ်ခဏအကြာတွင် ဦးလေးစူးက သူတို့(၃)ယောက်အား ညစာကျွေးမွေးလိုက်လေတော့သည်။

နံနက်ခင်း....။

နေထွက်သည်နှင့် ရန်ကျားဟုန်တို့နှစ်ယောက်သည် ခိုလှောင်အိမ်အားဆွဲကာ ဦးလေးစူးအား နှုတ်ဆက်၍ထွက်လာခဲ့၏။

ယခု ကွမ်းချိုယင်းမှာ သူတောင်းအဘိုးအိုအသွင် မဟုတ်တော့ပါ။

ဦးလေးစူး၏ အဝတ်အစားများဝတ်ဆင်ကာ ရုပ်ဖျက်ထား၏။

ရန်ကျားဟုန်မှာလည်း အန်းကူ၏ဝတ်စုံကို ဝတ်ဆင်ထားသဖြင့် ကုန်သည်တစ်ယောက်အသွင် ဖြစ်နေ၏။

သူတို့သည် လာခဲ့သည့်လမ်းအတိုင်း ပြန်လည်လျှောက်လာကြ၏။

ရန်ကျားဟုန်က....

"ခိုင်ဖုံးမြို့ကိုရောက်ရင် ဘယ်လိုဆက်လုပ်ကြမလဲ"

ကွမ်းချီယင်းက ခိုလှောင်အိမ်အား မြှောက်ပြကာ....

"ဒီခိုတွေကိုသုံးပြီး လင်းနို့ဂိုဏ်းဌာနချုပ်ကိုလိုက်ရှာကြမှာပေါ့"

ရန်ကျားဟုန်က....

"အန်းကူရေးထားတဲ့စာက(၉)စောင်လား"

"ဟုတ်တယ်လေ"

ရန်ကျားဟုန်က....

"စာပေါ်မှာ နေ့ရက်ရေးထားတယ်မဟုတ်လား"

ကွမ်းချီယင်းက....

"ဟုတ်တယ်"

ရန်ကျားဟုန်က....

"ရက်စွဲတွေပေါင်းကြည့်... ဘယ်နှစ်ရက်လောက်ကြာလဲ"

ကွမ်းချီယင်းက....



"အားလုံးနှစ်ဆယ့်ငါးရက်ကြာတယ်"

ရန်ကျားဟုန်က....

"ကောင်းတယ်... ကျုပ်တို့အချိန်ရတယ်... စာတွေပို့ပြီးလို့မှ အကြောင်းမထူးရင်တော့ ကျုပ်တို့ဘုံကျောင်းပျက်ကိုသွားပြီး ရင်ဆိုင်ဖို့ပဲ ကျန်တော့တယ်"

ကွမ်းချီယင်း....

"ဒီလိုပဲ လုပ်ရတော့မှာပေါ့"

ဟု ပြောလိုက်လေတော့သည်။

ရန်ကျားဟုန်နှင့်ကွမ်းချီယင်းသည် ခိုင်ဖုံးမြို့သို့ ရောက်ရှိလာ၏။

သူတို့သည် အစည်ကားဆုံးလမ်းပေါ်ရှိ အကောင်းဆုံးတည်းခိုခန်းတွင် အခန်းတစ်ခန်းငှားလိုက်၏။

ထို့နောက် အပြင်မထွက်ဘဲ ညနေစောင်းအထိ အခန်းထဲတွင် အနားယူလိုက်၏။

ညစာစားပြီးနောက် ရန်ကျားဟုန်က....

"ငါတို့ခိုစလွှတ်သင့်ပြီထင်တယ်"

ကွမ်းချီယင်းက မတ်တတ်ထရပ်လိုက်၏။

သူက ခိုတစ်ကောင်အားထုတ်ကာ ပထမစာရွက်အား

ခေါက်၍ခိုဏ်ခြေထောက်တွင် ချည်နှောင်လိုက်၏။

ရန်ကျားဟုန်က ခိုအား ကြည့်နေရင်း....

"ကျူပ်တစ်ခု စဉ်းစားမိတယ်"

ကွမ်းချီယင်းက....

"ဘာလဲ"

ရန်ကျားဟုန်က....

"ဒီခိုက လင်းနို့ဂိုဏ်းကဆိုတော့ သူပျံသန်းတဲ့နေရာကိုသိရင် ဂိုဏ်းရဲ့ဌာနချုပ်ကိုသိမှာပေါ့"

ကွမ်းချီယင်းက ပြုံးကာ....

"ခင်ဗျားက ပျံနိုင်လို့လား"

ရန်ကျားဟုန်က....

"ကျူပ်မှာတောင်ပံမှမပါတာ... ဘယ်လိုလုပ်ပျံနိုင်မှာလဲ"

ကွမ်းချီယင်းက....

"ဒါဖြင့် ဘယ်လိုလုပ်လိုက်ကြည့်မှာလဲ"

ရန်ကျားဟုန်က သူ့လက်ထဲမှခိုအား အင်္ကျီလက်အောက်တွင်ဝှက်ကာ ယူလိုက်၏။

"ငါ့နောက်လိုက်ခဲ့ပါ"

သူက ယင်းသို့ပြောပြီး ပန်းဥယျာဉ်ထဲသို့ ထွက်လာ၏။

ကွမ်းချီယင်းက သူ့နောက်မှလိုက်လာ၏။

ရန်ကျားဟုန်က တည်းခိုခန်းအနောက်ဘက်ရှိ ပန်းဥယျာဉ်ရှိရာသို့ လျှောက်သွား၏။



ဥယျာဉ်ထဲရောက်သောအခါ ပတ်ဝန်းကျင်အားတစ်ချက် အကဲခတ်လိုက်၏။

ထို့နောက် မျှော်စင်ကဲ့သို့ရှိနေသော အဆောက်အဦးတစ်ခု၏ ခေါင်မိုးပေါ်သို့တက်သွား၏။

ကွမ်းချီယင်းကလည်း သူ့နောက်သို့လိုက်သွား၏။

ခေါင်မိုးပေါ်ရောက်သောအခါ ဝန်းကျင်တစ်ခုလုံးအား ဝိုဝိုပြင်ပြင် တွေ့မြင်ရ၏။

ရန်ကျားဟုန်သည် အင်္ကျီလက်ထဲတွင် ဝှက်ယူလာသောခိုအား ထုတ်ယူလိုက်၏။

ထို့နောက် အပေါ်သို့မြှောက်ကာ လွှတ်လိုက်၏။

"ကဲ... သွားပေတော့... မင်းရဲ့ဌာနချုပ်ကိုအရောက်သွားပါ"

ခိုကလေးသည် တောင်ပံခတ်ကာ ကောင်းကင်ပေါ်သို့ပျံတက်သွား၏။

ခိုကလေးသည် တည်းခိုခန်းအပေါ်တွင် သုံးလေးပတ်မျှပျံသန်းပြီးနောက် မြောက်ဘက်ရှူးရှူသို့ ဦးတည်ပျံသန်းသွား၏။

ထို့နောက် တဖြည်းဖြည်းဝေးကာ ပျောက်ကွယ်သွား၏။

ရန်ကျားဟုန်နှင့်ကွမ်းချီယင်းမှာ ခိုကလေးအား မျက်စိတစ်ဆုံးကြည့်ရင်း ကျန်ရစ်ခဲ့လေတော့သည်။

နီကလေးသည် ဝေး၍ဝေး၍ နောက်ဆုံးလုံးဝမတွေ့မြင်ရပါ။

ရန်ကျားဟုန်နှင့်ကွမ်းချီယင်းသည် ခေါင်းမိုးပေါ်မှခုန်ဆင်းလိုက်ကြ၏။

ရန်ကျားဟုန်က ကွမ်းချီယင်းအား ပြုံးပြကာ....

"ကဲ... တွေ့ပြီမဟုတ်လား"

ဟု မေးလိုက်၏။

ကွမ်းချီယင်းက ခေါင်းညိတ်လိုက်၏။

"သူတို့ရဲ့ဌာနချုပ်က မြောက်ဘက်မှာရှိတာတော့ သေချာနေပြီ... ဒါပေမယ့် ဘယ်နေရာမှာရှိတယ်ဆိုတာတော့ တိတိကျကျ မသိရသေးဘူး"

ရန်ကျားဟုန်က....

"လွယ်ပါတယ်ကွာ... နောက်တစ်ခါ နီလွှတ်မယ်ဆိုရင် ငါတို့က မြောက်ဘက်ကသွားလွှတ်မယ်... ဒါဆို သူ ဘယ်ကိုသွားတယ်ဆိုတာ အနီးကပ်သိရမှာပေါ့"



သူက စကားဆက်လိုက်၏။

"နောက်တစ်ခါလွှတ်ရင် တခြားနေရာကလွှတ်မယ်... ဒီလိုနဲ့ သူတို့ဌာနချုပ် ဘယ်မှာလဲဆိုတာ အနီးစပ်ဆုံး သိလာရမှာပေါ့"

ကွမ်းချီယင်းက ပြုံးလိုက်၏။

"ခင်ဗျားရဲ့နည်းက ကောင်းလိုက်တာ"

ရန်ကျားဟုန်က....

"အခြေအနေအားလုံး ကောင်းတယ်ဆိုရင် ဆယ်ရက်အတွင်းမှာ လင်းနို့ဂိုဏ်းဌာနချုပ်ကို ရှာတွေ့မှာပေါ့"

ဟု ပြောလိုက်၏။

ကွမ်းချီယင်းက ဝမ်းသာသွား၏။

"ဟုတ်လား... ဒါဆိုရင် ကျုပ်တို့ညီမတွေကို အမြန်ဆုံးကယ် တင်နိုင်မှာပေါ့"

ရန်ကျားဟုန်က ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်... ဒါကြောင့် ကျုပ်တို့က ကြိုးစားရမှာပေါ့ဗျာ"

ကွမ်းချီယင်းက အနည်းငယ် စဉ်းစားလိုက်၏။

"ဒါနဲ့ ကျုပ်တို့နှစ်ယောက်တည်းနဲ့သူတို့ရဲ့အဖွဲ့ကို ဖြိုခွဲနိုင်ပါ့မလား"

ဟု တွေဝေသောလေသံဖြင့် ပြောလိုက်၏။

ရန်ကျားဟုန်က ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်... ကျုပ်လည်း ဒီအတွက်စိုးရိမ်နေတာ... ကျုပ်တို့နှစ်ယောက်တည်းနဲ့တော့ ဖြိုခွဲနိုင်မှာမဟုတ်ဘူး... အင်အားချင်းက လုံးဝမမျှဘူး"

ကွမ်းချိုယင်းက အနည်းငယ် စဉ်းစားလိုက်၏။

"ဒါဖြင့် ကျုပ်တို့ပေါင်ပေ့အာမခံဌာနကို အကူအညီတောင်းရင် မကောင်းဘူးလား"

ရန်ကျားဟုန်က ခေါင်းခါယမ်းလိုက်၏။

"မကောင်းဘူးကွ"

ကွမ်းချိုယင်းက....

"ဘာဖြစ်လို့လဲ"

ရန်ကျားဟုန်က ပြုံးကာ....

"ပေါင်ပေ့က အာမခံဌာနမှူးလေ... သူလိုလူက ဘယ်သူနဲ့မှ ရန်သူဖြစ်ချင်မှာ မဟုတ်ဘူးကွ"

ဟု ပြောလိုက်၏။

ကွမ်းချိုယင်းက ခေါင်းတဆတ်ဆတ် ညိတ်လိုက်၏။

ရန်ကျားဟုန်က စကားဆက်လိုက်၏။

"နောက်ပြီး... အခု ငါတို့ခိုင်ဖုံးမြို့ထဲပြန်ရောက်လာတာ ဘယ်သူမှမသိဘူး... တကယ်လို့ ဒီသတင်းပေါက်ကြားသွားရင် ငါတို့ ဘာမှဆက်လုပ်လို့ရတော့မှာ မဟုတ်ဘူး"



ကွမ်းချိုယင်းက....

"ဒါလည်း ဟုတ်တာပဲ"

ရန်ကျားဟုန်က....

"မင်းမှာပေါင်ပေ့အပြင် တခြားမိတ်ဆွေရှိသလား... ဒီခိုင်ဖုံးမြို့မှာလေ"

ဟု မေးလိုက်၏။

ကွမ်းချိုယင်းက ခေါင်းခါယမ်းလိုက်၏။

"မရှိဘူး"

ရန်ကျားဟုန်က ပခုံးတစ်ချက်တွန့်လိုက်၏။

"ဒါကြောင့် အခြေအနေအရ ကျုပ်တို့ကိုယ်တိုင် ရင်ဆိုင်ရမယ်"

ကွမ်းချိုယင်းက....

"အချိန်တွေရှိပါသေးတယ်... ဒါနဲ့ကျုပ်တို့အပြင်ထွက်ပြီး အခြေအနေကြည့်ဦးမလား"

ဟု မေးလိုက်၏။

ရန်ကျားဟုန်က ပြုံးကာ....

"လောလောဆယ် မလိုသေးဘူးကွ... အခုအရေးကြီးတာ ငါတို့ခရီးပန်းလာတယ်... ပြည့်ပြည့်ဝဝ အနားယူရင်ကောင်းမယ်"

ကွမ်းချိုယင်းက....

"အကောင်းဆုံးပေါ့ဗျာ"

သူတို့သည် ဥယျာဉ်ထဲမှထွက်ကာ တည်းခိုခန်းထဲသို့ပြန်ဝင်လိုက်ကြလေတော့သည်။

(ပထမပိုင်း)ပြီး၏။

(ဒုတိယပိုင်း-ဇာတ်သိမ်း)ကို ဆက်လက်ဖတ်ရှုပါရန်။

နန္ဒကျော်သူ